
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၂၈၇၀၂၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၃၂၉၀၃၀၉ |
| ထုတ်ဝေသူ | - ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) ၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊ တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ဦးဇော်မြင့်ဝင်း (ကာလာဝုန်ပုံနှိပ်တိုက်) ၁၈၄(ဘီ)၊ ၃၁ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - Khit Phone Mo |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် မတ်လ၊ ၂၀၀၉ ခုနှစ် |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၂၀၀၀ ကျပ် |

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅. ၈၃

သတိုးဇော

ညည်းတွားရှိုက်တဲ့ပုံသံ / သတိုးဇော ။ - ရန်ကုန်၊

အိပ်မက်အသစ်စာပေ၊ ၂၀၀၉

၂၀၆ - စာ၊ ၁၂ x ၁၈. ၅ စင်တီ။

(၁) ညည်းတွားရှိုက်တဲ့ပုံသံ


## အိပ်မက်အသစ် မှထွက်ရှိပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | ပြာဖြစ်သွားသောပန်းသီးနှင့်အခြားမော်ဒန်ဝတ္ထုတိုများ | သစ္စာနီ |
| ၂။ | အဆောင်သူအတွက်. . . | ဝေမှူးသွင် |
| ၃။ | ဝလိုဘယ်လိုက်ဇေရှင်း ရွှေတောင်းလူဆိုးနဲ့ . . . . . | မောင်စူးစမ်း |
| ၄။ | ဝလတ်စီမီစ္ဆာနှင့်သံမဏိမိုးလျှံ | တာရာလင်းနွယ် |
| ၅။ | မိုးရာသီပတ်ဖိုး | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၆။ | ကမ်းဝေးလှောင်အိမ် | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| ၇။ | သူရဲကောင်းဩမနှင့်ရွှေ့လျားနေသောရဲတိုက် | တာရာလင်းနွယ် |
| ၈။ | မှုကြိုတစ်ဦး၏ဖါလုဒါအရသာ | ဝေမှူးသွင် |
| ၉။ | ကြက်ခြေခတ်နှစ်ခု | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၁၀။ | မင်းလူ. . ဝေမှူးသွင်. . Lမင်းပြည့်မွန် | မင်းလူ၊ဝေမှူးသွင်၊ L မင်းပြည့်မွန် |
| ၁၁။ | ပြဇာင်းပေါ်ကလွတ်ကျသွားတဲ့အိပ်မက် | L မင်းပြည့်မွန် |
| ၁၂။ | အိပ်မက်တစ်မက်စာ | ရွှေထိုက် |
| ၁၃။ | တစ်ဝတ်ဇာစ်ပျက်ည | မင်းခိုက်စိုးစန်၊ L မင်းပြည့်မွန် |
| ၁၄။ | အနွေးသွားလွန်းပျံ့ယာဉ် | ဝေမှူးသွင် |
| ၁၅။ | ဟိုး. . . ရှေးရှေးတုန်းက | ရွှေထိုက် |
| ၁၆။ | ငှက်ဆိုးတွန်ချိန် | သတိုးဇော |
| ၁၇။ | စောင့်နေသူ | သတိုးဇော |
| ၁၈။ | ညဥ့်နတ်သန်းခေါင်ခွေးတစ်ဟောင် | သတိုးဇော |
| ၁၉။ | ဂျစ်ပစီသင်ခန်းစာ | လင်းညို့သွေး |
| ၂၀။ | မိစ္ဆာမျက်ရည် | ဒေဝလကျော် |
| ၂၁။ | စွဲလမ်းခြင်းခရီးသည် | သတိုးဇော |
| ၂၂။ | မာယာကစားပွဲ | လင်းညို့သွေး |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှူးသွင် |
| ၂၄။ | ချစ်သူရှာ | လူနေ |
| ၂၅။ | အမှောင်ကြောက်သူ | သတိုးဇော၊ ဒေဝလကျော် |
| ၂၆။ | ညည်းတွားရှိုက်တဲ့ပုံသံ | သတိုးဇော |

## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | | |
|---|---|---|
| ၂၇။ | ယမမင်းရဲ့ကဗျာ | ဒေဝလကျော် |
| ၂၈။ | ခေးရယ် | လူနေ |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit
38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.
095112428, 551403

BURMESE CLASSIC .com

# သတိုးတောရ

ညည်းတွားရှိုက်တဲ့မုံသံ

www.burmeseclassic.com

www.burmeseclassic.com



## ( နိဒါန်း )

"တုံ...တုံ...တုံ..."

စည်းချက်ကျကျမြည်နေသော ဗုံသံက သူမ၏နားစည်ဝကို ထစ်ချုန်းသို့ငင်နေသည်။ ဗုံသံ၏စေစားမှုအတိုင်း သူမ၏ ခြေလက်တွေကို အချိုးအဆစ်ကျကျ သွယ်ပျောင်းကော့ညွတ်လှုပ်ရှားနေရသည်။

စည်းချက်နှင့်အညီ သူမ၏ခြေအစုံက ဇာတ်ခုံကြမ်းပြင်ပေါ်သို့ ထိကာတစ်ချီ ကြွကာတစ်လှည့်...။

ဒီညအဖို့မှာတော့ သူမ၏ခန္ဓာကိုယ်အယိမ်းအနွဲ့က ညင်သာမှုထက်ပိုကာ ဖျော့တော့လင်းလက်နေသလို ခံစားရ၏။ သူမ၏နောက်ဆုံးခရီးကို သူမကိုယ်တိုင် လိုက်ပါပို့ဆောင်နေရသည့် အလားပင်။

**အိပ်မက်အသစ်**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လည်း ဟုတ်သည်ပဲလေ။

ဒီညကား သူမ၏ဘဝ နောက်ဆုံးညပင် ဖြစ်ရသည်။ ပိုပြီး တိတိကျကျပြောရလျှင် "မင်းသမီးလေး မြငွေကြည်" ဟူသော သူမ၏ အငြိမ့်မင်းသမီးဘဝသည် ဒီညမှာပင် နိဂုံးချုပ်ရတော့မည်။

သြော်...ငါချစ်လှတဲ့ ဟော့ဒီဇာတ်ခုံနဲ့ အနုပညာသည်ဘဝကို ငါ စွန့်လွှတ်ခွဲခွာရတော့မှာပါလား...။

ထိုအတွေးကြောင့် သူမ၏ရင်ထဲမှာ အသက်ရှူမဝအောင် စည်းနှောင်ခံထားရသလိုဖြစ်လာ၏။

ဒီညသည်ကား အငြိမ့်မင်းသမီးလေး မြငွေကြည်အဖို့ နောက်ဆုံးအကြိမ်အဖြစ် ဇာတ်ခုံပေါ်တွင် ကပြအသုံးတော်ခံနေခြင်းဖြစ်ကြောင်း ရွှေပွဲလာပရိသတ်ကြီးကတော့ သိဟန်မတူ။ မနက်ဖြန်ဆိုလျှင် မြငွေကြည်၏ဘဝက ရာဇဝတ်အုပ်ကလေး ဦးစိန်မှူးနှင့် လက်ဆက်ရတော့မည်။

မချစ်မနှစ်သက်သောလူနဲ့ ပေါင်းသင်းဆက်ဆံရခြင်းတည်းဟူသော ဒုက္ခတွင်းထဲသို့ မြငွေကြည်တစ်ယောက် ဆုံးဆုံးနစ်ရလေတော့မည်။

"တုံ...တုံ...တုံ..."

ထိုစဉ်မှာပင် ဗုံသံက တီးဟန်စည်းချက်ပြောင်းသွားပြန်





သည်။ မြငွေကြည်က လွှတ်သွားလုဆဲဆဲသတိကို ထိန်းချုပ်လိုက်ပြီး ကကြိုးကကွက် ပြောင်းလိုက်ရပြန်သည်။

ပွဲခင်းပေါ်အုံ့ဆိုင်းနေသော ပြာသိုလ၏ ဆောင်းငွေ့မြောက်ပြန်လေသည်ပင် မြငွေကြည်၏ရင်ကို မအေးစေနိုင်ခဲ့။ သူမ၏ နဖူးစပ်တွင် ချွေးစက်လေးများစို့လာသည်။

သွဲ့ပျောင်းကော့ညွတ်နေသော လက်ချောင်းလေးများပင် စိုစိုစွတ်စွတ်ဖြစ်လာ၏။ သူမကတော့ မမောနိုင်မပန်းနိုင်ရှာဘဲ ဗုံသံလေး၏ စည်းချက်နှင့်အညီ ကပြနေရသည်။

ဇာတ်ခုံအောက် အရှေ့ဘက်တွင်တော့ မြို့ပိုင် နယ်ပိုင်များက ယစ်ရွှေရည်လေးတမြမြနှင့် သူမ၏အကကို ရယ်ကာမောကာဖြင့် ကြည့်ရှုနေကြ၏။

ရွှေပွဲလာညော်ပရိသတ်အပေါင်းတို့ကတော့ သူမ၏ အကနှင့်အလှကို နှစ်ခြိုက်အားပေးကာ ပျော်ရွှင်နေကြပေမယ့် သူမ၏ချစ်သူခမျာမှာတော့ ဝမ်းနည်းဆို့နင့်စွာ ဗုံလေးကို တီးနေရသည်။

သြော်...ငါ့ကိုသိပ်ချစ်တဲ့သူတစ်ယောက် ဘယ်လောက်အထိတောင် ခံစားနေရမလဲ...။ ငါ့ရဲ့ အငြိမ့်မင်းသမီးဘဝ တစ်လျှောက်လုံး သူတီးခဲ့တဲ့ ဒီဗုံသံတွေနဲ့အတူ ဖြတ်သန်းကုန်လွန်ခဲ့ရတာလေ။

သူမက ဝဲစပြုလာသည့် မျက်ရည်ကို မကျအောင်ထိန်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အတတ်နိုင်ဆုံး မျက်နှာကို ပြုံးရွှင်အောင်ထားလိုက်သည်။

သိပ်မကြာခင်မှာပင် သူမ၏ကကွက် ပြီးသွား၍ လက်ခုပ်သြဘာသံတွေ သောသောညံအောင်ထွက်ပေါ်လာသည်။

ဒီလက်ခုပ်သံတွေက သူမ၏ဘဝအတွက် နောက်ဆုံးဆိုတာကိုတော့ ပရိသတ်များ သိပါလေစ...။

မျက်ဝန်းအိမ်အပြည့် တွဲခိုနေသော မျက်ရည်ငွေ့များကြားမှတစ်ဆင့် ပရိသတ်များကို ဝမ်းနည်းဆို့နင့်စွာ ဝေ့ကြည့်လိုက်သည်။

ဒါဟာ သူမရဲ့ နောက်ဆုံးအကြည့်ပင်။

ထို့နောက် သူမက ဇာတ်ခုံအနောက်ထဲသို့ လာခဲ့ကာ ပစ္စည်းပစ္စယတွေကို သိမ်းထုပ်လိုက်နေရင်း သူမ၏ချစ်သူကို ရှာကြည့်လိုက်သည်။

သူမ၏ချစ်သူရှိနေကျနေရာလေးတွင်တော့ အသုံးအဆောင်ပစ္စည်းအချို့မှလွဲလျှင် ဗလာထီးထီးဖြစ်နေ၏။

ငါ့ရဲ့ နောက်ဆုံးနှုတ်ဆက်စကားကိုတောင် သူ မကြားချင်တော့ဘူးလား။

သူမပါးပြင်ပေါ်တွင် နွေးခနဲဖြစ်သွားသော အထိအတွေ့နှင့်အတူ မျက်ရည်ပူများ တပေါက်ပေါက် စီးဆင်းကျလာ၏။

သူမက တသိမ့်သိမ့်ရှိုက်ငိုရင်း ခြေလှမ်းတွေကို ဇာတ်ခုံ



BURMESE CLASSIC .com



အပြင်ဘက်သို့ ဦးတည်လိုက်လေသည်။ ဇာတ်ခုံအပြင်ဘက်တွင်တော့ ပြာသိုလ၏ အေးမြနေသော ရာသီဥတုက သူမကို ဆီးကြိုနေ၏။

သူမက အဝတ်အစားများထည့်ထားသော အိတ်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း သက်မဲ့စွာ ရွေ့ရှားနေမိတော့သည်။

နားထဲတွင် ဇာတ်ရုံဘက်ဆီမှ အသံတွေက တိုးတိုးသဲ့သဲ့သာ ကြားရတော့သည့်အချိန်မှာ သူမက တော်တော်ဝေးဝေးကိုပင် ရောက်လာပြီ။

ထိုစဉ်မှာပင် လမ်း၏ အမှောင်ရိပ်ကိုခိုကာ စောင့်စားနေသော သူမ၏ချစ်သူကို တွေ့လိုက်ရလေသည်။

ဗုံကလေးတစ်လုံးကို ရင်ခွင်တွင်ပိုက်လျက် နာကျင်ဝမ်းနည်းနေသော မျက်နှာအမူအရာများဖြင့် တဖြည်းဖြည်းတိုးကပ်လာသော သူမကို ရီရီဝေဝေ ငေးစိုက်ကြည့်နေသည်။

မျက်ဝန်းထဲတွင် ပုံမှန်ထက် ထူးခြားသော အရိပ်အငွေ့များက ပြည့်လျှံတွဲခိုနေသည်။ နှုတ်ခမ်းပါးတွေပင် တဆတ်ဆတ်တုန်ယင်နေပြီး အကြည့်တွေက စူးရှခက်ထန်နေ၏။

ရုပ်ချင်းချွတ်စွတ်တူတဲ့ လူများလားလို့တောင် သူမ ထင်မိလိုက်သည်။ သူမက သူ့ချစ်သူ၏ကိုယ်ငွေ့လေးရသည့်အနားသို့



www.burmeseclassic.com

www.burmeseclassic.com



တိုးကပ်သွားလိုက်သည့်အချိန်မှာပင်…

"ကျုပ်တို့ ဒီဘဝမှာ မပေါင်းရတော့ဘူးဆိုတာ သေချာသွားပြီးလား…မြ…"

"ကျုပ်…ကို ခွင့်လွှတ်ပါတော်"

မြငွေကြည်၏အသံက ဆို့နင့်နေသည်။ ကံကြမ္မာ၏ ရက်စက်သော ရွေးချယ်ရာလမ်းကို ရှောင်လွှဲနိုင်ဖို့ အင်အား သူမမှာ မရှိတော့ပေပဲလေ။

ကြေကွဲခြင်း၊ နူမြေတသဖြစ်ခြင်းနှင့် ရက်စက်ခြင်းတို့ စွန်းထင်းသော အကြည့်တစ်ချက် သူမ၏မျက်ဝန်းကို ဝုန်းခနဲ ဝင်ဆောင့်လိုက်၏။

"ကိုင်း…ဒါဆိုလည်း မြမြ၊ ဒီဘဝမှာမပေါင်းရတော့မယ့်အတူတူ သူတစ်ပါးလက်ထဲတော့ အပါမခံနိုင်ဘူး၊ နောင်ဘဝကျမှပဲ ကျုပ်တို့နှစ်ယောက်ပေါင်းကြပါစို့ရဲ့"

သူက သူ့လက်ထဲတွင် ပိုက်ထားသောဗုံနှင့်ကွယ်ကာ ဓက်ယူလာသည့် တစ်စုံတစ်ရာကို ဖျတ်ခနဲ ဆွဲထုတ်လိုက်၏။

လရောင်အောက်တွင် ဖျတ်ခနဲဝင်းလက်သွားသည့် သံမဏိသွား၏အရောင်ကြောင့် ထိုအရာသည် ဓားတစ်စင်းဖြစ်မှန်း မြငွေကြည် သိလိုက်ရသည့်အချိန်မှာတော့…





"အား…"

ရင်ဝတွင် စူးရှသည့်ဝေဒနာကို မိုက်ခနဲခံစားလိုက်ရပြီး ဒူးတွေ ခွေညွတ်ကျသွား၏။ နာကျင်သောနေရာကို လက်အစုံဖြင့် အလိုလိုဖိမိရက်သားဖြစ်သွားစဉ်မှာတော့…

"ဟင်…သွေးတွေ…သွေးတွေ…"

သူမ၏လက်ချောင်းတွေကြားမှ သွေးတွေက ယိုကျစီးဆင်းလာသည်။ မြေပြင်ပေါ် ပေါက်ခနဲ ပေါက်ခနဲကျနေသော သွေးစက်များနှင့်အတူ သူမ၏ ရှင်သန်မှုက သူမထံမှ တဖြည်းဖြည်း စွန့်ခွာစပြုနေ၏။

ရှိုစုမဲ့စုအားအင်ကို စုစည်းရင်း သူမ၏ ရီဝေနေသော အကြည့်တွေက ရက်စက်လှစွာသော ချစ်သူထံသို့ ရောက်သွားသည်။

အဲဒီအခါမှာတော့ ဓားစောက သူမ၏နှလုံးသားကို ထိုးစိုက်ခဲ့သော ဓားသည်ပင်လျှင် ယခုတော့ သူမချစ်သူ၏ ဝဲဘက်ရင်အုံပေါ်တွင် စိုက်ဝင်နေပါပြီကော…။

မြေပြင်ပေါ်တွင် သေအံ့မူးမူးဖြစ်နေသည့် သူမချစ်သူ၏ အပြုံးကို မြင်လိုက်ရသည့်အချိန်မှာတော့ သူမ၏စိတ်ကို လျှော့ချလိုက်ပြီး ပုံလျက်သားလဲကျသွား၏။

လရောင်အောက်က နှင်းငွေတွေစိုစွတ်နေသည့် မြေပြင်ပေါ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှာတော့ လဲကျနေသည့် ချစ်သူနှစ်ယောက်နှင့် အထီးကျန် ဖုံအိုလေးတစ်လုံး...။

သူမကို တစ်သက်လုံး စည်ချက်ညီညီ ကကြိုးကစင်များ သွယ်ပျောင်းလှုပ်ရှားနိုင်ဖို့ စေစားခဲ့ရာ ဟောသည့်ဖုံလေးအနားမှာပင် ဘဝ၏ကကြိုးတွေအားလုံး ရပ်ဆိုင်းရတော့မှာပါပလား ဟူသည့် အသိက သူမ၏ထွက်သက်မတိုင်မီ နောက်ဆုံးသိစိတ်ပင် ဖြစ်လေတော့သည်။

ဒီနောက်မှာတော့ သူမ၏မျက်ဝန်းအစုံကို ထာဝရအမှောင် ဖုံးသွားလေတော့သည်။

■





အခန်း [ ၁ ]

သန်းခေါင်ကျော် အချိန်။

တဖြည်းဖြည်း ညဥ့်နက်လာပြီမို့ ကားအသွားအလာ ကျဲပါးကာ ရန်ကုန်-ပြည် အဝေးပြေးကားလမ်းမ တစ်ခုလုံးသည် ရှင်းလင်းတိတ်ဆိတ်လျက်ရှိနေသည်။ အချိန်တော်တော်ကြာမှသာ ကားတစ်စီးတလေ ဖြတ်သန်းသွားသံကို ကြားရ၏။ ထို့အပြင် လရောင်ကင်းမဲ့သည့်ညဖြစ်သောကြောင့်လည်း ဝန်းကျင်က ပို၍ တိတ်ဆိတ်ငြိမ်သက်နေသည်ဟု ထင်ရသည်။

သို့သော် ကုန်ကားတစ်စင်းကတော့ ထိုအဝေးပြေးကားလမ်းပေါ်တွင် ခပ်မှန်မှန်မောင်းနှင်လျက်ရှိနေ၏။ တစ်စီးလုံး ကုန်အပြည့်တင်ဆောင်လာသောကြောင့် ကားကို ခပ်ဖြည်းဖြည်းသာမောင်းနေရပြီး ချိုင့်တစ်ခုခုကို ရှောင်လိုက်တိုင်းမှာလည်း ကုန်တွေက တကျွိကျွိနှင့် ဆောဘယ်ညာ တိမ်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုပင် သစ်လုံးတင်သည့် ဆယ်ဘီးကားကြီးတစ်စင်း ဝေါခနဲဖြတ်မောင်းသွားသောကြောင့် ထိုကုန်ကား အနည်းငယ် တုန်ခါသွား၏။

"ဟင်...ဒီဟာတွေနဲ့တော့ ဒုက္ခပါပဲ"

အမျိုးအစားစုံလင်လှသည့် ကုန်သေတ္တာများကြားတွင် ထိုင်၍လိုက်ပါလာသော ကျော်ကြီးက စိတ်ပျက်လက်ပျက် ညည်းညူလိုက်သည်။ ထို့နောက် ထိုင်ရာမှထကာ သူတာဝန်ယူ သယ်ဆောင်လာသော ပစ္စည်းများကို နေသားတကျ ပြန်စီရီ လိုက်၏။

တကယ်တော့ ဒီပစ္စည်းတွေကို စိတ်မချဖြစ်ပြီး ကုန်ကား နှင့် လိုက်ခဲ့ရခြင်းဖြစ်သည်။ အားလုံးက ကျိုးတတ်ပဲ့တတ်သော မြန်မာ့လက်မှုပစ္စည်းတွေနှင့် တန်ဖိုးကြီး ရှေးဟောင်းပစ္စည်းတွေ ပင်။ သူ့ဆရာ ဦးမျိုးချစ်၏ ခိုင်းစေချက်အရ ဒီပစ္စည်းတွေကို နယ်မှဆိုင်တစ်ဆိုင်က ဝယ်ယူလာခဲ့ရပြီး ရန်ကုန်ရောက်သည် အထိ အပွန်းအပဲ့မရှိ သယ်ယူရေးပင်ဖြစ်သည်။

ကျော်ကြီးက ပစ္စည်းအချို့ကို ပြန်စီပြီးသွား၍ ခုနက ထိုင် သည့်နေရာတွင် ပြန်ထိုင်လိုက်၏။ ထို့နောက် သက်ပြင်းကို လေးလေးတွဲ့တွဲ့ချရင်း တရိပ်ရိပ်ကျန်ခဲ့သည့် လမ်းမကို ကြည့် လိုက်မိသည်။





အင်း...သာယာဝတီတော့ ကျော်လာပြီထင်တယ်။ မနက် ဖြန် ထမင်းစားချိန်လောက်ဆိုရင် ရန်ကုန်ကို ပြန်ရောက်လောက် ပြီ...။

ကျော်ကြီးက ထိုအတွေးနှင့်အတူ အကြည့်တွေကို လမ်းမ ပေါ်ဆီမှ ပြန်ခွာလိုက်ပြီး ကားနံရံကို ကျောမှီချလိုက်၏။

ကုန်ကားကတော့ ခွဲကောင်းကောင်းနဲ့ပင် ဆက်လက် ရွေ့လျားနေဆဲ...။

ကျော်ကြီးက ပက်လက်အနေအထားဖြင့် ကားအမိုးကို အမိပ္ပယ်မဲ့ စိုက်ကြည့်နေမိသည်။ မြင်ကွင်းထဲတွင် ထိုကားခေါင်မိုး က ဝေးသွားလိုက် နီးလာလိုက်နှင့် ဝေဝေဝါးဝါးဖြစ်နေ၏။ နောက်...ကားအမိုးတန်းတွင် ချိတ်ဆွဲထားသော မီးလုံးသေးသေး လေးကလည်း ဟိုရွေ့ဒီရွေ့နှင့် လှုပ်ယမ်းနေသည်။

ထိုမီးလုံးမှ အလင်းရောင်ကပင် သူ့မျက်လုံးများကို ကျိန်းစပ် နေစေ၏။ ကျော်ကြီးက မျက်လုံးကိုမှိတ်လိုက်ပြီး ခဏလောက် မှေးရန်အတွက် စိတ်ကိုလျှော့ချလိုက်သည်။

အချိန်ဘယ်လောက်ကြာသွားသည်မသိ။ သူ့နှာခေါင်းထဲ သို့ အနံ့ဆိုးဆိုးတစ်ခု တိုးဝင်လာမှ ဖျတ်ခနဲ မျက်လုံးပွင့် လာပြီး...

ဟင်...ဘာနံ့ကြီးလဲ။ ဒုက္ခပါပဲ...ကားသမားက ပိုက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုတိုင်း အပုပ်လွယ်မယ့်ပစ္စည်းတွေကို တင်လာပြီနဲ့တူတယ်ဟု ကျော်ကြီးက တွေးလိုက်ပြီး နောက်တစ်ကြိမ် ထိုင်ရာမှ ထလိုက်ပြန်သည်။

ဒီတစ်ခါတော့ ကျော်ကြီးအာ စိတ်ထင်သည့်နေရာတိုင်းကို လိုက်နမ်းကြည့်လိုက်၏။ သို့သော် ထိုအပုပ်နံ့က ဘယ်ကထွက်နေမှန်းမသိ။ နောက်ဆုံး ကျော်ကြီးက လက်လျှော့လိုက်ပြီး သက်ပြင်းကိုသာ ချလိုက်တော့သည်။

အနံ့ဆိုးဆိုးက ကားနောက်ခန်းတစ်ခုလုံး ထောင်းထောင်းထနေသည်။

ကျော်ကြီးက ပြန်ထိုင်ရန် ဟန်ပြင်လိုက်စဉ်မှာပင် သူ့ရှေ့မှ ပစ္စည်းတစ်ခုကို သတိပြုမိသွား၏။ ထိုအရာက ဗုံတစ်လုံး...။

ကျော်ကြီးက တစ်ချက်ပြုံးလိုက်ပြီး ထိုဗုံကိုလှမ်းယူလိုက်သည်။ တကယ်တော့ ဒီဗုံလေးက သူ့ဆရာမှာလိုက်သည့်အထဲတွင် မပါဘဲ ဆိုင်ရှင်က အတင်းပေးလိုက်လို့သာ ယူလာခဲ့ရခြင်းဖြစ်သည်။ သူကတော့ ထိုဗုံလေးကိုကြည့်ပြီး တစ်ခုခုထူးခြားနေသလို ထင်မိ၏။

ရုတ်တရက် ကားက ဝုန်းခနဲဆောင့်သွားသဖြင့် လက်ထဲမှ ဗုံက လွတ်ကျမလိုဖြစ်သွား၏။ ကျော်ကြီးက ကမန်းကတန်း ထိန်းလိုက်လို့သာ ပြုတ်မကျသွားခြင်းဖြစ်သည်။





ဆိုင်ရှင်က ဘာလို့ ဒီဗုံကို မရောင်းဘဲ အတင်းထိုးပေးလိုက်ရတာလဲ။ တီးရင်ပဲ အသံတွေဘာတွေမကောင်းလို့လား။ ဒါမှမဟုတ် ဘာဖြစ်နေလို့လဲ...။

ကျော်ကြီးခေါင်းထဲသို့ အတွေးတွေက တိုးဝင်လာသည်။ ကျော်ကြီးက ဗုံကို စိတ်ဝင်တစားကြည့်နေရင်းက တီးကြည့်လိုက်၏။

"တုံ...တုံ...တုံ..."

ဗုံသံက ညင်ညင်သာသာပင် ထွက်ပေါ်လာသည်။

ဟင်...အသံက ကောင်းပါတယ်။ ဒါနဲ့များ ဆိုင်ရှင်က ဗုံကိုယူသွားတဲ့အတွက် သူ့ကို ကျေးဇူးတင်နေရသေးတယ်။

ကျော်ကြီးက ဗုံပေးလိုက်သည့်ဆိုင်ရှင်ကို နားမလည်နိုင်စွာ တွေးလိုက်ပြီး သူ့ရှေ့တွင်ချထားလိုက်၏။ ဗုံကို စိတ်ဝင်တစား ကြည့်နေ၍ ခုနက အပုပ်နံ့ကိုပင် သတိမရတော့။

တပြည်းဖြည်းနှင့် မျက်ခွံတွေလေးလံလာမှ ဗုံဆီမှအကြည့်ကို ခွာလိုက်ပြီး မျက်လုံးကိုပြန်မှိတ်လိုက်လေသည်။

ထိုမျက်တောင်တစ်ခတ်အချိန်မှာပင်...

"တုံ...ဗလုံ...တုံ...တုံ..."

"ဟင်..."

ကျော်ကြီးက အလန့်တကြားဖြစ်သွားပြီး ဆတ်ခနဲ ထထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပြူးကျယ်သွားသောမျက်လုံးအစုံက ဆေးဘယ်ညာကို ကြည့်ရင်း ပါးစပ်က…

"ဘယ်…ဘယ်သူ…တီးလိုက်တာလဲ"

ဟု ယောင်ယမ်းရေရွတ်လိုက်၏။ ကားအနောက်ဘက်တွင် သက်ရှိဆိုလို့ သူတစ်ယောက်သာ ရှိနေသည်။ ထူးထူးခြားခြားလည်း ဘာမှမတွေ့ရ။ ကျော်ကြီးက ထိုဖြစ်ရပ်ကြောင့် ကြောင်တက်တက်ဖြစ်သွား၏။

ငါပဲ နားကြားမှားတာလား။ ဒီမှာ ငါတစ်ယောက်တည်းပါ။ ဘယ်လိုဖြစ်လို့…လို့…

ကျော်ကြီး၏အတွေးက မဆုံးလိုက်။ မျက်လုံးတွေက ဗုံ၏ မျက်နှာပြင်ပေါ်ကို ရောက်သွားသောကြောင့်ဖြစ်သည်။ ထို အကြည့်ကြောင့်ပင်…

ဟင်…

ဆိုသော အာမေဋိတ်အသံနှင့်အတူ ကျော်ကြီး ကြက်သေသေသွားမိသည်။

စိတ်ထဲတွင်လည်း တစ်ခုခုကိုကြောက်လန့်သွားသလိုမျိုး ခံစားရလိုက်သည်။ လက်ဖျားခြေဖျားတွေကလည်း အေးစက် ထုံကျင်လာသည်။

ထူးဆန်းစွာပင် ဗုံ၏မျက်နှာပြင်က တုန်ခါနေလျက်…





ကျော်ကြီး ပါးစပ်အဟောင်းသားပွင့်ကျသွားပြီး ဗုံအနားသို့ ဖြည်းဖြည်းတိုးကပ်သွားလိုက်၏။ ဗုံ၏မျက်နှာပြင်သားရေပြားက တစ်ယောက်ယောက်တီးလိုက်သည့်ပုံစံမျိုးဖြင့် တုန်ခါနေသည်။

ကျော်ကြီးက ထိတ်ထိတ်လန့်လန့်နှင့် ဗုံကို အပေါ်စီးက မိုးကြည့်လိုက်သည့်အချိန်မှာပင်…

ရှည်မျောတွန့်ခေါက်နေသည့် အရိပ်တစ်ခုက ဗုံပေါ်သို့ ဖြည်းဖြည်းချင်း ကျလာ၏။

"ဘယ်…ဘယ်…သူ…လဲ…"

ကျော်ကြီးက ထစ်ထစ်ငေါ့ငေါ့နှင့် မေးလိုက်ပြီး အရဲစွန့်ကာ နောက်ဘက်သို့ တဖြည်းဖြည်းလှည့်ကြည့်လိုက်သည်။ ဘုရား…ဘုရား…ဘာမှမတွေ့ပါစေနဲ့ဟု ရေရွတ်ပြီးမှ ပိတ်ထားသော မျက်လုံးကို ဖွင့်လိုက်၏။

"ဟင်…"

သူ့ဆုတောင်း ပြည့်သွားသည်လားမသိ။ သူ့ရှေ့တွင် ဘယ်သူမှ ရှိမနေပါ။ ကားခေါင်မိုးသံကိုင်းတွင် ချိတ်ဆွဲထားသော ကားမီးလုံးကိုသာ တွေ့လိုက်ရသည်။ ထိုမီးသီးမှ အလင်းရောင်က ဝေ့ရမ်းလှုပ်ခါနေသည်။

ဟူး…တော်ပါသေးရဲ့။ ငါ့အရိပ်ကို ငါ ပြန်ကြောက်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျော်ကြီးက စိတ်သက်သာရာရစွာဖြင့် ခပ်တိုးတိုး ရေရွတ်လိုက်သည်။ ခုနက ဆောင့်ခုန်တက်သွားသော နှလုံးအိမ်ပင် ပြန်ငြိမ်စပြုသွားပြီး လက်ဖြင့် နဖူးပေါ်မှ ချွေးစေးတွေကို သုတ်လိုက်၏။

ငါ ဘာလို့များ သရဲတစ္ဆေဆို ဒီလောက်တောင် ကြောက်ရတာလဲ။

ကျော်ကြီးက ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်ကာ ပြစ်တင်ရေရွတ်ရင်း သက်ပြင်းချလိုက်၏။ ကြောက်စိတ်ကင်းရှင်းသွားသည့်အတွက် စိတ်လက်ပေါ့ပါးစွာ လေတစ်ချက်ချွန်လိုက်ပြီး ပြန်လှည့်ဖို့ပြင်လိုက်သည်။

ထိုအချိန်လေးအတွင်းမှာပင် အတွေးတစ်ချက်က သူ့ခေါင်းထဲတွင် လင်းလက်သွား၏။

ဟင်...ဒါဆို...ဗုံက...ဘယ်လိုလုပ် အသံမြည်ရတာလဲ။

ချက်ချင်းပင် ကျော်ကြီး နောက်သို့ ချာခနဲလှည့်ကြည့်လိုက်သည်။ သူ့နောက်ကျောဘက်ကို မြင်လိုက်ရသည့်အချိန်မှာတော့

"အောင်မလေးဗျ..."

"ဝုန်း...ဘုန်း..."

သွေးပျက်လုခမန်း အော်ဟစ်လိုက်သောအသံနှင့်အတူ ကျော်ကြီး၏ခန္ဓာကိုယ်က ကုန်သေတ္တာတွေကြားသို့ ရပ်ပျက်ဆင်းပျက်





လဲကျသွားသည်။

သူ့ရှေ့တွင်တော့...

ဓာတ်မင်းသမီးဝတ်စုံကို ဖရိုဖရဲဝတ်ဆင်ထားသည့် မိန်းမတစ်ယောက်...။

ဆံပင်ဖားလျားဖြင့် ခေါင်းငိုက်စိုက်ချ ရပ်နေသည်။

ထိုအပြင် လက်တစ်ဖက်က တံတောင်ဆစ်နားမှ တိုပြတ်နေသည်။ သွေးများကလည်း ထိုပြတ်နေသည့်နေရာမှ တတောက်တောက် ကျနေလျက်...။

မထင်မှတ်ထားသော မြင်ကွင်းကြောင့် ကျော်ကြီး၏မျက်လုံးတွေ အဆမတန် ပြူးကျယ်သွားပြီး အော်ဟစ်ရန်ပင် မေ့လျော့သွားသည်။

အဲဒီအချိန်...

သူ့ရှေ့တွင်ရပ်နေသော မိန်းမက ခေါင်းကို ဖြည်းဖြည်းချင်း မော့လိုက်သည်။ ကြမ်းတမ်းရှုပ်ထွေးသည့် ဆံပင်များကြားမှ မျက်နှာကို ကျော်ကြီးမြင်လိုက်ရသောအခါ...

* * *

"ဘုတ်..."

ကုန်ကားတစ်စင်းပေါ်မှ လူတစ်ယောက် ကားလမ်းမပေါ်သို့ ပြုတ်ကျလာပြီး လမ်းဘေးခြုံနွယ်တွေထဲသို့ တလိမ့်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ကွေး ကျသွား၏။

ထို့နောက်...

ထို့နောက်...

ထို့နောက်...

အမှောင်ထုအောက်တွင် ညသည် ပြန်လည်တိတ်ဆိတ်သွားတော့လေသည်။

■





အခန်း [ ၂ ]

"သရဲတစ္ဆေတွေက လူသေတွေဆီက ကျန်ခဲ့တဲ့ ဆားဓာတ်က ဖြစ်တာတဲ့"

"ဟုတ်လို့လား မမြတ်မွန်ရယ်၊ သေချာလို့လား"

"ငါ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတာဟ"

မမြတ်မွန်နှင့် သန္တာတို့ အခြေအတင်ပြောနေသောစကားကြောင့် သူမပင် စိတ်ဝင်စားသွားမိသည်။ သန္တာက မမြတ်မွန်စကားကို မယုံဟန်ဖြင့် တစ်ခုခုပြန်ပြောရန် အပြင်းအထန်စဉ်းစားနေ၏။

မေခက ရယ်သံစွက်၍ ပြောလိုက်သည်။

"ဒါဆို သရဲတစ္ဆေအားလုံးက လျှက်ကြည့်ရင် ငန်ငန်ကြီးတွေနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားကြောင့် အားလုံးက ဝါးခနဲ ထရယ်လိုက်ကြသည်။ ရယ်သံတွေက ကျယ်လောင်သွားသောကြောင့် အားနားကန်ရေပြင်ပေါ်၌ ရွက်တိုက်လှေစီး လှေကျင့်နေကြသော လူများကပင် ဘာဖြစ်တာလဲဟု လှမ်းကြည့်လိုက်ကြ၏။

"မေခကလည်း ဟယ်...ကြံကြံဖန်ဖန်ပြောတတ်လိုက်တာ"

"ဟုတ်တယ် သန္တာရယ်၊ သူများ လှျာနဲ့လျက်ဖူးလားမသိဘူးနော်"

ထိုစကားကိုလည်း အားလုံးက တခစ်ခစ်နဲ့ လိုက်လံရယ်မောလိုက်ပြန်သည်။

သူမတို့အားလုံးက အလုပ်လုပ်နေသည့်ဆိုင်ပိတ်ထားသောကြောင့် အားလပ်နေကြကာ အဆောင်နောက်ဘက်ရှိ ကန်ရေစပ်၌ထိုင်ကာ အပြင်းပြေ ထွေရာလေးပါးပြောဆိုနေကြခြင်းဖြစ်သည်။ ထိုသို့ပြောနေကြသည်မှာလည်း တော်တော်ကြာခဲ့ပြီ။ ယခု မွန်းတည့်ချိန်ရောက်သည်အထိကို စကားစက မပြတ်သေး။ သူမပင် ထိုင်ရလွန်းသဖြင့် ညောင်းလာကာ ခါးဆန့်လိုက်၏။ မမြတ်မွန်ကတော့ အားတက်သရော ထပ်ပြောပြန်သည်။

"နင်တို့ အာ့သ်စွမ်းဆိုတဲ့ မြေဘုတ်ဘီလူးအကြောင်း ကြားဖူးကြလား"





အားလုံးက မမြတ်မွန်စကားကို တက်ညီလက်ညီပင် ခေါင်းခါလိုက်ကြသည်။ မေခကတော့ မမြတ်မွန်ပြောသမျှကို နားထောင်လွန်းရသဖြင့် ခေါင်းတွေညီးညီးစီစီဖြစ်လာသော ကန်ရေပြင်ကိုကြည့် တိုက်ခတ်လာသော အေးမြလတ်ဆတ်သည့်လေကိုသာ တဝရှူသွင်းလိုက်သည်။

မြစိမ်းရောင်နှင့် သန္တာကတော့ မမြတ်မွန်ပြောသမျှကို ပါးစပ်အဟောင်းသားဖြင့် နားထောင်နေကြသည်။ မမြတ်မွန်က အမြဲဒီလိုပင်။ ဘယ်ကနေ ဘယ်လိုရှာကြံဖတ်လာမှန်းမသိသည့် စာအုပ်တွေထဲမှ သရဲတစ္ဆေအကြောင်းတွေကို အရသာခံကာ ပြောလေ့ရှိသည်။ ဒါကလည်း သူမ၏ အဓိကစဝါသနာကြီးတစ်ရပ်လို ဖြစ်နေ၏။

အသက်က သူမတို့အားလုံးထက် အနည်းငယ်သာကြီးသော်လည်း ရုပ်ရည်က အနည်းငယ်ရင့်သဖြင့် အသက်အများကြီးကွာသယောင်ထင်ရသည်။

"အဲဒီ အာ့သ်စွမ်းဆိုတဲ့အကောင်က မေးရိုးရှည်ရှည်၊ လက်ကလည်း ဒူးကိုကျော်တယ်၊ ပြီးတော့ မြေကြီးပေါ် လျှောက်သွားတဲ့အခါ ဒူးကိုညွတ်ပြီး လျှောက်လေ့ရှိတယ်။ အတော်အကြည့်ရဆိုးတဲ့ မကောင်းဆိုးဝါးပေါ့။ အဲဒီမကောင်းဆိုးဝါးကောင်က



www.burmeseclassic.com

www.burmeseclassic.com



လူတွေကို ဘယ်လိုဒုက္ခပေးတယ်ထင်လဲ သိလား”

“ဘယ်လိုဒုက္ခပေးတာလဲ”

မြစိမ်းရောင်က နဖူးပေါ်သို့ဝဲကျနေသော ဆံစတွေကို သပ်တင်ရင်း အလောတကြီးမေးလိုက်သည်။ စိတ်လှုပ်ရှားသွားသောကြောင့်ပင် အသံတွေက အနည်းငယ်တုန်ရင်နေသည်။

သူမက သရဲတစ္ဆေ၊ နာနာဘာဝတို့ဆိုလျှင် နာမည်ကြားရုံနှင့်ပင် နေစရာမရှိအောင် ကြောက်လန့်တတ်၏။ တစ်ခါကဆိုရင် သန္တာက သရဲစီးနေသလိုလို၊ အပမှီသလိုလိုလုပ်ပြီး သွားစမိလိုက်သဖြင့် မြစိမ်းရောင် လေးငါးရက်လောက် ဖျားသွားခဲ့ဖူးသည်။ သူမ၏ ထူးခြားချက်က ထိုမျှပင်မကသေး။ အမြဲလိုလို ရောဂါတစ်ခုမဟုတ်တစ်ခု ဖြစ်နေတတ်ပြီး အရာရာကို ကြိုတင်ကြောက်ရွံ့ကာ အားငယ်တတ်ခြင်းပင်ဖြစ်သည်။

မြစိမ်းရောင်နှင့် မေခက အသက်ရွယ်တူပင်ဖြစ်ပြီး မျက်နှာပေါက်လည်းဆင်၏။ သို့သော်...အနည်းငယ်တော့ ကွဲပြားသည်။ မြစိမ်းရောင်က အဝတ်အစားမှအစ လူကြီးဆန်ဆန်နေတတ်ပြီး မေခကတော့ ခေတ်လူငယ်ပီပီ သွက်လက်ချက်ချာစွာ ပြောတတ်နေတတ်၏။

ဒါကြောင့်ပင်ထင်သည်။ ဆိုင်ရှင်ဦးမျိုးချစ်က သူမကို အားကိုးပြီး ဆိုင်၏ကိစ္စအဝဝကို မျက်နှာလွှဲထားခြင်းဖြစ်၏။





မမြတ်မွန်က မြစိမ်းရောင် အနည်းငယ်ကြောက်နေမှန်း သိသဖြင့် မဲ့မဲ့ရွဲ့ရွဲ့လုပ်ကာ အသံသြသြနှင့်...

“အဲဒီမကောင်းဆိုးဝါးကောင်က လူတွေဘာတွေ ချော်လဲရင် ခြေထောက်ကို ဖိထားတယ်တဲ့”

“ဟင်...ဟုတ်လား”

“အဲဒီလို အဖိခံရရင်ရော ဘာဖြစ်သလဲ”

သန္တာနှင့် မြစိမ်းရောင်တို့ဆီမှ အလောတကြီးမေးလိုက်သံတွေက တစ်ပြိုင်တည်းနီးပါး ထွက်ပေါ်လာသည်။ မေခပင် စိတ်ဝင်စားသွားပြီး ကန်ရေပြင်ပေါ်မှ အကြည့်ကိုခွာလိုက်ကာ မမြတ်မွန်ကို ကြည့်လိုက်၏။

မမြတ်မွန်က ထုံးစံအတိုင်း မပြောသေးဘဲ ခဏကြာမှ ပြောသည်။

“အဲဒီလို အဖိခံရတဲ့လူရဲ့ ခြေထောက်က ဆင်ခြေထောက်ရောဂါဖြစ်တဲ့လူတွေထက်တောင် ပိုကြီးပြီး ယောင်လာတော့တာတဲ့”

နားထောင်နေသူအားလုံးက သက်ပြင်းကိုယ်စီချလိုက်ကြသည်။ မမြတ်မွန်စကားကြောင့် သူမတို့ ချော်လဲမှာကိုပင် အန္တရာယ်ကြီးတစ်ခုလို ကြောက်ရွံ့လာကြသည်။

သန္တာက မဆီမဆိုင် သူမ၏ခြေထောက်အောက်မှ ရေပြင်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်လိုက်၏။

“ပြီးတော့ အင်္ဂလိပ်လို ဘရောင်နီလို့ခေါ်ပြီး မြန်မာလို ကျတ်လို့ခေါ်တဲ့ ရှာတွေဘာတွေ ဖန်ဆင်းပြီး အုပ်စုနဲ့ခြောက်တဲ့ သရဲတစ္ဆေအကြောင်းရော ကြားဖူးကြလား…”

ဒီတစ်ခါတွင်တော့ မြစိမ်းရောင်က အထိတ်တလန့်နဲ့ ဝင်တားလိုက်သည်။

“တော်…တော်ပါတော့ မမြတ်မွန်ရယ်၊ မြမြ ကြောက်တတ်လို့ပါ…”

မြစိမ်းရောင်က စကားပြောရင် နာမ်စားအဖြစ် မြမြလို့ ပြောလေ့ရှိသည်။ မမြတ်မွန်က လွန်လွန်ကဲကဲကြောက်နေသည့် မြစိမ်းရောင်ကိုကြည့်ပြီး သဘောကျစွာ ရယ်မောလိုက်သည်။ ပြီးမှ…

“သြော်…မြမြရယ်၊ သရဲတစ္ဆေတွေကိုများ တွေးကြောက်နေရတယ်လို့၊ မကြောက်နဲ့၊ အစ်မဆီမှာ မကောင်းဆိုးဝါးအားလုံးကိုနိုင်တဲ့နည်းရှိတယ်”

“ဘာလဲ၊ ဘုရားစာရွတ်လို့ ပြောမလို့လား မမြတ်မွန်”

မေခက ဝင်ပြောလိုက်သည်။ မမြတ်မွန်က မေခကိုကြည့်





ပြီး ခေါင်းခါလိုက်ကာ…

“ဟင့်အင်း…မဟုတ်ဘူး၊ အခုပြောမယ့်နည်းက အနောက်တိုင်းနည်း”

မမြတ်မွန်က ခပ်တည်တည်နှင့်ပြောလိုက်သောစကားကြောင့် သူမတို့အားလုံး စိတ်ဝင်စားသွားကြသည်။ မြစိမ်းရောင်က အားကိုးတကြီးနှင့် မမြတ်မွန်အဖြေစကားကို စောင့်နေသည်။ မေခနှင့် သန္တာကတော့ သိပ်အမှုအရာမပျက်။

“မကောင်းဆိုးဝါးကောင်တွေက အက်ဆစ်ဓာတ်ပါတဲ့ အရည်တစ်မျိုးကို ကြောက်ကြတယ်တဲ့”

မေခက ထိုစကားကို စဉ်းစားကြည့်လိုက်သည်။ ဖြစ်နိုင်ပါ့မလား။ သရဲတစ္ဆေဆိုတာ အငွေ့ဆန်ဆန် တည်ရှိနေတာမဟုတ်လား။ အခု မမြတ်မွန်ပြောနေပုံက…

သူမအတွေးမဆုံးခင်မှာပင် မြစိမ်းရောင်က ဝမ်းသာအားရ လေသံဖြင့် မေးလိုက်သည်။

“အဲဒီလို အရည်မျိုးက မြန်မာနိုင်ငံမှာရှိလား ဟင်…မမြတ်မွန်”

“ရှိတာပေါ့၊ ဒီနိုင်ငံမှာမှမဟုတ်ဘူး နိုင်ငံတိုင်းမှာ ရှိတယ်…”

မေခက မမြတ်မွန်မျက်နှာကိုကြည့်လိုက်သည်။ မမြတ်မွန်



www.burmeseclassic.com

www.burmeseclassic.com



က ပြုံးနေလေသည်။ ချက်ချင်းဆိုသလို မေခေါင်းထဲတွင် အတွေးတစ်ချက်က လင်းပွင့်သွား၏။

သို့သော် နောက်ကျသွားခဲ့လေပြီ။

သန္တာနှင့် မြစိမ်းရောင်က တစ်ပြိုင်တည်းမေးလိုက်သည်။

"အဲဒီအရည်က ဘာလဲဟင်"

"ရှူး..."

"ဟာ..."

"ဟာ..."

သန္တာနှင့် မြစိမ်းရောင်က ရုတ်တရက် ကြောင်သွားပြီး ခဏကြာမှ ဟာခနဲထအော်လိုက်ကြသည်။ မေခကတော့ သန္တာနှင့် မြစိမ်းရောင်တို့ ခံလိုက်ရသည်ကို သဘောကျစွာ ခန္ဓာကိုယ် လှုပ်ခါသွားသည်အထိ ရယ်မောမိလိုက်သည်။

မမြတ်မွန်က အားလုံးကို တစ်ချက်စေ့ကြည့်လိုက်ပြီး...

"အောင်မလေး...အရမ်းမရယ်ကြနဲ့ ကောင်မလေးတွေ၊ အဲဒါ ရှေးမြန်မာကြီးတွေတောင် သုံးတဲ့နည်းပဲ"

ရယ်သံတွေက သောသောညံသွားတော့သည်။ မမြတ်မွန်က တစ်ခါတလေဆို ထိုသို့ ရုပ်အတည်ကြီးလုပ်ပြီး စတတ်နောက်တတ်၏။





မမြတ်မွန်က ဆိုင်၏အရောင်းကောင်တာမှ တာဝန်ခံဖြစ်ပြီး မေခကတော့ ဆိုင်၏ အုပ်ချုပ်ရေးအပိုင်းနှင့် တခြားကိစ္စအဝဝကိုပါ တာဝန်ယူရသည့် ဆိုင်မန်နေဂျာဖြစ်သည်။ ထိုသို့ပင် သန္တာက မမြတ်မွန်၏အကူဖြစ်ပြီး မြစိမ်းရောင်ကတော့ သူမတို့ အိပ်မက်ကျွန်းစားသောက်ဆိုင်လေး၏ ဖျော်ဖြေရေးအဖွဲ့မှ မြန်မာ အကမင်းသမီးတစ်ယောက်ဖြစ်သည်။

သို့ရာတွင် သူမတို့အားလုံးက ပွင့်လင်းရဲတင်းသည့် မိန်းကလေးတွေ ဖြစ်ခြင်းကြောင့်ပင် တစ်နှစ်ဆိုသော အချိန်ကာလလေးတစ်ခုအတွင်းမှာ ညီမရင်းချာတွေကဲ့သို့ ရင်းနှီးခင်မင်သွားခဲ့ကြသည်။

သူမတို့အလုပ်လုပ်နေသည့် အိပ်မက်ကျွန်းစားသောက်ဆိုင်လေးသည် နှစ်ဧကကျော်ကျော် ကျယ်ဝန်းပြီး ရေပတ်လည်ဝိုင်းနေသည့် ကျွန်းတစ်ခုပေါ်တွင် တည်ရှိပြီး သူမတို့ဆိုင်ကို လာရောက် စားသောက်ကြသည့် ဧည့်သည်တွေက ကမ်းပါးနှင့် ဆက်သွယ်ထားသော သစ်သားတံတားလေးပေါ်မှ လာကြရသည်။

ဒီကျွန်းလေး၏ ထောင့်တစ်နေရာတွင်တော့ သူမတို့နေထိုင်သည့် အဆောင်ဆန်ဆန် ဆောက်လုပ်ထားသော တိုက်ပုလေးတစ်လုံး။ ထိုတိုက်ပုလေးရှေ့ အနည်းငယ်ဝေးသောနေရာတွင်တော့ အိပ်မက်ကျွန်းစားသောက်ဆိုင် တည်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဆောက်အအုံနေရာတွေမှလွဲရင် အားလုံးသောမြေပြင်ပေါ်တွင် ကုက္ကိုပင်ကြီးများ၊ ပိတောက်ပင်အိုကြီးများ၊ အမြစ်ပါးပြင်းထနေသည့် ညောင်ပင်အိုကြီးများရှိသောကြောင့် ဝန်းကျင်အားလုံးလိုလိုသည် ညအခါတွင် မှောင်မိုက်သည့်ဝန်းကျင်နေရာများ ဖြစ်ကုန်၏။

ထို့အပြင် သူမတို့ ယခု ထိုင်စကားပြောနေကြသည့် ရေစပ်နေရာသည်လည်း ညအချိန်ရောက်ရင် အလားတူ မှောင်အေးစက်သည့်နေရာ ဖြစ်သွားလေသည်။

မေခက ကြည်စိမ်းနေသည့် ကန်ရေကို ကြည့်နေမိသည်။

ထိုစဉ်မှာပင်...

"မမေခ...မမေခ...ဆရာဦးမျိုးချစ် ခေါ်နေတယ်"

အသံလာရာဘက်သို့ သူမ လှည့်ကြည့်လိုက်တော့ ဆိုင်မှ စားပွဲထိုးတစ်ယောက်ကို တွေ့ရသည်။ ဆိုင်ပိတ်ထားသောကြောင့် ဦးမျိုးချစ်က အရေးတကြီးခေါ်စရာအကြောင်းမရှိ။ ထို့ကြောင့် သူမ မျက်မှောင်ကျုံ့သွားမိ၏။

ဦးမျိုးချစ်က အရေးမကြီးပဲ သူမကို ခေါ်လေ့ခေါ်ထမရှိ။ ဘာဖြစ်လို့ ခေါ်တာပါလိမ့်...ဆိုင် ဘယ်နေ့ပြန်ဖွင့်မလဲ ဆိုတာ ပြောမလို့လားမသိဘူး။





မေခ တွေတွေဝေဝေဖြစ်သွားရာမှ ခေါင်းညိတ်ပြလိုက်ပြီး...

"အေး...အေး...လာပြီ...လာပြီ..."

ဟု ပြောလိုက်ကာ ထိုင်ရာမှထလိုက်သည်။ ထို့နောက် မပြတ်မွှန်တို့ နှုတ်ဆက်ကာ ထွက်လာခဲ့တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃ ]

ဆိုင်ရှေ့တွင်တော့ အလုပ်သမားများနှင့် ရှုပ်ယှက်ခတ်နေသည်။ ဆိုင်ရှင်ဖြစ်သူ ဦးမျိုးချစ်က ပစ္စည်းသယ်နေသော အလုပ်သမားများကို ညွှန်ကြားနေသလို ဘေးနားတွင်ရှိသော လူစိမ်းနှစ်ယောက်နှင့်လည်း စကားပြောနေသည်ကို တွေ့ရသည်။

ဦးမျိုးချစ်က အပြာလွင့်လွင့် ရှပ်အင်္ကျီလက်ရှည်နှင့် စတိုင်ဘောင်းဘီအနက်ရောင် ဝတ်ဆင်ထားကာ လက်ထဲတွင်လည်း စာရွက်အချို့ကို ကိုင်ထား၏။ မေခ အနားသို့ရောက်သွားသည့် အချိန်မှာတော့ ဦးမျိုးချစ်က ဘေးနားမှလူကို မေးနေသည်။

"ဒါနဲ့ ကျွန်တော့်တပည့် ကျော်ကြီးက ဘယ်မှာ ကျန်ခဲ့တာလဲ"

"မသိဘူးဆရာ၊ ကား စ,ထွက်တော့ ပါလာသေးတယ်၊ တိုက်ကြီးရောက်တော့ ကားရပ်ပြီး လက်





ဖက်ရည်သောက်ဖို့ခေါ်တော့ မတွေ့ဘူးဆရာ၊ ကေန္တတော့ လမ်းတစ်နေရာရာမှာများ ကားရပ်တုန်းဆင်းနေခဲ့တာလားမသိဘူး"

ဦးမျိုးချစ်က ထိုစကားကြောင့် သက်ပြင်းကိုချလိုက်ပြီး စိတ်မသက်မသာဖြစ်သွားဟန်ဖြင့် ပြောလိုက်သည်။

"အေးဗျာ...ဒီကောင်ကလည်း ခိုင်းရင် ခိုင်းတဲ့ အတိုင်း မလုပ်ဘူး၊ တောင်ဆို မြောက်ရောက်တဲ့ကောင်၊ ထားပါဗျာ...ဒါနဲ့ ပစ္စည်းတွေက စုံပါ့နော်၊ လမ်းမှာလည်း ဘာမှဖြစ်မလာခဲ့ဘူးမဟုတ်လား"

ဘေးနားမှလူက ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်း...

"စုံပါတယ်ဆရာ၊ ကားပေါ်တင်ကတည်းက ကိုကျော်ကြီးနဲ့ ကျွန်တော် သေသေချာချာစစ်လာတာပါ၊ လမ်းမှာလည်း ဘာမှဖြစ်မလာပါဘူး၊ ရှေးဟောင်း ဗုံလေးတစ်လုံးတောင် အပိုပါလာသေးတယ်"

"ဘယ်လိုလုပ် အဲဒီဗုံက ပါလာတာလဲ"

ဦးမျိုးချစ်က နားထွေးသွားဟန်ဖြင့် မေးလိုက်သည်။ ဘေးနားမှလူကတော့ သက်ပြင်းကိုချရင်း...

"မသိပါဘူး ဆရာရယ်၊ ကိုကျော်ကြီးနဲ့ ဗုံကိုရောင်းတဲ့ဆိုင်ရှင်နဲ့ စကားအချေအတင်ပြောဆိုနေကြ



www.burmeseclassic.com

www.burmeseclassic.com



တအိမ်တော့ တွေ့တာပဲ၊ ဆိုင်ရှင်ကတော့ အဲဒီဗုံကို ကိုင်ပြီး မျက်စိမျက်နှာပျက်နေတာပဲ”

“ဟာဗျာ…ကျော်ကြီး ဘာတွေရှုပ်လာပြန်ပြီလဲ မသိဘူး၊ ဒီကောင်နဲ့တော့ ဒုက္ခပါပဲ”

ဦးမျိုးချစ်က စိတ်ရှုပ်ထွေးသွားဟန်ဖြင့် ခေါင်းကို ခပ်ဖွဖွ ကုတ်လိုက်သည်။ ထိုအခါကျမှ မေခက အနားသို့တိုးသွားလိုက်ပြီး အသံပြုလိုက်၏။

“ဆရာ…မေခကိုခေါ်တယ်ဆို”

ဦးမျိုးချစ်က မေခကို အခုမှမြင်သွားပြီး သိမ်မွေ့စွာပြုံးလိုက်၏။

“ဟုတ်တယ် မေခ၊ ဒီမှာ နယ်ကရောက်လာတဲ့ ပစ္စည်းတွေကို စစ်ဆေးကြည့်ပေးဖို့ပါပဲ”

ဟုပြောရင်း မေခကို လက်ထဲတွင်ကိုင်ထားသော စာရွက်တွေကို ပေးလိုက်၏။

မေခက ထိုစာရွက်တွေကို ယူဖတ်ကြည့်တော့ နယ်မှ ဆိုင်တစ်ဆိုင်၏ ဘောက်ချာစာရွက်ဖြစ်ကာ ပစ္စည်းအမျိုးအစား အမည်များနှင့် ကျသင့်ငွေတို့ကို ရေးထားသည်။ ပါဝင်သော ပစ္စည်းအားလုံးလိုလိုက မြန်မာ့လက်မှုပစ္စည်းတွေကြီးပင်။

မေခက ထိုမြန်မာ့လက်မှုပစ္စည်းစာရင်းတွေကိုကြည့်ပြီး





အံ့သြသွားကာ…

“ဒီလောက်အများကြီး ဘာလုပ်ဖို့လဲ ဆရာ”

“သြော်…ကိုယ့်ဆိုင်က နိုင်ငံခြားသားဧည့်သည်တွေ လာစားသောက်ကြတာ များတယ်လေ။ ဒီတော့ မြန်မာမှုပစ္စည်းတွေရောင်းတဲ့ Sovenir-Shop လေး တစ်ခု ရှိသင့်တယ်ထင်လို့ စီစဉ်လိုက်တာ။ ပြီးတော့လည်း နောက်နှစ်ရက်လောက်ဆို Tourism လုပ်ငန်းတစ်ခုက နိုင်ငံခြားသားဧည့်သည်တွေကို ကိုယ်တို့ဆိုင်မှာ Party ပွဲတစ်ခုလုပ်ပေးမလို့ တစ်ဆိုင်လုံး Booking လုပ်ထားတာရှိတယ်။ အဲဒီအတွက်လည်း အမှီပေါ့”

“ဟင်…မေခတောင် ဘာမှ မသိရသေးဘူး ဆရာ”

ဦးမျိုးချစ်က သိမ်မွေ့စွာရယ်မောလိုက်ပြီး သူမကို ကြည့်ကာ…

“ဟုတ်တယ် မေခ၊ စိတ်ကူးရတုန်း စီစဉ်လိုက်တာဆိုတော့ မေခတို့ကိုတောင် အသိပေးဖို့ နောက်ကျသွားတာ၊ ယော…ပြောရင်းနဲ့ နောက်တစ်ခု သတိရလာပြန်ပြီ။ အဲဒီဧည့်ခံပွဲနေ့ကျရင် ထူးထူးခြားခြား

www.burmeseclassic.com



လေးဖြစ်သွားအောင် မြစိမ်းရောင်ကို က,နေကျ အတိုင်းမဟုတ်ဘဲ ပျူအက ကခိုင်းရအောင် ပြောလိုက်ပါဦး။”

“ဟုတ်ကဲ့ ဆရာ”

မေခ ပြန်ဖြေလိုက်သည့်အချိန်မှာပင် ဦးမျိုးချစ်က ဖုန်းလာသဖြင့် ဖုန်းကိုင်လိုက်သည်။ ဦးမျိုးချစ်က လူငယ်လုပ်ငန်းရှင် တစ်ဦးပီပီ အမြဲတမ်းလိုလို အားလပ်သည်မရှိ။ အလုပ်တစ်ခု မဟုတ် တစ်ခုနှင့် ရှုပ်နေတတ်သည်။

မေခက ဦးမျိုးချစ် ဖုန်းပြောနေစဉ် နယ်မှသယ်ယူလာသော ပစ္စည်းတွေကို စစ်ကြည့်လိုက်၏။ အားလုံးက အမျိုးအစား စုံလင်လှသည်။ ယွန်းထည်များ၊ ကျောက်စီပန်းချီကားများ၊ ငွေထည် မြန်မာလက်မှုပစ္စည်းများ၊ ရုပ်သေးရုပ်များဖြင့် ပြည့်နှက်နေသည်။ ထိုအထဲတွင် ဗုံတိုကလေးတစ်လုံးကိုလည်း တွေ့ရသည်။

ထိုဗုံလေးက တစ်ခုခုထူးခြားနေသယောင် ထင်ရ၏။

အမြင့် တစ်တောင်သာသာလောက်သာရှိပြီး ကိုယ်ထည်တွင်လည်း ဖဲသားအဝါစလေးကို ပူးတွဲချည်ထားသည်ကို တွေ့ရသည်။ မျက်နှာပြင်ရှိ သားရေပြားပေါ်တွင်လည်း တံဆိပ်လေး တစ်ခုကို အနီရောင်ဖြင့် ရိုက်နှိပ်ထား၏။





အင်း...ဒါ ခုနကပြောတဲ့ ကျော်ကြီးယူလာတဲ့ ဗုံထင်တယ်။ မေခက စိတ်ဝင်စားသွားပြီး ဗုံကိုလှမ်းယူလိုက်စဉ်မှာပင်...

“မေခရေ...ပြောဖို့ တစ်ခုကျန်သွားပြန်ပြီ။ မြစိမ်းရောင်ကို ပျူအက ကတတ်မကတတ် မေးပေးပါဦး။ မကတတ်ရင်လည်း ကြိုတင်လေ့ကျင့်ထားလို့ ရတာပေါ့”

“ဟုတ်ကဲ့ဆရာ”

သူမက ဗုံဆီသို့လှမ်းထားသော လက်ကို ပြန်ရုပ်ရင်း ဖြေလိုက်သည်။ ဦးမျိုးချစ်က လက်ကိုင်ဖုန်းကို ခါးတွင်ချိတ်ထားသောအိတ်ထဲသို့ ထည့်လိုက်ပြီး...

“လိုအပ်တာရှိရင်လည်း ကိုယ့်ဆီ ဖုန်းပြန်ဆက်ဦး။ ရက်က နီးနေပြီဆိုတော့ စီစဉ်စရာရှိရင် အမြန်စီစဉ်ရအောင်လို့။ ပြီးတော့ ဒီဗုံကိုလည်း မေခ အဆောင်ဧည့်ခန်းထဲမှာသာ ထားလိုက်ပါဦး...။ ကျော် ကြီးက ဘယ်လိုရှုပ်လာတာလဲမသိဘူး။ တော်



www.burmeseclassic.com

www.burmeseclassic.com



ကြာ တစ်ခုခုဖြစ်သွားရင် မကောင်းဘူး...”

မေခက ခေါင်းညိတ်ပြလိုက်သည်။ ဦးမျိုးချစ်ကတော့ ပြော ပြောဆိုဆိုနှင့် ထွက်သွားလေပြီ။ သူမက အဆောင်သို့ယူသွား ရန် ဗုံကိုလှမ်းယူလိုက်၏။

ဗုံက ပေါ့မလိုလိုနှင့် အနည်းငယ်လေးနေသည်။ နောက် ဗုံ၏ကိုယ်ထည်တစ်ခုလုံးက အေးစက်စက်ဖြစ်နေလေသည်။

သူမပင် အနည်းငယ်ထူးဆန်းနေသယောင်ယောင် ခံစား လိုက်ရသည်။ နောက်ဆုံးတွင်တော့ မေခက ဗုံကိုပိုက်ကာ အဆောင်သို့ပြန်လာခဲ့တော့သည်။

❋ ❋ ❋

မေခ အဆောင်သို့ပြန်ရောက်သည့်အချိန်မှာတော့ မမြတ်မွန် က စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီးဖတ်နေ၏။ သူမဝင်လာသည် ကိုပင် မမြင်။ စာအုပ်ထဲမှအကြောင်းအရာတွေကို အတော်စိတ် ဝင်စားနေပုံရသည်။

မေခက အနားသို့တိုးကပ်သွားလိုက်ပြီး...

“ဘုန်း...”

“အမယ်လေး”

သူမက ဧည့်ခန်းထဲရှိစားပွဲတစ်လုံးကို လက်ဖြင့်ပုတ်လိုက်





သောကြောင့် မမြတ်မွန်က အလန့်တကြား ထအော်လိုက်၏။ မေခက သဘောကျစွာ တခစ်ခစ်ရယ်မောလိုက်သည်။ သူများ တွေ အမြဲတမ်း အလန့်တကြားဖြစ်အောင် လုပ်တတ်တဲ့ မမြတ် မွန်ကို တစ်ခါတလေ ဒီလိုလုပ်ပေးမှပဲ တွေးလိုက်မိ၏။

မမြတ်မွန် ရင်ဘတ်ကို လက်ဖြင့်ဖိထားရင်း ကြောက်လန့် သွားသည့်လေသံဖြင့်...

“လန့်သွားတာပဲ မေခရယ်၊ ဒီမှာ တမလွန်က ဝိညာဉ်များဆိုတဲ့ စာအုပ်ကို ဖတ်နေတာ”

သူမက ပိုက်ထားသောဗုံကို ချထားလိုက်ရင်း မမြတ်မွန် ကို ပြောလိုက်၏။

“အဲဒီစာအုပ်တွေကို ဖတ်။ ပြီးရင် မေခတို့ကို ပြန်စနဲ့ မမြတ်မွန်က အလုပ်ကိုဖြစ်နေတာပဲ”

မမြတ်မွန်က မေခ၏စကားကို စိတ်မဝင်စားဘဲ သူမယူလာ သည့် ဗုံကို လှမ်းယူလိုက်သည်။ နောက် ဗုံကို ဖင်တစ်ပြန် ခေါင်းတစ်ပြန်ကြည့်ပြီး...

“ဒါက ဘာလုပ်ဖို့လဲ၊ ပျင်းရင် တီးရအောင်လို့ လား...”

မေခက အကြောင်းစုံရှင်းပြလိုက်သည်။ မမြတ်မွန်က သူမ ရှင်းပြနေသည်ကို နားထောင်လိုက် ဗုံကိုကြည့်လိုက် လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် ဗုံသားရေပြားပေါ်မှ တံဆိပ်ကိုကြည့်ကာ...

"ဟင်...မေခ၊ ဒါက ဘာတံဆိပ်လေးလဲ၊ တစ်မျိုးပဲနော်"

"မသိပါဘူး မမြတ်မွန်၊ အဲဒါ ထားလိုက်ပါဦး၊ ဒါနဲ့ မြစိမ်းရောင်ရော"

မမြတ်မွန်က မြစိမ်းရောင်အခန်းဘက်ကို လက်ညှိုးထိုးပြလိုက်ပြီး...

"အခန်းထဲမှာ...အခန်းထဲမှာအေ့၊ ခုနက လေစိမ်းတွေအတိုက်ခံရတာ များသွားလို့ ဖျားချင်လာလို့ အိပ်နေတယ်"

ထိုစကားကြောင့် သူမ ရင်ထိတ်သွားသည်။

အို...ဒုက္ခပါပဲ။ မြစိမ်းရောင် ဖျားလို့မဖြစ်ဘူး...မဖြစ်ဘူး။ နောက်နှစ်ရက်ဆို ဆိုင်မှာ ဧည့်ခံပွဲတစ်ခုရှိတယ်။ မေခက စိုးရိမ်သွားမိပြီး ဧည့်ခန်းထဲမှ ထလိုက်သည်။ ထို့နောက် ဧည့်ခန်းထဲမှ တံခါးကိုတွန်းဖွင့်လိုက်ကာ မြစိမ်းရောင်အခန်းသို့ ဦးတည်လိုက်သည်။

သူမတို့နေထိုင်သည့် အဆောင်က ရှည်မျောမျော တည်ဆောက်ထားပြီး အလယ်တွင် ငါးပေလောက်ကျယ်သည့် လူသွားလမ်းရှိသည်။ ဧည့်ခန်းနှင့် ထိုလူသွားလမ်းကို တံခါးတစ်ချပ်





က ခြားထားပြီး လမ်း၏အဆုံးတွင်တော့ ကန့်လန့်ဖြတ်လမ်းလေး ထပ်ရှိသည်။

ထိုကန့်လန့်ဖြတ်လမ်း၏ ဘယ်ဘက်တွင်တော့ ကန်ရေစပ်သို့သွားရန် တံခါးပေါက်တစ်ခုရှိပြီး ညာဘက်သို့ ချိုးကွေ့လိုက်ရင်တော့ ရေချိုးခန်းနှင့်အိမ်သာ တွဲထားသော အခန်းတစ်ခန်းရှိ၏။

လမ်း၏ ဘေးတစ်ဖက်တစ်ချက်စီတွင်တော့ အခန်းခြောက်ခန်းကို မျက်နှာချင်းဆိုင်ဖွဲ့ထား၏။ လေးခန်းတွင်တော့ သူမတို့လေးယောက်နေထိုင်ကြကာ ကျန်သည့်အခန်းနှစ်ခန်းကိုတော့ ဘာကြောင့်မှန်းမသိ ပိတ်ထားလေ၏။

မေခက မြစိမ်းရောင်အခန်းရှေ့သို့ ရောက်ရောက်ချင်းမှာပင် အခန်းတံခါးကို ခေါက်လိုက်၏။

"ဒေါက်...ဒေါက်...ဒေါက်..."

တံခါးက ချက်ချင်းတော့ ပွင့်မလာ။ အချိန်အနည်းငယ်ကြာမှ ပွင့်လာကာ မြစိမ်းရောင် ခေါင်းပြူထွက်လာ၏။ သူမကိုမြင်တော့ မြစိမ်းရောင်က...

"ဘာကိစ္စရှိလို့လဲ မေခ"

"ဆရာဦးမျိုးချစ်မှာလိုက်လို့ လာပြောတာ"

ထိုစကားကြောင့် မြစိမ်းရောင်က အနည်းငယ် အံ့အားသင့်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး တံခါးကို ခပ်ကျယ်ကျယ် ဟလိုက်၏။

မေခ အခန်းတွင်းသို့ လှမ်းဝင်လိုက်လိုက်ချင်းမှာပင် ပရုပ်ဆီနံ့၊ ဆေးနံ့တွေကို ရှူရှိုက်မိလိုက်လေသည်။ တစ်ခန်းလုံးလိုလိုမှာလည်း မြစိမ်းရောင်၏ ပစ္စည်းပစ္စယတွေနှင့် ပြည့်နှက်နေသည်။

မေခက မြစိမ်းရောင်၏ ခုတင်ပေါ်တွင် ထိုင်လိုက်ရင်း...

"မြမြ...နေသိပ်မကောင်းဘူးဆို..."

"ဟုတ်တယ် မေခ၊ လေတိုက်ခံတာများသွားလို့လေ၊ ဆေးတစ်လုံးတော့ သောက်ထားပါတယ်"

မေခက ထိုစကားကြောင့် အနည်းငယ် စိတ်အေးသွားရပြီး ဦးမျိုးချစ်မှာလိုက်သည်ကို ပြောပြလိုက်သည်။ မြစိမ်းရောင်က သူ့မစကားအဆုံးမှာပင်...

"အဲဒီ ပျူအက,က ကျောင်းမှာတုန်းကတော့ က,ဖူးပါတယ်။ ဒါပေမဲ့ မြမြ သိပ်တော့ မကျွမ်းဘူး။ ပြီးတော့ ဝတ်စုံလည်းမရှိဘူး။ အဲဒီအကလည်း ကလေ့ကထမှမရှိတာကိုး"

မြစိမ်းရောင် ယဉ်ကျေးမှုတက္ကသိုလ်မှ အကဖြင့်ကျောင်းပြီးထားသူတစ်ယောက်ဖြစ်သည်။ မေခက သက်ပြင်းကိုချလိုက်ပြီး...





"ဒါဆိုလည်း အဲဒီအကကို လေ့ကျင့်ထားလိုက်ဦး၊ ဝတ်စုံကတော့ ဆရာ ဘယ်လိုလုပ်မလဲမသိဘူး၊ မေးကြည့်လိုက်ဦးမယ်၊ စနေနေ့ည က,မှာဆိုတော့ ရက်က သိပ်မလိုတော့ဘူး မြမြ"

"စိတ်ချပါ မေခ၊ မြမြ လေ့ကျင့်ထားလိုက်ပါမယ်၊ ဒါနဲ့ မေခကို မေးစရာရှိသေးတယ် သိလား"

"ဘာမေးမလို့လဲ မြမြ၊ ပြောလေ"

မြစိမ်းရောင်က သူ့မအနားသို့ကပ်လာလိုက်ပြီး ကြောက်ကြောက်လန့်လန့်လေသံဖြင့်...

"ဟို...ဟို...လေ မေခ၊ ဒီအခန်းကြီးက ဘာလို့ ပိတ်ထားတာလဲဟင်..."

"မသိဘူးလေ၊ မေခတို့ အလုပ်ဝင်ကတည်းက အဲဒီအခန်းက ပိတ်ထားတာပဲ။ ဘာဖြစ်လို့လဲ"

မေခက တွေတွေဝေဝေဖြစ်သွားပြီး မြစိမ်းရောင် လက်ညှိုးထိုးပြသည့်အခန်းကို ကြည့်လိုက်သည်။ မြစိမ်းရောင်အခန်း၏ ဘေးခန်းဖြစ်ပြီး အုတ်နံရံတစ်ချပ်ခြားထားလေသည်။ သို့သော် ထိုနံရံက အပြည့်တော့မဟုတ်။ ခေါင်မိုးနှင့် ထိုအုတ်နံရံနှင့်က တစ်ပေလောက် ဟ,နေသည်။

"အဲဒီအခန်းက ဘာဖြစ်လို့လဲ မြမြ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း...အဲဒီဘက်အခန်းထဲကနေ စကားပြောသံလိုလို၊ ခြေသံလိုလိုအသံတွေကို ကြားရတတ်လို့။ မြမြ အဲဒီလိုကြုံတာ သုံးလေးခါလောက်ရှိသွားပြီ"

မေခက စိတ်ထဲမှပင် ဟက်ခနဲ ရယ်မောမိလိုက်သည်။ မြစိမ်းရောင် ကြောက်စရာမရှိ ကြံဖန်တွေးကြောက်နေသည်ဟု ထင်လိုက်ပြီး စိတ်ထဲမှလည်း တော်ပြီ...တော်ပြီ...သူနဲ့ စကားဆက်ပြောလို့ မဖြစ်တော့ဘူးဟု ပြောလိုက်ကာ...

"ကဲ...ကဲ... မေခ ဆရာ့ဆီကို အကျိုးအကြောင်း ဖုန်းဆက်ပြောလိုက်ဦးမယ်။ မြမြ အကလေ့ကျင့်ထားဦးနော်"

ဟုဆိုကာ ထွက်လာခဲ့သည်။

■





**အခန်း [ ၄ ]**

ဦးမျိုးချစ်ဆီ ဖုန်းဆက်ပြီးသည့်အချိန်မှာတော့ ညနေငါးနာရီရှိနေလေပြီ။

မေခက အဝတ်အစားလဲလိုက်ပြီး ရေချိုးရန်ထွက်လာခဲ့သည်။ ရေချိုးခန်းသို့ သွားရာလမ်းတစ်လျှောက်လုံးက ရှေးခေတ်ဆေးရုံဟောင်းတစ်ခု၏ လူသွားစင်္ကြံလို ဖြစ်နေ၏။

ဒါကလည်း မျက်နှာကြက်တွင်ချိတ်ဆွဲထားသော မီးလုံး၏ အလင်းရောင်ကြောင့်ပင်။

ဒီမီးလုံးကို မီးချောင်းနှင့် ပြောင်းတပ်ဦးမယ်ဟု သူမ ခဏခဏ စဉ်းစားဖူးသည်။ သို့ရာတွင် တကယ့်လက်တွေ့တွင်တော့ အခုထိကို မလဲဖြစ်သေး။ မနက်ဖြန်ကျရင် ဆိုင်မှ လျှပ်စစ်တာဝန်ခံဖြစ်သူ ကျော်ကျော့်ကိုခေါ်ပြီး လဲခိုင်းဦးမယ်ဟု သူမ တွေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေခက ပခုံးပေါ်တွင်လွယ်ထားသော တဘက်ကို တင်းတင်း ဆွဲစေ့ထားလိုက်ပြီး ညာဘက်သို့ ချိုးကွေ့ဝင်လိုက်သည်။ သို့ရာတွင် ရေချိုးခန်းရှေ့အရောက်မှာတော့…

"ဗွမ်း…ဗွမ်း…"

ရေချိုးခန်းထဲမှ ရေသံတွေကိုကြားလိုက်ရသောကြောင့် သူမ စိတ်ပျက်သွားမိသည်။

ဒုက္ခပါပဲ…ဘယ်သူများ ရေချိုးနေပြီလဲမသိဘူး။ သန္တာ ဆိုရင်တော့ သွားပြီ…။

သန္တာက ရေတစ်ခါချိုးလျှင် တော်တော်နှင့်မပြီး။ တစ်ခါ တစ်ခါချိုးလျှင် စိတ်မရှည်ချင်လောက်အောင် ကြာတတ်၏။

ရေချိုးခန်းရှေ့မှစောင့်ရင်တော့ ကျောက်ရုပ်ဖြစ်သည်အထိ သန္တာက ထွက်လာမှာမဟုတ်။ ထို့ကြောင့် မေခက သက်ပြင်း ကို ဟင်းခနဲချလိုက်ပြီး အခန်းမှစောင့်ရန်သာ ပြန်လျှောက်လာ တော့သည်။

သို့သော် သူမအခန်းရှေ့သို့ရောက်တော့ စိတ်ကူးက ပြောင်း သွားသည်။

အင်း…မမြတ်မွန်များ ဧည့်ခန်းထဲမှာ စာထိုင်ဖတ်နေတုန်းပဲ လားမသိဘူး။ သူနဲ့ စကားပြောရင်း စောင့်နေတာ ကောင်းမယ် ထင်တယ်။





ထိုသို့တွေးလိုက်ပြီး အခန်းရှေ့တွင် ရေချိုးရာတွင်သုံးသော တိုလီမိုလီပစ္စည်းတွေကိုချကာ ဧည့်ခန်းဘက်သို့ ထွက်လာခဲ့၏။

ထိုအချိန်မှာပင်…

"ရှပ်…ရှပ်…ရှပ်…ရှပ်…"

ရုတ်တရက် ခြေသံလိုလို အသံတစ်သံကို ကြားလိုက်ရသော ကြောင့် မေခ နောက်သို့လှည့်ကြည့်လိုက်သည်။ စိတ်ထဲမှလည်း သန္တာများ ရေချိုးခန်းထဲက ထွက်လာပြီလားမသိဘူးဟု တွေး လိုက်မိသည်။

သို့သော် သူမ အနောက်ဘက် လှေကားလမ်းပေါ်တွင် မည်သူမှမရှိနေပါ။

"ဟင်…ဘယ်သူမှလည်းမရှိဘူး"

သူမက အံ့အားသင့်စွာရေရွတ်လိုက်ရင်း ဘေးဘယ်ညာ ကို ကြည့်လိုက်သည်။

ခုနက ငါ ခြေသံလိုလို အသံတစ်သံကို ကြားလိုက်မိပါ တယ်။ ဒါမှမဟုတ် ငါ နားကြားလွဲတာလား။

မေခ စဉ်းစားရခက်သွားပြီး ခန္ဓာကိုယ်ကို အရှေ့သို့ပြန်လှည့် လိုက်သည်။ ထို့နောက် သူမ ဆက်လျှောက်လာခဲ့၏။ သို့သော် ခဏလောက်ကြာသွားသည့်အချိန်မှာပင် ခုနက အသံများက ထပ်ထွက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှပ်...ရှပ်...ရှပ်...ရှပ်..."

"ရှပ်...ရှပ်...ရှပ်...ရှပ်..."

ဒီတစ်ခါတော့ သူမ နားကြားလွဲတာမဟုတ်မှန်း သေချာသွားပြီ။ သူမက အာရုံကိုစုပြီး အသံလာရာဘက်သို့ နားစွင့်ကြည့်လိုက်သည်။

ခြေသံလို အသံတစ်ခု။

ဖြည်းဖြည်း ညင်ညင်သာသာလေး ရွေ့လျားနေသည်။ သူမက သိပ်မကြားရသလိုရှိသည်နှင့် မျက်လုံးကိုမှိတ်ပစ်လိုက်သည်။

ဟုတ်ပြီ...ဟုတ်ပြီ...

မေခက မျက်လုံးကိုမှိတ်ကာ အသံထွက်ပေါ်နေသည့် နေရာသို့ တဖြည်းဖြည်းတိုးကပ်သွားနေသည်။ နားထဲမှအသံတွေ တိတ်သွားမှ မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။

ဟင်...

မထင်မှတ်ထားသောကြောင့် နှုတ်မှ ဟင်ဆိုသောအသံက ထွက်သွားသည်။ သူမ သေချာအောင်ထပ်ကြည့်လိုက်ပြန်သည်။

ဟုတ်ပါတယ်၊ ဒါ လူမနေဘဲ ပိတ်ထားတဲ့အခန်းပါ...။

ချက်ချင်းဆိုသလိုပင် သူမ ကြက်သီးမွှမွှထသွားသည်။ ရင်ထဲကပင် လှုပ်ခနဲဖြစ်သွားပြီး ခြေဖျားလက်ဖျားတွေ အေးစက်





လာ၏။

မြစိမ်းရောင်ပြောသလို အသံတွေကြားနေရတယ်ဆိုတာ တကယ်ပဲလားမသိဘူး။

ဟော...နောက်တစ်ကြိမ် ထပ်ကြားရပြန်ပြီ။

နောက်ဆုံးအနေနဲ့ မေခက အရဲစွန့်ကာ အခန်းတံခါးနှင့် ပါးအပ်ကာ နားထောင်လိုက်သည်။ ခြေသံတွေက သူမနှင့် တဖြည်းဖြည်းနီးလာသည်။ ပို၍ပို၍လည်း ကျယ်လောင်လာပြီး ခြေသံမှန်း သဲကွဲသလိုရှိလာ၏။

မေခ မျက်လုံးကို နောက်တစ်ကြိမ်မှိတ်လိုက်ပြီး အားစိုက်နားထောင်လိုက်သည်။

ထိုအချိန်မှာပင်...

လူသေကောင်ကဲ့သို့ အေးစက်နေသည့် လက်တစ်ဖက်က သူမပခုံးကို လာရောက်ထိကိုင်လိုက်လေသည်။

"အောင်မလေး"

* * *

သူမ လန့်အော်မိလိုက်ပြီး နောက်သို့ ချာခနဲလှည့်ကြည့်လိုက်သည်။ သူမအနောက်တွင်တော့ တခစ်ခစ်ရယ်မောနေသည့် မမြတ်မွန်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခစ်...ခစ်...ခစ်...တော်တော်လန့်သွားသလား မေခ"

မမြတ်မွန်က သူ့ထုံးစံအတိုင်း မျက်ရည်များထွက်လာသည်အထိ အူလှိုက်သဲလှိုက် ရယ်မောနေသည်။ သူမက မျက်နှာကို ဟန်မပျက်ထိန်းရင်း...

"မေခက ခြေသံလိုလို အသံတစ်ခုကို ကြားရလို့ နားထောင်ကြည့်နေတာ။ နောက်ဆုံး မမြတ်မွန် ဖြစ်နေတာကိုး..."

ဟု မကြောက်သယောင်ယောင်ဖြင့် ပြောလိုက်သည်။

တကယ်တော့ သူမ လိပ်ပြာလွင့်မတတ် ကြောက်လန့်သွားသည်ကိုတော့ ကိုယ့်ကိုယ်ကို သိနေ၏။ ထိုအချိန်တွင် သန္တာက ရေချိုးခန်းထဲမှ ပြန်ထွက်လာပြီး ရေစိုနေသော ဆံစများကို တဘက်ဖြင့်သုတ်ရင်း လျှောက်လာနေသည်။

မေခက မမြတ်မွန်ရှေ့မှပင် အလျင်အမြန်ထွက်လာခဲ့သည်။ စိတ်ထဲတွင်လည်း မေးခွန်းများဖြင့် မတင်မကျဖြစ်နေခဲ့သည်။

တရှပ်ရှပ်ကြားခဲ့ရသည့် အသံ၊ ပိတ်ထားတဲ့အခန်း...

ထိုအရာတွေအားလုံးက သူမခေါင်းထဲတွင် ပဟေဠိတစ်ခုလို ရစ်ဝဲအုံ့ဆိုင်းနေသည်။

■





## အခန်း [ ၅ ]

မေခ တစ်ညနေလုံး အခန်းအောင်းနေခဲ့သည်။ ခေါင်းထဲတွင်လည်း စိတ်ညစ်ညူးမှုဝေဒနာကြောင့် မှိုင်းဝေနောက်ကျိနေကာ ရင်တစ်ခုလုံးလည်း တင်းကျပ်ပိတ်လှောင်နေခဲ့၏။ ခုတစ်ပေါ်တွင် ဟိုလိုမ့်ဒီလိုမ့်နှင့် အချိန်တော်တော်ကြာ နေခဲ့ရသဖြင့် စိတ်အိုက်လာကာ ကန်ရေစပ်သို့ သွားထိုင်ရန် စိတ်ပိုင်းဖြတ်လိုက်၏။

ထိုကြောင့် သူမက အခန်းထဲမှထွက်လာကာ ကန်ရေစပ်သို့ လျှောက်လာခဲ့သည်။ ခါတိုင်း ကန်ရေစပ်သွားရာလမ်းသည် ခြေလှမ်းအနည်းငယ်သာ လျှောက်ရပေမယ့်လည်း ဒီကနေ့တော့ အချိန်တော်တော်ကြာအောင် လျှောက်နေရသည်ဟု ခံစားရသည်။

သူမက ကန်ရေစပ်ရှိ ထိုင်ခုံတွင်ဝင်ထိုင်ရင်း ဝန်းကျင်၏ ညအလှကို ခံစားကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက ညကောင်းကင်တွင် တအိအိလွင့်စင်နေပြီး သစ်ကိုင်းသစ်ရွက်တွေက လင်းတစ်ဝက် မှောင်တစ်ဝက်နှင့် မှိုင်းလက်တောက်ပနေသည်။ မတိုက်ခတ်ဘူးလို့ ထင်ရလောက်အောင်ပင် ငြိမ်သက်အေးမြစွာ တိုက်ခတ်နေသည့်လေက နွဲ့ပျောင်းညင်သာလှသည်။

ကြယ်ရောင်၊ လရောင်တို့၏ အလင်းဖြင့် ကန်ရေပြင်သည် ငွေမှုန်တွေဖြန့်ကြဲထားသည့်အလား တလက်လက်တောက်ပနေ၏။ အားလုံးက အိပ်မက်ထက်တောင် သာယာလှပနေသည်။

သို့ရာတွင် ထိုသာယာလှပမှုတွေက သူမရင်ထဲသို့ မစီးဆင်းလာပါ။ သီးခြားစီသာ တည်ရှိနေသည်။

သူမပဲ မှားယွင်းနေသည်လား။ ဒါမှမဟုတ်...

မေခက ငြိမ်သက်နေသည့်ရေပြင်ကို မကျေမနပ်ဖြစ်ကာ ခဲတစ်လုံးနှင့် ပစ်ပေါက်လိုက်သည်။ သူမရင်ထဲတွင်တော့ အရာအားလုံးက မှိုင်းဝေနောက်ကျိနေသည်။ စိတ်တစ်ခုလုံးက အဝေးတစ်နေရာဆီမှာ မွှမွှကြေကွဲလျက်...”

သူမက သက်ပြင်းကို လေးလံစွာချလိုက်ပြီး လှုပ်ခတ်သွားသည့် ရေပြင်ကို ကြည့်လိုက်၏။ တစ်ညနေတည်းတွင် စိတ်မကျေနပ်စရာ အဖြစ်အပျက်နှစ်ခုက သူမရင်ထဲသို့ အလျှိုလျှိုတိုးဝင်လာခဲ့သည်။





သူမ မကျေနပ်ဆုံးက ကိုကို...။

“ကိုကိုဆိုသည်မှာ သူမ၏ချစ်သူဖြစ်ပြီး ပြင်ဦးလွင်တွင်နေထိုင်ကာ သိုးမွေးဆွယ်တာလုပ်ငန်းတစ်ခုကို လုပ်ကိုင်နေသူဖြစ်သည်။ အမည်ရင်းက ကိုကိုမောင်ဖြစ်ပြီး သူမထက် နှစ်,နှစ်သာကြီး၏။)

ကိုကိုက သူမ ရန်ကုန်မှာအလုပ်လာလုပ်သည်ကို အစကတည်းက မကြည်ဖြူခဲ့။ ဒီနေ့ညနေတွင်လည်း သူမနှင့် ကိုကို ထိုကိစ္စနှင့်ပတ်သက်ပြီး ဖုန်းထဲတွင် ရန်ဖြစ်ခဲ့ရသည်။

ထို့အပြင် သူမက ဘာမှပြန်မပြောနိုင်ခင်မှာပင် ကိုကို့ဘက်မှ ဖုန်းချသွားခဲ့လေသည်။ ထိုကိစ္စကြောင့်ပင် သူမ စိတ်တွေ အကြီးအကျယ် အနှောင့်အယှက်ဖြစ်ရခြင်းဖြစ်သည်။

တကယ်တော့ ကိုကို့ကို စကားတစ်ခွန်းနှစ်ခွန်းလောက်တော့ ပြန်တုံ့ပြန်ခဲ့သင့်သည်။

သူမ ဘာလို့ ပြန်မပြောခဲ့တာပါလိမ့်...?

လေက ခပ်ဖွဖွတိုက်ခတ်လိုက်သောကြောင့် လွင့်ဝဲသွားသည့် ဆံနွယ်စတွေကို အသာဆုပ်ဖမ်းရင်း သူမက ကန်ရေပြင်ပေါ်မှ အကြည့်တွေကို ခွာလိုက်သည်။

တစ်ဖက်ကမ်းပါးဆီမှ မီးရောင်လဲ့လဲ့က ရေပြင်ပေါ်တွင် လှပစွာယိမ်းနွဲ့နေသည်။ လေနှင့်အတူ ခပ်လှမ်းလှမ်းမှ သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းမန်တွေဆီမှ ဆွတ်ပျံ့ဖွယ်ရနံ့ကလည်း ပြေပြေလေး လွင့်မျော နေလေရဲ့ . . .။

ကောင်းကင်နှင့်အတူ ညက တစ်စတစ်စ ပြာမှောင်လာသည်။

မေခက လက်မှနာရီကိုကြည့်လိုက်သည်။ ည ကိုးနာရီခွဲ . . .။

သူမက သက်ပြင်းမောကို အသာချလိုက်ပြီး အဆောင်သို့ ပြန်ရန် ထလိုက်၏။ အချိန်တော်တော်ကြာကြာ ထိုင်ခဲ့လို့ထင်သည်။ သူမခြေထောက်ဆီမှ ဆစ်ခနဲဖြစ်သွားသည်ကို ခံစားရလိုက်သည်။

ထိုစဉ် . . .

"ဟင် . . . မေခက ဒီမှာလေ"

ထိုအသံနှင့်အတူ မမြတ်မွန်နှင့် သန္တာ . . .။ လက်ထဲတွင် လက်ဖက်ပန်းကန်ကိုင်လျက် သူမထိုင်နေသည့်နေရာသို့ လျှောက်လာနေကြသည်။

လက်ဖက်စားရင်း စကားတွေဖောင်ဖွဲ့ဦးမလို့ထင်သည်။ ထိုသို့တွေးရင်း သူမက ဝတ်ကျေတန်းကျေ ပြုံးပြလိုက်ကာ ပြန်ထိုင်လိုက်၏။ အခုကျမှ ထထွက်သွားရင်လည်း မကောင်းတော့ . . .။

"သန္တာတို့က မေခ အိပ်နေပြီထင်လို့ . . .။ အခု





တော့ သူက ဒီမှာ တစ်ယောက်တည်း လာထိုင်နေ တယ်"

သန္တာက တတွတ်တွတ်ပြောရင်း သူမဘေးရှိ ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ မမြတ်မွန်က မေခ မျက်နှာမသာမယာဖြစ်နေသည်ကို မြင်သွားပြီး . . .

"ဘာဖြစ်နေတာလဲ မေခ၊ ညနေတုန်းက အစ်မ စ,လိုက်လို့ စိတ်ဆိုးနေတာလား"

ဟုပြောကာ သူမပခုံးကို ဖွဖွဆုပ်ကိုင်လိုက်သည်။

"မဟုတ်ပါဘူး မမြတ်မွန်ရယ်၊ မေခမှာ တခြား စိတ်ညစ်စရာလေးတွေ ရှိလို့ပါ"

သန္တာနှင့် မမြတ်မွန်က သူမဆီမှ စိတ်ညစ်စရာဆိုသော စကားကြောင့် ထူးထူးဆန်းဆန်းဖြစ်သွားကာ တအံ့တသြနှင့် မေခကိုကြည့်ကြ၏။

မေခက အမြဲလိုလို အပူအပင်ကင်းစွာ ပျော်ပျော်နေတတ်သူ ဖြစ်သည်။ ထို့အပြင် အလုပ်လုပ်နေသည်မှာလည်း ငွေရေးကြေးရေးကြောင့်မဟုတ်ဘဲ ရန်ကုန်တွင် သင်တန်းလာတက်ရင်း အတွေ့အကြုံရအောင် လုပ်နေခြင်းဖြစ်၏။

ထို့ကြောင့်ပင် မမြတ်မွန်က . . .

"ဘာစိတ်ညစ်စရာလဲ . . .။ အစ်မတို့ကို ပြောပြဦး



www.burmeseclassic.com

www.burmeseclassic.com



လေ။ ဖြေရှင်းလို့ရရင်လည်း အတူတူ ဖြေရှင်းပေးလို့ ရတာပေါ့…”

ဩော်…ဘာမှတော့ ထွေထွေထူးထူးမဟုတ်ပါဘူး။ ကိုကိုနဲ့ ဖုန်းထဲမှာ ရန်ဖြစ်ခဲ့လို့ပါ”

ဟုဆိုကာ အစအဆုံးပြောပြလိုက်တော့သည်။ မမြတ်မွန်က သူမပြောနေသမျှကို ပြုံးပြုံးနှင့်သာ နားထောင်ရင်း လက်ဖက်စားနေ၏။ ထို့နောက်တွင်တော့ မေခစကားကို အကြောင်းပြုပြီး မမြတ်မွန်က ရည်းစားဦးကာဖွင့်လေတော့သည်။

မေခကတော့ ထိုအကြောင်းအရာတွေကို စိတ်မဝင်စားဘဲ ကိုကို့ကိစ္စနှင့် ခြေသံတရုပ်ရုပ်ကြားရသည့်ကိစ္စများနှင့်သာ စိတ်က လုံးလည်ချာလည်လိုက်နေသည်။

မမြတ်မွန်နှင့် သန္တာကတော့ လက်ဖက်သုပ်စားလိုက် ရယ်မောလိုက်နှင့် အဆင်ပြေနေသည်။ အချိန်တော်တော်ကြာသွားပြီး မမြတ်မွန် လှမ်းမေးလိုက်သောစကားသံကြောင့် မေခအကြည့်တွေ ပြန်ရွှေ့လျားလာခဲ့သည်။

“ဒါနဲ့ နေပါဦး၊ ညနေက ဟိုအခန်းရှေ့မှာ ကုန်းကုန်းကွကွနဲ့ ဘာလုပ်နေတာလဲ မေခ”

မေခက ထိုမေးခွန်းကြောင့် ရင်မောသွားပြီး သက်ပြင်းကို ချလိုက်ကာ ခြေသံတရုပ်ရုပ်ကြားရသည့်ကိစ္စကို ပြောပြလိုက်၏။





သူမစကားအဆုံးမှာပင် မမြတ်မွန်က အလန့်တကြားဖြစ်သွားပြီး အထိတ်တလန့်လေသံဖြင့်…

“အို…ဟုတ်လား၊ အဲဒီအခန်းက လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက မြစိမ်းရောင်အရင် ဒီဆိုင်မှာ က,ခဲ့တဲ့ အငြိမ့်မင်းသမီးတစ်ယောက် နေခဲ့တဲ့အခန်းပဲ”

“ဟင်…အဲဒါနဲ့ ခြေသံကြားရတဲ့ကိစ္စနဲ့က ဘာဆိုင်လို့လဲ မမြတ်မွန်”

သူမက နားထွေးသွားဟန်ဖြင့် မေးလိုက်သည်။ မမြတ်မွန်က…

“ဆိုင်တယ်…ဆိုင်တယ် မေခ။ အဲဒီ အငြိမ့်မင်းသမီးက ဒီဆိုင်မှာပဲသေသွားတာလေ။ ပြီးတော့လည်း မကျွတ်ဘူးထင်တယ်။ သူနေခဲ့တဲ့အခန်းက ခြေသံလိုလို၊ စကားပြောသံလိုလို အသံတွေ ကြားရတာနဲ့ ဆရာဦးမျိုးချစ်က ပိတ်ထားတာပေါ့”

“ဟင်…ဟုတ်လား…”

“အဲဒီအငြိမ့်မင်းသမီးက အခန်းထဲမှာသေသွားတာလား”

သူမနှင့် သန္တာတို့၏ တစ်ယောက်တစ်ပေါက် မေးလိုက်သော စကားတွေကြောင့် မမြတ်မွန်က ခေါင်းကိုတဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ညိတ်ရင်း သက်ပြင်းချလိုက်သည်။ နောက် ကန်ရေစပ်သို့ လက်ညှိုးထိုးလိုက်ကာ…

"အခန်းထဲမှာသေတာမဟုတ်ဘူး၊ ဟောဒီရေစပ်မှာ သေသွားတာ"

ထိုစကားကြောင့် မေခ ကြက်သီးမွေးညင်းထသွားပြီး မမြတ်မွန် လက်ညှိုးထိုးပြသည့် ရေစပ်ကို မရဲတရဲကြည့်လိုက်သည်။ ရင်ဘတ်တဲတွင်လည်း တဒုန်းဒုန်းမြည်သံတွေက ကျယ်လောင်လာသည်။

အိုး…ဟုတ်ပါရဲ့။ ဒီရေစပ်က လူတစ်ယောက်သေမယ်ဆိုရင် သေလို့ကောင်းတဲ့နေရာပဲ…။ ထိုအတွေးက အဆက်အစပ်မရှိဘဲ ခေါင်းထဲသို့ဝင်လာသည့်အချိန်မှာပင်…

သန္တာက မမြတ်မွန်ကို မေးလိုက်သည်။

"ဘာဖြစ်လို့ ဒီနေရာမှာသေသွားတာလဲ မမြတ်မွန်…"

"အစ်မကြားတာတော့ ရည်းစားနဲ့အဆင်မပြေလို့ ရေထဲခုန်ချပြီး ကိုယ့်ကိုယ်ကို သတ်သေလိုက်တာတဲ့"။ အဲဒီတော့ အစိမ်းသေဖြစ်သွားပြီး မကျွတ်မလွတ် ဖြစ်နေတာပေါ့"

ထိုစကားများကြောင့် သူမရော၊ သန္တာပါ မျက်စိမျက်နှာ





ပျက်သွားကြသည်။ သူမ၏ ရေစပ်သို့ကြည့်နေသော မျက်လုံးတွေကပင် ကြောက်ရွံ့မှုကြောင့် ဝေဝေဝါးဝါးဖြစ်လာသည်။

ထိုနေရာကိုကြည့်နေရသည်ကိုပင် ညအချိန်မတော်ကြီး သချိုင်းအုတ်ဂူတွေကို မြင်နေသကဲ့သို့ ချောက်ချားထိတ်လန့်လာ၏။ တစ်ပြိုင်တည်းလိုလို မသိုးမသန့်ဖြစ်မှုကလည်း သူမစိတ်ထဲသို့ တိုးဝင်လာ၏။

ဒါ တကယ်ပဲလား။ မမြတ်မွန် စ,နေတာရော မဖြစ်နိုင်ဘူးလား။

ပြီးတော့ ငါကြားခဲ့ရတဲ့ ခြေသံတွေ…။ မြစိမ်းရောင်ပြောတော့ တစ်ခါတလေဆို အဲဒီအခန်းထဲက စကားပြောသံတွေကို ကြားရတယ်တဲ့။ ဒါဆို အဲဒီအငြိမ့်မင်းသမီးက တကယ်ပဲ မကျွတ်ဘူးပေါ့။

ဘုရား…ဘုရား…မဟုတ်ပါစေနဲ့။

သူမအတွေးတွေအားလုံးက ကသောင်းကနင်းဖြစ်ကုန်၏။ လက်ဖျားခြေဖျားတွေလည်း အေးစက်ထုံကျင်လာပြီး သွေးခုန်နှုန်းတွေ မြန်လာသည်။

သူမ လပေါင်းတော်တော်ကြာအောင် နေခဲ့သည့် အဆောင်က သရဲခြောက်သတဲ့…။

အမြင်အာရုံထဲတွင်လည်း ခုနက ငြိမ်သက်နေခဲ့သည့် ရေပြင်



www.burmeseclassic.com

www.burmeseclassic.com



က တဗွမ်းဗွမ်းလှုပ်ခတ်နေသည်ဟု ထင်နေမိသည်။ နောက်ဆုံးတွင်တော့ ဝင်လာသော ကြောက်စိတ်တွေကို မောင်းထုတ်ရန်အတွက် စိတ်ကိုတင်းထားလိုက်၏။

သန္တာနှင့် မမြတ်မွန်ကတော့ အတွေးကိုယ်စီဖြင့် ငြိမ်နေသည်။

မေခက အခုကျမှ ဖျားချင်သလိုဖြစ်သွားပြီး အိပ်ခန်းဆီသို့ ပြန်လာခဲ့သည်။ စိတ်ထဲတွင်လည်း မမြတ်မွန်လျှောက်ပြောသည်ဟုသာ ယူဆလိုက်၏။

တကယ်တော့ နောက်ရက်အနည်းငယ်ကြာသောအခါ ထိုအဖြစ်အပျက်တွေက ပြန်လည်လှုပ်ရှား အသက်ဝင်လာလိမ့်မည်ကို ကြိုတင်သိရှိနေဖို့ ကောင်းခဲ့သည်မဟုတ်ပါလား...။

■





## အခန်း [ ၆ ]

စနေနေ့ည...။

အိပ်မက်ကျွန်းစားသောက်ဆိုင်လေးသည် ရောင်စုံမီးများဖြင့် လင်းထိန်နေ၏။ ဆိုင်၏အတွင်းဘက်၌လည်း စားသောက်နေကြသည့် ဧည့်သည်များနှင့် ပြည့်လျှံနေသည်။ အထူးသဖြင့် ယနေ့ညတွင် နိုင်ငံခြားသားဧည့်သည်များအတွက် အထူးကျင်းပသော ဧည့်ခံပွဲဖြစ်သည်ကြောင့် ဆိုင်ရှိဝန်ထမ်းအားလုံးက အမှားအယွင်းမရှိအောင် အထူးဂရုစိုက်နေကြရသည်။

ဆိုင်အတွင်းရှိ Stage ပေါ်တွင်တော့ ယဉ်ကျေးလှပစွာ က,ပြနေသည့် မြစိမ်းရောင်။

ဖျိုးဖျိုးဖျပ်ဖျပ် လင်းလက်နေသည့် မကိုဋ်တစ်ခုက သူမ ဦးခေါင်းထက်တွင်...။ ကိုယ်ခန္ဓာတစ်ချက် ယိမ်းညွတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝဲလွင့်လူးသွားသည့် ဖဲသားအစိမ်းရောင် ဝတ်ရုံလွှာက သူမနောက်ကျောတစ်ပြင်လုံးကို အပြည့်ဖုံးလွှမ်းထားလျက်။ စည်းချက်နှင့်အညီ ကော့ညွှတ်လိုက်သည့် လက်အစုံတွင်လည်း အနီရောင်ကတ္တီပါလက်စည်းတစ်စုံ...။

ထိုအရာများနှင့် မြစိမ်းရောင်က ဇေ့ဝိုက်ယိမ်းနွဲ့စွာ က,နေ၏။ သူမ၏အချိုးအငင်၊ အကွေ့အဝိုက် အကွက်ဆန်းများကြောင့် ကြည့်ရှုနေသည့် လူအားလုံး မှင်တက်မိနေကြ၏။

လင်းတစ်လှည့် မှောင်တစ်ချီ ပြောင်းလဲနေသော ရောင်စုံမီးများနှင့်အတူ သာယာငြိမ့်ညောင်းသော တူရိယာသံများကလည်း တိုးတိုးညင်ညင်သာသာ ထွက်ပေါ်နေသည်။

ဒီနေ့တွင်တော့ မြစိမ်းရောင် ကပြနေသည်မှာ အရင်နေ့များနှင့် မတူဘဲ ကြည့်လို့ကောင်းနေ၏။

မေခပင် ဆိုင်အနောက်ဘက်ကျကျတွင်ရှိသော စားပွဲဝိုင်းတစ်ခု၌ ကြည့်နေရင်း မြစိမ်းရောင်၏အကတွင် နစ်မွန်းပျော်ဝင်နေ၏။ သူမက မြစိမ်းရောင် ညစဉ်ညတိုင်း ကသည်ကို အကြိမ်ကြိမ် အခါခါ ကြည့်ဖူးခဲ့သည်။ သို့ရာတွင် တစ်ကြိမ်တစ်ခါမှ ဒီလောက်ကြည့်မကောင်းခဲ့။ ယခုအခါတွင်တော့ မြစိမ်းရောင် ကပြနေသည်မှာ မယုံကြည်နိုင်လောက်အောင်ပင် ကြည့်လို့ကောင်းနေသည်။ မေခက မြစိမ်းရောင်၏ လုပသည့်ကကွက်များ





ကြောင့် ပတ်ဝန်းကျင်ကိုပင် မေ့လျော့သွားသည်။ ဘေးနားမှ ဦးမျိုးချစ် ရောက်လာသည်ကိုပင် သတိမထားမိခဲ့။

ဦးမျိုးချစ်က...

"ဒီနေ့ မြစိမ်းရောင်က,တာ တော်တော်ကောင်းတယ်နော်"

ထိုအခါကျမှ သူမက သတိဝင်လာပြီး...

"ဟုတ်တယ် ဆရာ၊ မေခတောင် မြစိမ်းရောင်ကို ဒီလောက်မထင်ထားဘူး"

ထိုအချိန်မှာပင် မြစိမ်းရောင်၏ ကကွက်ပြီးသွား၍ လက်ခုပ်သံ တဖြောင်းဖြောင်းက ဆိုင်အတွင်းတွင် ညံစီသွားသည်။ ထို့နောက် အလှည့်ကျသူ နောက်တစ်ယောက်က စင်ပေါ်သို့ တက်လာကာ စန္ဒရားကို လက်စွမ်းပြ တီးခတ်လေသည်။

မေခက စိတ်ထဲတွင် မရှင်းသည်ကိုမေးရန် ဦးမျိုးချစ်ကို ကြည့်လိုက်သည်။ ဦးမျိုးချစ်က လက်နှစ်ဖက်ကိုပိုက်၍ Stage ဘက်ကိုကြည့်ကာ ခေါင်းတညိတ်ညိတ်လုပ်နေသည်။

သူမက...

"ဆရာ ဒီဝတ်စုံကို နှစ်ရက်အတွင်း ဘယ်လိုစီစဉ်လိုက်တာလဲ၊ ပြီးတော့ မြစိမ်းရောင်ရဲ့ ကိုယ်တိုင်းကို မသိဘဲချုပ်ထားတာလည်း အားလုံး ကွက်တိပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးချစ်က ဖြည်းညင်းစွာပြုံးလိုက်ပြီး...

"ပထမတော့ ကိုလည်း ဝတ်စုံငှားတဲ့ဆိုင်တွေမှာ လိုက်စုံစမ်းကြည့်သေးတယ်။ နောက်ဆုံး ဘယ်လိုမှ အဆင်မပြေတာနဲ့ အရင် ဒီဆိုင်မှာက,သွားတဲ့ အငြိမ့်မင်းသမီးတစ်ယောက်ရဲ့ ဝတ်စုံကို သွားသတိရမိတယ်လေ။ ဒါနဲ့ အကြံရသွားပြီး မြစိမ်းရောင်ကို ပေးဝတ်လိုက်တာ အတော်ပဲဖြစ်နေတာပေါ့။ ဘယ်လိုလဲ...ကြည့်လို့ အဆင်ပြေတယ်မဟုတ်လား..."

ထိုစကားကို ကြားကြားပြီးချင်းမှာပင် အမျိုးအမည်မသိ ခံစားချက်တစ်ခုက သူမတစ်ကိုယ်လုံးကို လွှမ်းခြုံသွား၏။ ကြောက်ရွံ့သွားတာလား၊ အံ့ဩသွားတာလားဆိုတာတောင် သူမ မဝေခွဲတတ်တော့...။

ရေနစ်သေသွားသည့် မိန်းမတစ်ယောက်၏ အင်္ကျီ...။ ပြီးတော့ သူမနေခဲ့တဲ့အခန်းကို ပိတ်ထားတယ်။ ချက်ချင်းဆိုသလိုပင် သူမစိတ်တွေ လေးလံလာကာ တုန်ယင်နေသည့်အသံဖြင့် ဦးမျိုးချစ်ကို မေးလိုက်၏။

"ဟို...ဟို...ဆရာက ဒီဝတ်စုံကို ဘယ်က ဘယ်လို ရှာတွေ့လာလို့လဲ"

"သြော်...အဲဒီအငြိမ့်မင်းသမီးက ဒီဆိုင်မှာပဲ ဆုံး





သွားတော့ အဝတ်အစားသေတ္တာက သူ့အခန်းထဲမှာ ကျန်ခဲ့တယ်လေ။ အဲဒါနဲ့ ဆရာလည်း ညစောင့် ဦးကျော်ညွန့်ကို ယူခိုင်းလိုက်တာ"

မေခ ဘာမှပြန်မပြောနိုင်လောက်အောင် ဖြစ်သွားပြီး ပါးစပ်အဟောင်းသားပွင့်သွားလေ၏။ ဦးမျိုးချစ်ကတော့ ဘာမှမမြင်သလိုပင် Stage စင်ကို ကြည့်နေ၏။

သူမသာ ကြားလိုက်ရသောစကားများကြောင့် ရင်တစ်ခုလုံး ဗလောင်ဆူသွားသည်။

စိတ်ထဲ၌လည်း တစ်ခုခုမှားယွင်းနေသလို ခံစားရသည်။

မြစိမ်းရောင်က,တာ ဒီနေ့ ကောင်းနေတယ်ဆိုတာ အဲဒီဝတ်စုံကိုများ ဝတ်ထားလို့လား။

အစိမ်းသေ သေသွားတဲ့လူရဲ့ ပစ္စည်းတွေမှာ မကောင်းဆိုးဝါးတွေ ခိုကပ်နေတတ်တာပဲ...။

ဟင်...ဒါဆိုရင် မြစိမ်းရောင်က,တာ မဟုတ်ဘဲ တခြားတစ်ယောက်ယောက်များ ဖြစ်နေခဲ့ရင်...

ဘုရား...ဘုရား...ဟု ရေရွတ်ရင်း သူမ ဆက်မတွေးဖြစ်တော့။ ထိုမျှလောက်နှင့်ပင် သူမစိတ်တွေ ကယောင်ချောက်ချားဖြစ်လာနေသည်။

ဘာကြောင့်မှန်းလဲမသိ။ ဖောချွေးများလည်း တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပျံ့လာလေ၏။

သူမသာဆိုရင်တော့ သေပြီးသားလူ့ရဲ့အင်္ကျီကို ဘယ်လိုမှ ဝတ်ဆင်ရဲမှာမဟုတ်။ ဒီအကြောင်းကို မြစိမ်းရောင်ကို ပြောလို့ မဖြစ်ဘူးဟု သူမက တွေးလိုက်ပြီး ဦးမျိုးချစ်ကို လှည့်ကြည့်လိုက်၏။

သို့သော် ဦးမျိုးချစ်က ဘယ်အချိန်က ဘယ်လို သူမအနားမှ ထွက်သွားသည်မသိ။ ထိုနေရာတွင် သူမသာ တစ်ယောက်တည်း ကျန်ခဲ့သည်။

မေခက ဆိုင်အတွင်းသို့ အကဲခတ်ကြည့်လိုက်သည်။ အားလုံးက အေးအေးဆေးဆေးပင်။ ဆိုင်မှဝန်ထမ်းအားလုံးကလည်း ကိုယ့်တာဝန်ကိုယ်ကျေပွန်စွာ ထမ်းဆောင်နေကြ၏။

ခုနက သာယာငြိမ့်ညောင်းခဲ့သော ဂီတသံစဉ်များက အခုတွင်တော့ သူမနားထဲတွင် ဆူညံလာ၏။ ရောင်စုံမီးတဖျပ်ဖျပ်ကလည်း သူမကို မူးနောက်ရီဝေနေစေသည်။

သူမ ဆိုင်အနောက်ဘက်တံခါးမှတစ်ဆင့် အပြင်သို့ ထွက်လာခဲ့သည်။

ဆိုင်အပြင်ဘက်တွင်တော့ လတ်ဆတ်အေးမြသည့်လေများက တဖြူးဖြူးတိုက်ခတ်နေသည်။ ထိုလေကပင် သူမ၏ ညစ်နွမ်းနေသည့်စိတ်ကို အနည်းငယ်သက်သာရာရနေစေသည်။





မေခက ရပ်နေသည့်နေရာမှ သူမတို့အဆောင်ကို လှမ်းကြည့်လိုက်၏။ လူရိပ်လူယောင် မတွေ့ရသော်လည်း မီးများကတော့ လင်းထိန်နေသည်။

သို့ရာတွင် ဧည့်ခန်းနှင့်ကပ်လျက်အခန်းကတော့ မှောင်မိုက်ငြိမ်သက်နေ၏။

သူမက ထိုအခန်းကိုကြည့်ရင်း စိတ်ထဲမှ တဖြည်းဖြည်းကြောက်လာသလို ခံစားနေရသည်။

ဘာဖြစ်လို့ကြောက်နေရတာလဲ မေခ။ အဲဒီအခန်းထဲမှာ ဘာရှိလို့လဲ။ လူမနေတဲ့အခန်းကြီးပဲ။ ထိုသို့တွေးနေစဉ်မှာပင် သူမနောက်ကျောဘက်မှ အသံတစ်သံကို ကြားလိုက်ရသည်။

"အစ်မ…ဒီမှာဘာလုပ်နေတာလဲ"

သူမ လှည့်ကြည့်လိုက်တော့ ဆိုင်မှ လျှပ်စစ်တာဝန်ခံ ကျော်ကျော်။ ကျော်ကျော်က သူမထက် အသက်အနည်းငယ်ကြီးသော်လည်း မေခကိုတော့ အစ်မသာ ခေါ်လေ့ရှိသည်။ အမြဲလိုလို မျက်နှာက ပြုံးချိုနေတတ်ပြီး သဘောကောင်းသောကြောင့် တစ်ဆိုင်လုံးရှိ ဝန်ထမ်းအားလုံးက သူ့ကိုခင်ကြလေသည်။

ယခုလည်း အလူမိနီယံလှေကားကို သယ်ယူလာရင်း မေခကို နှုတ်ဆက်လိုက်၏။ မေခက ကျော်ကျော့်ကို တွေ့လိုက်ရသောကြောင့် မီးလုံးလဲရန်ကိစ္စကို သတိရသွားပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ကျော်၊ နင့်ကိုတွေ့တာနဲ့ အတော်ပဲ၊ ငါတို့အဆောင်ထဲက မီးလုံးတစ်လုံးကို မီးချောင်းနဲ့ လဲတပ်ချင်လို့ဟာ လုပ်ပေးပါဦး။ ကြာရင် ငါတို့လည်း ဟိုခလုတ်တိုက် ဒီခလုတ်တိုက်နဲ့ ခြေမတွေလည်း ပုပ်တော့မယ်"

"ဟုတ်ကဲ့၊ လဲပေးမယ်လေ အစ်မ၊ ဘယ်တော့လဲပေးရမလဲ"

"အခုလဲပေးဟာ၊ တော်ကြာ မလဲဖြစ် မလဲဖြစ်နဲ့ အချိန်တွေကြာသွားဦးမယ်၊ နင်ကလည်း နင့်အလုပ်နဲ့နင် ရှုပ်နေတာ၊ ငါကလည်း မေ့တတ်တာနဲ့ဆိုတော့ မလဲဖြစ်ဘူး ဖြစ်နေတာလေ"

ကျော်ကျော်က မေခပြောသည်ကို ခဏလောက်စဉ်းစားကြည့်နေသည်။ နောက်မှ…ခေါင်းကိုညိတ်ရင်း…

"အင်း…လဲလေအစ်မ၊ ကျွန်တော် မီးချောင်းသွားယူလိုက်ဦးမယ်၊ အစ်မ ဒီကစောင့်နေလေ"

ဒီကစောင့်ဆိုသော စကားကြောင့် မေခက အနည်းငယ်အံ့အားသင့်သွားပြီး…

"မဟုတ်ဘူးလေ ကျော်ကျော်၊ ငါမလိုက်တော့ဘူး၊ နင့်ဘာသာနင်ပဲ သွားလဲလိုက်ပေါ့၊ ငါက ဒီမှာ





ဆိုင်သိမ်းရင် စာရင်းချုပ်ရအောင် စောင့်နေတာ"

ချက်ချင်းပင် ထိုစကားကြောင့် ကျော်ကျော် မျက်နှာအိုကျသွားပြီး တောင်းပန်တိုးလျှိုးသောအသံဖြင့်…

"ဟာ…လိုက်ခဲ့ပါ အစ်မရာ၊ မီးလုံးနဲ့ မီးချောင်းလဲတာ ဘယ်လောက်မှ မကြာပါဘူး၊ ကျွန်တော်တစ်ယောက်တည်း အစ်မတို့အဆောင်ကို မသွားရဲဘူးဗျ၊ သရဲကြောက်တယ်"

မေခက ကျော်ကျော့်စကားကြောင့် စိတ်ထဲတွင် ကျိတ်ရယ်မိလိုက်သည်။ ကျော်ကျော်က မြစိမ်းရောင်ကို ကြိတ်ပိုးနေသူဖြစ်ပြီး သူမကဲ့သို့ပင် သူရဲကြောက်တတ်၏။ မြစိမ်းရောင်က ကျော်ကျော့်ကို ပြန်ကြိုက်ချင်ပေမယ့် တစ်ခါတလေတွင် ကျော်ကျော်က ကမူးရှူးထိုးလုပ်တတ်သဖြင့် အဖြေမပေးဘဲ နေနေခြင်းဖြစ်သည်။

မေခက ကျော်ကျော်နဲ့ မြစိမ်းရောင် လိုက်ဖက်ပါပေတယ်ဟု စိတ်ထဲမှတွေးရင်း…

"နင်ကလည်း ယောကျ်ားလေးဖြစ်ပြီး ကြောက်တတ်လိုက်တာ လွန်ပါရော၊ ဒါ့ဆိုလည်း မီးချောင်းမြန်မြန်သွားယူ၊ မကြာစေနဲ့နော်၊ ငါ ဒီကစောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်က ဟုတ်ကဲ့ဆိုပြီး ကိုင်လာသော အလူမီနီယံ လှေကားကို ချထားခဲ့ကာ မီးချောင်းသွားယူလေသည်။ တအောင့်ကြာမှ ပြန်ရောက်လာပြီး…

"မီးချောင်းကလည်း ကောင်းတာကို မနည်းရှာယူလာရတယ်၊ ကျန်တဲ့ဟာတွေက တစ်ဖက်ကျွမ်းလို့ ကျွမ်းနဲ့ ကောင်းတာကို တစ်ခုမှမရှိဘူး"

ကျော်ကျော်က မောကြီးပန်းကြီးနဲ့ပြောရင်း လှေကားကို မ,လိုက်၏။ ထို့နောက် မေခနှင့် ကျော်ကျော်တို့ အဆောင်ဘက်သို့ ထွက်လာခဲ့ကြ၏။

လမ်းတစ်လျှောက်လုံးတွင်လည်း ကျော်ကျော်ကသာ စကားဦးဆောင်ပြောလာခဲ့သည်။ သူမကတော့ ကျော်ကျော်ပြောသမျှကိုသာ နားထောင်လာခဲ့၏။

သို့ရာတွင် ကျော်ကျော်၏ စကားတစ်နေရာအရောက်မှာတော့ သူမ ထိတ်လန့်သွားမိသည်။

"အစ်မတို့ အဆောင်က သရဲခြောက်တယ်ဗျ၊ ဒါကြောင့် ကျွန်တော်တစ်ယောက်တည်း မသွားရဲတာ"

"ဟင်…နင့်ကို ဘယ်သူပြောလဲ ကျော်ကျော်၊ မြစိမ်းရောင်ပြောတာလား၊ ငါတော့ ဒီအဆောင်မှာ





နေတာ တစ်နှစ်ကျော်ပြီ၊ ဘာသရဲမှ အခြောက်မခံဖူးဘူး"

ကျော်ကျော်က မေခကို နားမလည်နိုင်ဟန်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး…

"ဟာ…အစ်မကလည်း ဒါတောင် မသိဘူးလား၊ မခြောက်တော့တာက အစ်မအလုပ်ဝင်ကာနီးမှ မခြောက်တော့တာ၊ အရင်တုန်းကဆိုရင် အရမ်းကို ခြောက်တာ အစ်မရဲ့"

မေခစိတ်ထဲတွင်တော့ ကျော်ကျော် လျှောက်ပြောနေပြီလို့ ထင်လိုက်မိသည်။ ဘာကြောင့်လဲဆိုတော့ ကျော်ကျော်က သူမနောက်မှ ဒီဆိုင်ကို အလုပ်ဝင်လာခဲ့သူဖြစ်၏။

သူမတို့ တစ်ဆိုင်လုံးတွင်ရှိသော လူအားလုံးကလည်း အဆောင်မှာ သရဲခြောက်တယ်လို့ မပြောဖူးကြပေ။ ဒါ့နဲ့များ ကျော်ကျော်က ဘာလို့ လျှောက်ပြောနေရသနည်း။

မေခက ကျော်ကျော့်ကို တစ်ချက်ဟန့်လိုက်သည်။

"နင် မဟုတ်တာတွေ လျှောက်မပြောနဲ့ ကျော်ကျော်၊ ငါတို့အဆောင်မှာ ဘာသရဲမှမခြောက်ဘူး။ ပြီးတော့ နင်က ငါ့နောက်မှအလုပ်ဝင်လာတဲ့လူပါ။ တော်ကြာ ဆရာဦးမျိုးချစ်သိရင် အဆူခံနေရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်က သူမစကားကိုကြားပြီးပြီးချင်းမှာပင် ဟာခနဲ တစ်ချက်အော်လိုက်ပြီး...

"ကျွန်တော် လျှောက်ပြောနေတာမဟုတ်ဘူး အစ်မရဲ့၊ တကယ်ပြောနေတာ၊ ပြီးတော့ ကျွန်တော်က အစ်မထင်သလို အစ်မနောက်မှ အလုပ်ဝင်လာတဲ့သူမဟုတ်ဘူး။ အစ်မ ဒီဆိုင်ကို အလုပ်ဝင်လာခါနီးမှ ကျွန်တော်က နိုင်ငံခြားသွားဖို့ အလုပ်ထွက်သွားတာ။ ပြီးမှ အဆင်မပြေလို့ ပြန်ဝင်လာတာ အစ်မရဲ့။ ကျွန်တော် ဒီဆိုင်မှာအလုပ်လုပ်နေတာ လေးနှစ်လောက်ရှိသွားပြီ"

ကျော်ကျော့်စကားကြောင့် မေခပင် အနည်းငယ် ကြောင်အောင်တောင်ဖြစ်သွားသည်။ သူမက ကျော်ကျော့်ကို နောက်မှ အလုပ်ဝင်လာတဲ့လူလို့ ထင်ထားခဲ့တာ။ အခုတော့ သူ့ အလုပ်လုပ်တာ လေးနှစ်လောက်ရှိပြီတဲ့။

သူပြောတဲ့အတိုင်းဆို ငါတို့အဆောင်မှာ သရဲခြောက်တယ်ဆိုတာ တကယ်ပဲလား။ ဒါမှမဟုတ် ကျော်ကျော်ပဲ ငါ့ကို လျှောက်ခြောက်နေတာလား...။

မေခ မဝေခွဲတတ်တော့။ သူမစိတ်ထဲတွင်လည်း တိမ်မြုပ်နေသော လျှို့ဝှက်ချက်တစ်ခုကို အစဖော်မိလိုက်သလိုမျိုး ခံစား





လိုက်ရသည်။

ကျော်ကျော်က ဆက်ပြောလိုက်ပြန်သည်။

"ဒီအကြောင်းတွေကို ဆရာဦးမျိုးချစ်က မပြောရဘူးဆိုလို့ တစ်ဆိုင်လုံးက ရေငုံနှုတ်ပိတ် နေကြတာ။ အစ်မကိုတောင် ကျွန်တော်က ရင်းနှီးနေလို့ ပြောပြတာ။ ဆရာ့ကိုလည်း သွားပြောမနေနဲ့ဦး"

မေခက ကျော်ကျော့်ကို ခေါင်းညိတ်ပြလိုက်သည်။ လမ်းလျှောက်နေရင်းကပင် ခြေထောက်တွေက လေးလံလာသလို ထင်မိသည်။ သူမစိတ်တွေပင် မှိုင်းညို့သွား၏။

ကျော်ကျော်ပြောသလိုဆို သူမတို့အဆောင်က ကြောက်စရာတော်တော်ကောင်းနေပြီ။ ခါတိုင်း အိပ်မပျော်သည့်ညတွေဆိုလျှင် သူမက အဆောင်အတွင်းတွင် စင်္ကြံလျှောက်နေတတ်၏။ ယခုတော့ ထိုသို့လျှောက်ရမည်ကိုပင် ကြောက်လာမိသည်။

သူမတို့ အဆောင်အနားသို့ရောက်သွားသည့်အချိန်မှာတော့ အနောက်ဘက်ရှိတံခါးက ဖွင့်လာပြီး မမြတ်မွန်ထွက်လာသည်ကို တွေ့လိုက်ရသည်။

မမြတ်မွန်က ကျော်ကျော်နှင့် သူမကိုကြည့်ပြီး...

"ဟင်...လေကားကြီးနဲ့ ဘာလုပ်ကြမလို့လဲ။ အုန်းသီးခူးစားကြမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု နောက်လိုက်၏။ မေခက မမြတ်မွန်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားမိသည်။ နို့မို့ဆိုရင် အဆောင်အတွင်း၌ ယောကျ်ားလေးတစ်ယောက်နှင့် အတူရှိနေသည်မှာ မသင့်တော်လှ။ ထို့ကြောင့်ပင် သူမက မမြတ်မွန်ကိုပြောလိုက်၏။

"ဩော်...လူသွားလမ်းက မီးလုံးကို မီးချောင်းနဲ့ ပြောင်းတပ်မလို့လေ၊ ဒါနဲ့ မမြတ်မွန်က ဆိုင်မှာ မနေဘဲ ဒီမှာ ဘာလာလုပ်နေတာလဲ"

"အမယ်လေးဟယ်...ဗိုက်နာလာလို့ အိမ်သာ ခဏလာတက်တာပါအေ၊ အခုပဲ ဆိုင်ကိုပြန်သွားမလို့၊ ဆိုင်မှာလည်း ဧည့်သည်တွေ ရှင်းသလောက်ဖြစ်နေပါပြီ မန်နေဂျာမကြီးရယ်..."

မမြတ်မွန် ပြန်ပြောလိုက်သည်ကို မေခက တခစ်ခစ်ရယ်လိုက်ရင်း...

"ဒါဆိုလည်း မသွားနဲ့ဦး၊ ကျော်ကျော့်ကို စောင့်ပေးလိုက်ပါဦး၊ မေခ ခေါင်းနည်းနည်းမူးနေလို့ ရေစပ်သွားပြီး လေရှုလိုက်ဦးမယ်"

မမြတ်မွန်က မဲ့ရွဲ့ပြကာ ကျော်ကျော့်ကိုခေါ်၍ အထဲသို့ ပြန်ဝင်သွားသည်။ ကျော်ကျော်က လေကားကို အလျားလိုက်ပြောင်းကိုင်လိုက်ပြီး မမြတ်မွန်နောက်သို့ လိုက်သွား၏။





မေခ အခုမှပင် ဟင်းခနဲ သက်ပြင်းချနိုင်တော့ပြီး ရေစပ်သို့ ထွက်လာခဲ့၏။

* * *

မေခ ရေစပ်တွင်ထိုင်နေရင်း မြစိမ်းရောင်၏ ဝတ်စုံကိစ္စကို စဉ်းစားနေမိသည်။ တကယ်တော့ ထိုကိစ္စကို မြစိမ်းရောင်သာ သိသွားခဲ့ရင် သေမလောက်ကြောက်သွားလိမ့်မည်။ မြစိမ်းရောင်နေရာတွင် သူမဆိုရင်လည်း အနည်းဆုံးတော့ စိတ်မသိုးမသန့်ဖြစ်မိမှာအမှန်။

ဆိုင်ရှင်ဦးမျိုးချစ်ကိုလည်း ထိုကိစ္စနှင့်ပတ်သက်ပြီး စိတ်ထဲမှ အပြစ်တင်လိုက်မိသည်။ ပြီးတော့ အဆောင်မှာ သရဲခြောက်တယ် ဆိုတဲ့အကြောင်းကို အားလုံးက မပြောဖို့ ဘာကြောင့်တားထားရတာလဲ။ သူမတို့ကြောက်မှာစိုးလို့ မပြောပြတာလား၊ ဒါမှမဟုတ် ဖုံးဖိချင်တဲ့သဘောလား။

မေခက စိတ်အိုက်စွာဖြင့် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ ဒီနေ့တစ်နေကုန် စိတ်ချမ်းသာစရာတစ်ခုမှမတွေ့။

မနက် သင်တန်းမှာတုန်းကလည်း စာမရသဖြင့် ဆရာ၏ အပြစ်တင်ကြိမ်းမောင်းမှုကို ခံခဲ့ရသည်။ ဆိုင်ကိုပြန်ရောက်တော့လည်း ညနေတွင် ဧည့်ခံပွဲရှိတာနှင့် တစ်နေကုန် အလုပ်ရှုပ်နေခဲ့၏။ အခုလည်း ကျော်ကျော်က သူမတို့အဆောင်တွင် သရဲခြောက်တယ်တဲ့...။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ကြီးကြီးမားမား စိတ်ညစ်စရာမဟုတ်ပေမယ့် ပေါင်းစုလိုက်ရင်တော့ သူမစိတ်ကို ယိုင်နဲ့နေစေ၏။ မေခက ကန်ရေပြင်ကိုလှမ်းကြည့်လိုက်သည်။

ကန်ရေပြင်ပေါ်မှ ဖြတ်တိုက်လာသောလေက ရေငွေ့ပါသောကြောင့် လိုအပ်တာထက် ပို၍အေးမြနေ၏။ လေတစ်ချက်ပြင်းပြင်းတိုက်လိုက်တိုင်းလည်း ရေပြင်နှင့်ကမ်းတို့၏ ထိခတ်သံနှင့်အတူ သစ်ကိုင်းသစ်ခက်တို့၏ ပွတ်တိုက်သွားသံကိုပါ ကြားကြရသည်။

ဒီနေ့ညက လမိုက်ရက်ဖြစ်သောကြောင့် ကန်ရေပြင်သည် မည်းမှောင်နေ၏။ သူမတို့အဆောင်မှ မီးအလင်းရောင်ကြောင့်သာ ကန်ရေပြင်အစပ်ကို မြင်နေခြင်းဖြစ်သည်။ ထို့အပြင် ခါတိုင်း သည်နေရာမှကြည့်လျှင် မြင်ရသည့် ကျွန်းလေးကိုလည်း မှောင်နေ၍ မမြင်ရ။

ထိုကျွန်းလေးကိုတော့ သူမက စိတ်ကူးနှင့် အကြိမ်ကြိမ် အခါခါသွားဖူးသည်။ ကွေ့ဝိုက်စွာ ရေပြင်အလယ်တွင်တည်ရှိနေပြီး သစ်ပင်များ၊ မြက်ခင်းစိမ်းများကြောင့် ထိုကျွန်းလေးသည် အမြဲလိုလို ပန်းချီဆန်စွာ လှနေ၏။

ထိုသို့ကြည့်နေစဉ်မှာပင် သူမ၏အမြင်အာရုံထဲသို့ တစ်စုံတစ်ခုက ဝင်ရောက်လာ၏။ ထိုအရာက ကန်ရေပြင်တွင် ရေ





လှိုင်းနှင့်အတူ မျောပါလာသော မည်းမည်းသဏ္ဍာန်တစ်ခု...။ တဖြည်းဖြည်းနှင့် ကမ်းနှင့်နီးလာလေပြီ။

မေခက ထိုင်ရာမှထလိုက်ပြီး ကမ်းနားသို့ကပ်လိုက်ကာ ဘာဖြစ်မလဲလို့ စိတ်ဝင်တစား စောင့်ကြည့်လိုက်၏။

သူမက အမြဲတမ်း ထိုသို့မျောပါလာသော ပစ္စည်းတွေကို စောင့်ကြည့်ရသည်ကို သဘောကျသည်။ ယခု ရေပြင်ပေါ်တွင် မျောပါလာသည့်အရာက ဘောလုံးတစ်လုံးကို ထက်ခြမ်း ခြမ်းထားသလိုမျိုး...။

လုံးဝန်းနေပြီး အပေါ်ဘက်တွင်လည်း ဘာအမျှင်တွေမှန်းမသိ။ ရှုပ်ပွစွာ ကပ်ငြိတွယ်နေကြသည်။ ထိုအချိန်မှာပင် ထိတ်လန့်ဖွယ်မြင်ကွင်းတစ်ခုကို သူမ မြင်လိုက်ရလေသည်။

ရေစီးနှင့်အတူ မျောပါလာသည်က...

လူသေတစ်ယောက်၏ ဦးခေါင်း...။

မျက်နှာတစ်ခုလုံး ပွရောင်းဖြူရော်နေကာ မျက်လုံးများက ဖွင့်လျက်သား...။

"အား..."

သူမ၏ ကြောက်လန့်တကြားအော်ဟစ်လိုက်သောအသံက ဝန်းကျင်တစ်ခုလုံး ဟိန်းထွက်ဆူညံသွားတော့လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၇ ]

"ဘာဖြစ်တာလဲ...ဘာဖြစ်တာလဲ...မေခ..."

စိုးရိမ်တကြီးလေသံဖြင့် လှမ်းအော်ရင်း မမြတ်မွန်နှင့် ကျော်ကျော်က သူမထံသို့ ပြေးလာကြသည်။ ရှေ့ဆင့်နောက်ဆင့်ဆိုသလို သန္တာ၊ မြစိမ်းရောင်နှင့် ဆိုင်မှ ဝန်ထမ်းသုံးလေးယောက် ရောက်လာကြလေသည်။

မေခက လဲကျနေသည့်နေရာမှပင် ရေစင်သို့ လက်ညှိုးထိုးပြလိုက်ပြီး အထိတ်တလန့်နှင့် ပြောလိုက်၏။

"ဟို...ဟို...မှာ...ခေါင်းပြတ်ကြီး"

"ဟင်...။ဟုတ်လား...။

"ဘယ်မှာလဲ..."

ရောက်လာသူအားလုံးက မေခ၏စကားကြောင့် အံ့သြတကြီးဖြစ်သွားကြပြီး သူမလက်ညှိုးထိုးပြသောနေရာကို ကြည့်





လိုက်သည်။ အမှောင်ရိပ်ကသန်းနေသဖြင့် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ။

ထို့ကြောင့် ကျော်ကျော်က လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်သည်။ ထို့နောက်တွင်တော့ ကျော်ကျော့်ဆီမှ တဟားဟား ရယ်မောလိုက်သောအသံနှင့်အတူ...

"ဖြစ်မှဖြစ်ရတယ်လို့ မမေခရယ်၊ အရုပ် ခေါင်း ပြတ်ကြီးပါဗျ။ ဆံပင်ညှပ်ဆိုင်တွေမှာသုံးတဲ့ Dummy ရုပ်ရဲ့ ခေါင်းကြီးလေ မမေခရဲ့...ဟား...ဟား... ဟား..."

မေခက ကျော်ကျော်ပြောလိုက်သောစကားကြောင့် ရှက်သွားပြီး မယုံရဲယုံရဲဖြင့် ရေစပ်ကိုကြည့်လိုက်သည်။ ကိုယ်တိုင် မျက်စိဖြင့် သဲသဲကွဲကွဲမြင်လိုက်ရမှ သူမ ယုံသွား၏။

ရေစပ်တွင် Dummy ရုပ်ရဲ့ခေါင်းက ရေပြင်ပေါ်တွင် ဘောလောပေါ်နေသည်။ သို့သော် ခုနက ကြောက်ရွံ့သွားခဲ့သည့် အရှိန်ကြောင့် သူမ မောဟိုက်နေ၏။ အသက်ရှူ၍လည်းမဝ။ ရင်ဘတ်ထဲတွင်လည်း နှလုံးခုန်သံက တဒုန်းဒုန်းမြည်နေသည်။ သွေးခုန်နှုန်းတွေက အခုထိလျော့ကျမသွားသေး။

မမြတ်မွန်က သူမကို တွဲထူထားလိုက်ပြီး...

"ကဲ...ကဲ...ဘာဖြစ်ဖြစ် ကြောက်တာက



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တာပဲ၊ လာလာ…မေခ၊ ဧည့်ခန်းထဲမှာ
အနားယူရအောင်”

ကျော်ကျော်က မျက်နှာပိုးမသေစွာဖြင့် ထပ်စဖို့ ဟန်ပြင်လိုက်သည်။ မြစိမ်းရောင်ပြောလိုက်သောစကားကြောင့်ပင် ပြန်ငြိမ်ကုပ်သွားရ၏။

“ကျော်ကျော် ဘာဖြစ်နေတာလဲ၊ ငါလည်း ဒီမှာ
ကြောက်လွန်းလို့ သေတော့မယ်”

မေခကတော့ မမြတ်မွန်နှင့် သန္တာ့ကို အားမှီပြုရင်း အဆောင်သို့ ပြန်လာခဲ့သည်။ သူမတို့ အဆောင်ဧည့်ခန်းထဲတွင် ထိုင်နေကြပြီး အချိန်တော်တော်ကြာမှသာ မြစိမ်းရောင်က ဝင်လာသည်။

မြစိမ်းရောင်ကို သည်ပုံစံဖြင့်တွေ့လိုက်ရသောကြောင့် မေခ၏ ကြောက်စိတ်တွေက ပြန်လည်လှုပ်ခတ်သွားသည်။

မြစိမ်းရောင်က ပွဲကခဲ့သည့် ပျူဝတ်စုံကို မချွတ်ရသေး။ နောက်ကျောပြင်မှ အစိမ်းရောင်ဖဲသားစအရှည်ကြီးမှလွဲရင် ကျန်တာ အားလုံးကို ဝတ်ဆင်ထားလျက်ပင်…။

ထိုဝတ်စုံကို မြင်လိုက်ရသဖြင့် သူမ ကျောရိုးတစ်လျှောက် စိမ့်တက်သွားပြီး ဝတ်ဆင်ထားသည့် မြစိမ်းရောင်ကိုပင် တစ္ဆေသရဲတစ်ယောက်ပမာ ကြည့်နေမိသည်။ ဖြစ်နိုင်ရင် သူမ ထိုဝတ်စုံကို မမြင်ချင်ပေ။ သူမစိတ်ထဲတွင် ထိုဝတ်စုံဖြင့် နီးနီးကပ်ကပ်





ရှိနေသည်ကိုပင် ကိုယ်တိုင်ဝတ်ဆင်ထားရသကဲ့သို့ ရွံရှာထိတ်လန့်နေမိသည်။

ပိုဆိုးသည့်တစ်ချက်က မြစိမ်းရောင်ပြောနေသည့် စကားများပင်။

“မြမြ ဒီနေ့က,ရတာ တော်တော်လမိုင်းကပ်
တယ်။ ခါတိုင်း ဒီအကကို ဒီလောက်ကောင်းအောင်
မက,တတ်ဘူး။ ပြီးတော့ ဒီဝတ်စုံကိုဝတ်ပြီး လေ့ကျင့်
နေတုန်းကလည်း အာရုံထဲမှာ တစ်ယောက်ယောက်
လာသင်ပေးနေသလိုပဲ။ သိပ်မကတတ်တဲ့နေရာတွေ
မှာ သူ့အလိုလို နားလည်လာတယ်”

သန္တာနှင့် မမြတ်မွန်ကတော့ မြစိမ်းရောင်ပြောနေသည့် စကားများကို သိပ်အလေးအနက်မထားကြဘဲ ဟိုတစ်နေ့က မေခ ယူလာသည့် ဗုံကိုသာ စိတ်ဝင်စားနေကြသည်။

သန္တာက ထိုဗုံကို မြှောက်ကြည့်လိုက်ပြီး…

“ဒီဗုံက အထဲမှာ တစ်ခုခုထည့်ထားသလိုမျိုးပဲ၊
နည်းနည်းလေးတယ်နော် မမြတ်မွန်။ ပြီးတော့ အနံ့
အသက်ကလည်း စိမ်းရွှေရွှေနဲ့ တစ်မျိုးတော့ တစ်
မျိုးပဲ”

“အစ်မကတော့ ကျန်တာတွေ စိတ်မဝင်စားဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီဗုံပေါ်က တံဆိပ်ကိုပဲ စိတ်ဝင်စားတယ်။ ဘာကိုရည်ရွယ်ပြီး ဆွဲထားတဲ့ တံဆိပ်လေးလဲမသိဘူး။ တစ်ခုခုတော့ လေးလေးနက်နက် အဓိပ္ပာယ်ရှိမှာ သေချာတယ်"

မမြတ်မွန်နှင့် သန္တာကတော့ ဟိုပြောဒီပြောနှင့် သူမ ရှိနေသည်ကိုပင် မေ့လျော့နေကြ၏။ သူမမှာသာ အတွေးပေါင်းစုံဖြင့် ချောက်ချားထိတ်လန့်နေသည်။

မြစိမ်းရောင်ကို ဒီဝတ်စုံအကြောင်း ပြောပြလိုက်ရင် ကောင်းမလား။ အို...ပြောလိုက်ရင် သူသိပ်ကြောက်သွားမှာပေါ့။ မပြောနဲ့...မပြောနဲ့...မေခ...။

ပြီးတော့ တကယ်ပဲ ဒီဝတ်စုံက သေသွားတဲ့ မင်းသမီးဝိညာဉ်တွေ ပူးကပ်နေလို့ မြစိမ်းရောင်က,တာ ကောင်းနေတာလား။

ထိုအတွေးများကြောင့် မေခရင်တစ်ခုလုံး တင်းကျပ်လာပြီး အသက်ရှူရသည်ပင် မဝတော့။ စိတ်ထဲတွင်လည်း တစ်ခုခု ဆိုးဆိုးရွားရွားဖြစ်တော့မည်ကို ကြိုတင်သိနေသလိုမျိုး မအီမသာဖြစ်နေသည်။ အတွေးတွေကလည်း တဖြည်းဖြည်းနှင့် မည်းမှောင်ချောက်ချားလာ၏။

ရေနစ်သေထားတဲ့ မိန်းမတစ်ယောက်ရဲ့ ဝတ်စုံ...။ အသံ





တွေ ကြားနေရတဲ့အခန်း...။

ဒါတွေအားလုံးက သူမအတွက် နိမိတ်ဆိုးတွေပဲလား။

မေခက ထိုင်နေရင်းမှ တစ်ခုခုကို ကြောက်လန့်သွားသလိုမျိုး ဆတ်ခနဲထရပ်လိုက်၏။ မြစိမ်းရောင်က မေခကိုကြည့်ပြီး အံ့အားသင့်သွားကာ...

"ဟင်...မေခ သွားအိပ်တော့မလို့လား"

မေခ ခေါင်းညိတ်ပြလိုက်သည်။ စိတ်ထဲမှာတော့ အိပ်မလို့မဟုတ်ပါဘူး...မြမြရဲ့ဝတ်စုံနဲ့ဝေးတဲ့နေရာကို သွားမလို့ပါဟု ပြောလိုက်မိသည်။

သန္တာက...

"ကဲ...ကဲ...အားလုံး အိပ်ကြတာကောင်းမယ်ထင်တယ်၊ သန္တာကတော့ ခြေလက်ဆေးပြီး သွားအိပ်တော့မယ်"

ဟုဆိုကာ လက်ထဲတွင်ကိုင်ကြည့်နေသော ဗုံလေးကို ဆောင့်ချလိုက်၏။ ထို့နောက်တွင်လည်း သူမ၏လက်နှစ်ဖက်က အငြိမ်မနေဘဲ ဗုံကိုတီးလိုက်၏။

"တုံ...ပလုံ...တုံ...တုံ..."

"အံမယ်...ဒီဗုံလေးက အသံကောင်းသားပဲ"

သန္တာက ထိုသို့ပြောကာ ထရပ်လိုက်၏။ ထို့နောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



တော့ အားလုံးက ကိုယ့်အခန်းကို အသီးသီးပြန်လာခဲ့တော့၏။

* * *

သန္တာက သူမအခန်းသို့ဝင်ကာ သွားတိုက်ဆေး၊ သွားတိုက်တံ၊ မျက်နှာသစ်ဆပ်ပြာ အစရှိသည်တို့ကို ယူလိုက်ပြီး ရေချိုးခန်းသို့ ထွက်လာခဲ့၏။

သူမတို့အဆောင်က အုတ်နှင့် အခိုင်အမာဆောက်ထားပေမယ့်လည်း ကြမ်းခင်းကိုတော့ သစ်သားရှာထိုး ခင်းထား၏။ တချို့နေရာများတွင် ထိုသစ်သားရှာထိုးပြားတွေက အနည်းငယ်ကျိုးပဲ့နေသည့်အတွက် နင်းမိလိုက်တိုင်း ကျွီခနဲကျွီခနဲ မြည်နေသည်။

သန္တာကတော့ အေးအေးလူလူပင် ရေချိုးခန်းထဲသို့ ဝင်လိုက်၏။ ရေချိုးခန်းအတွင်းမှာတော့ အမွှေးခဲရနံ့က သင်းပျံ့နေသည်။ သူမက ထိုအနံ့အသက်ကို မကြိုက်လှ။ ကြာကြာရှူမိလျှင် ခေါင်းတွေ တဆစ်ဆစ်ကိုက်လာတတ်၏။ ထို့အပြင် ရေချိုးခန်းက အိမ်သာနှင့်တွဲလျက်ရှိနေသောကြောင့် သူမလို ရွံရှာတတ်သူတစ်ယောက်အဖို့ ထိုအနံ့အသက်က စိတ်မသန့်စရာပင်ဖြစ်သည်။

"ချောက်"





သန္တာက ရေချိုးခန်းမီးကိုဖွင့်လိုက်ပြီး လက်ထဲတွင်ကိုင်လာသော ပစ္စည်းပစ္စယတွေကို မှန်ရှေ့မှဘောင်ပေါ်သို့ တင်လိုက်သည်။ ထို့နောက် မှန်ကိုကြည့်လိုက်၏။

မှန်က ရေငွေ့ရိုက်ကာ မှုန်ဝါးနေသည့်အတွက် ပုံရိပ်ကို ပြတ်ပြတ်သားသားမမြင်ရ။ သူမက မှန်မျက်နှာပြင်ပေါ်မှာတင်နေသော ရေငွေ့များကို လက်ဖြင့်သပ်ဖယ်ရင်း ပြုံးကာကြည့်လိုက်သည်။

ပြုံးလိုက်သည့်အခါတိုင်း သွားတက်ကလေးတွေ ပေါ်လာသည်ကို သူမက အရမ်းကြည်နူးမိ၏။ တကယ်တမ်း တွေးကြည့်ရင်လည်း သူမ၏ချစ်စဖွယ်အပြုံးလေးတွေက ထိုသွားတက်ကလေးများကြောင့်ပင် ပို၍လှပနေခြင်းဖြစ်သည်။ သန္တာက အမူအရာအမျိုးမျိုးလုပ်ကြည့်ပြီးသည့်အဆုံးမှာတော့ ကြေးမုံပြင်ပေါ်မှ အကြည့်ကိုခွာလိုက်ကာ မျက်နှာသစ်ရန် ရေပိုက်ခေါင်းကို ဖွင့်လိုက်သည်။

ရေများက တဝေါဝေါကျလာ၏။

သူမက မျက်နှာကို စ,သစ်လိုက်၏။ အိပ်ခါနီးအချိန်တွင် မျက်နှာသစ်ရသည်ကို သူမ နှစ်ခြိုက်လှ၏။ မျက်နှာပြင်အရေပြားပေါ်မှ ဆပ်ပြာမြှုပ်များကို တဖွဖွကုပ်နေရင်း သူမက မျက်စိကို မှေးကာ မှန်ကိုကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အချိန်မှာပင်...

သူမ မထင်မှတ်ထားသည့်ပုံရိပ်တစ်ခုက မှန်ပေါ်တွင် ပေါ်နေ၏။

မိန်းမတစ်ယောက်...။

အငြိမ့်မင်းသမီးဝတ်စုံဖြင့် သူမနောက်တွင် ရပ်နေသည်။ ခေါင်းငိုက်စိုက်ချ ရပ်နေသည့်အတွက် မျက်နှာကိုတော့ မမြင်ရပေ။

သူမက ထိတ်လန့်သွားပြီး ချာခနဲလှည့်ကြည့်လိုက်၏။ ချက်ချင်းပင် သူမ၏မျက်လုံးများက ဆပ်ပြာမြှုပ်တွေကြောင့် ကျိန်းစပ်သွားသည်။ သူမက...

"ဘယ်သူလဲ...ဘယ်...သူ...လဲ...မြစိမ်းရောင် လား"

ဟု ကယောင်ကတမ်းမေးရင်း မျက်နှာပေါ်မှ ဆပ်ပြာမြှုပ်များကို ရေဖြင့်အမြန်ဆေးချလိုက်သည်။ မည်သည့်တုံ့ပြန်သံမှ မကြားရ။

ထို့ကြောင့်ပင် သန္တာက ပိုကြောက်သွားပြီး မျက်နှာပေါ်မှ ဆပ်ပြာမြှုပ်တွေ ကင်းစင်သွားသည်နှင့် ချက်ချင်းပြန်ကြည့်လိုက်၏။

သူမအနောက်တွင်တော့ မည်သူမျှရှိမနေပေ။





ထိုအချင်းအရာများကြောင့်ပင် သူမက ဝေခွဲရခက်သွားပြီး အနည်းငယ်ထိတ်လန့်သွားမိ၏။

ငါ့နောက်မှာ တစ်ယောက်ယောက်ရပ်နေခဲ့တာ သေချာပါတယ်။ အခုရော ဘယ်ရောက်သွားပြီလဲ၊ မြစိမ်းရောင်များ ငါ့ကို လာစ,တာလား။ အငြိမ့်မင်းသမီးဝတ်စုံနဲ့ဆိုလို့ ဒီအဆောင်မှာ မြစိမ်းရောင်တစ်ယောက်တည်းပဲရှိတာပါ...။

ထိုအတွေးများကြောင့်ပင် သန္တာက သွားမတိုက်တော့ဘဲ ရေချိုးခန်းထဲမှ ထွက်လာခဲ့တော့၏။ ခြေထောက်တွေက ခါတိုင်းထက် ပို၍လှုပ်ခါနေသည်ဟု ထင်ရ၏။ ထို့အပြင် သူမ၏ ခြေလှမ်းများက ကြောက်ရွံ့တုန်လှုပ်နေသည့်အတွက်ကြောင့်လား၊ သိချင်ဇောများနေသည့်အတွက်ကြောင့်လားမသိ။ အနည်းငယ် မြန်ဆန်နေသည်။

သူမ၏ခန္ဓာကိုယ်ပင် အလိုလိုနေရင်း ဓာတ်လိုက်ခံရသကဲ့သို့ တုန်လာ၏။

သူမက မြစိမ်းရောင်၏အခန်းတံခါးကို ဝုန်းခနဲတွန်းဖွင့် လိုက်သည်။ တစ်ပြိုင်တည်းလိုလို အခန်းတွင်းမှမြင်ကွင်းကို မြင်လိုက်ရသည့်အချိန်မှာတော့ သူမ အော်ငိုပစ်ချင်လောက်အောင် ကြောက်ရွံ့သွားမိတော့သည်။

မြစိမ်းရောင်က သူမ တံခါးကို ဝုန်းခနဲဆောင့်ဖွင့်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အသံကိုပင် မကြား။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိ၏။ ထို့အပြင် မြစိမ်းရောင်ခြုံထားသည့်စောင်ကလည်း ခါးစပ်လောက်တွင်သာရှိနေသဖြင့် ဝတ်ဆင်ထားသော အဝတ်အစားများကို တွေ့မြင်နေရသည်။

သူမ ခုနက ရေချိုးခန်းထဲတွင်တွေ့ခဲ့ရသည့် အငြိမ့်မင်းသမီးဝတ်စုံမဟုတ်။ ပို၍သေချာစေသည့်တစ်ချက်က မြစိမ်းရောင်၏ဆံပင်များက တိုပြီး သူမတွေ့ခဲ့ရသည့်တစ်ယောက်၏ ဆံပင်တွေက ခါးကျော်ကျော်အထိ ရှည်လျားလှ၏။

ထိုမြင်ကွင်းကြောင့် သန္တာက ကြက်သေသေသွားပြီး အခန်းဝတွင် တောင့်တောင့်ကြီးရပ်နေမိတော့၏။ ပါးစပ်မှလည်း...

"မြစိမ်းရောင် မဟုတ်ဘူးဆိုရင် ဘယ်သူလဲ၊ ငါများ သရဲအခြောက်ခံရတာလား"

ဟု အိပ်မက်ယောင်သူတစ်ဦးပမာ ရေရွတ်မိလိုက်တော့လေသည်။

■





အခန်း [ ၈ ]

မေခ...။

သူမ အိပ်ရာကနိုးလာသည့်အချိန်မှာ မနက်ခြောက်နာရီထိုးပြီးနေပြီ။ သို့ရာတွင် နံနက်ခင်း၏ အေးမြသည့်ရာသီဥတုအောက်မှာပင် သူမတစ်ကိုယ်လုံးက ချွေးစေးများနှင့် ရွှဲနစ်နေသည်။ မနေ့ညက တစ်ညလုံးလိုလို အိပ်မက်ဆိုးများမက်သဖြင့် သူမ ကောင်းကောင်းအိပ်မပျော်ခဲ့ပေ။ ထို့အပြင် မနက်လင်းပိုင်းသူမ မှေးခနဲအိပ်ပျော်သွားမှလည်း ထိုအိပ်မက်ဆိုးများကို ထပ်မက် ခဲ့ပြန်၏။

ယခုတော့ သူမ ထိုအိပ်မက်ဆိုးများမှ လန့်နိုးလာခဲ့ပြီ။

ချောက်ချားစရာကောင်းသော အိပ်မက်များကြောင့် သူမ၏ လက်တွေ တုန်ယင်နေဆဲပင်ရှိသေးသည်။ ခါတိုင်း မက်နေကျ အိပ်မက်များထက်ပင် သည်အိပ်မက်က တကယ့်အစစ်အမှန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးတူနေသေးတော့သည်။

အထူးသဖြင့် လက်ပြတ်သွားပြီး နာနာကျင်ကျင်အော်ဟစ်လိုက်သည့် အိပ်မက်ထဲမှ မိန်းမပျို၏အသံကို အိပ်မက်မဟုတ်ဘဲ အပြင်မှာပါ နားနှင့်ဆတ်ဆတ်ကြားလိုက်ရသလို ထင်မိသည်။

တွေးရင်းနှင့် မေခတစ်ယောက် တုန်ယင်နေသည့်နှလုံးသားကို ထိန်းချုပ်ရင်း ခုတင်ပေါ်မှ ဆင်းလိုက်၏။ ထိုအခါကျမှပင် သူမက သင်တန်းသွားဖို့ သတိရသွားပြီး စားပွဲပေါ်မှနာရီကို လှမ်းကြည့်လိုက်မိသည်။

"အို...သင်တန်းသွားဖို့ နောက်ကျနေပြီပဲ"

ဟုရေရွတ်မိကာ ရေချိုးရန်ပြင်ဆင်လိုက်တော့၏။

ရေချိုးနေစဉ်အတွင်းမှာလည်း ညကမက်ခဲ့သည့် အိပ်မက်များကိုသာ စဉ်းစားနေမိသည်။ ထို့နောက်တွင်တော့ အဝတ်အစားလဲကာ သင်တန်းသို့ အပြေးအလွှားထွက်လာခဲ့တော့သည်။

❊ ❊ ❊

သင်တန်းရောက်တော့လည်း သူမအာရုံတွေက ဝေဝေဝါးဝါးပင် ဖြစ်နေသည်။

ဆရာက ကွန်ပျူတာစာရင်းကိုင်ဘာသာရပ်ကို သင်နေသည်။ သို့သော် သူမနားထဲတွင်တော့ ဆရာသင်နေသည့် စာ





တွေကို ကြားတစ်ချက် မကြားတစ်ချက်။ သူမသူငယ်ချင်းတွေကရော စကားလာပြောကြသလား၊ နှုတ်ဆက်ကြသလား သူမသေချာမသိတော့။ သည်ကြားထဲတွင် သူမကိုင်သည့် ကွန်ပျူတာက ခဏခဏဟာမ်းနေ၏။

မေခက စိတ်မရှည်စွာဖြင့် ကွန်ပျူတာ၏ restart ခလုတ်ကို နှိပ်လိုက်၏။ windows နောက်တစ်ခါပြန်တက်လာသည့် အချိန်မှာတော့ ကွန်ပျူတာ ပုံမှန်အတိုင်းဖြစ်သွားသည်။

သူမတက်နေသည့် သင်တန်းရှိ ကွန်ပျူတာအားလုံးက internet နှင့် ချိတ်ဆက်ထားသောကြောင့် မေခက internet website များကို လျှောက်ကြည့်နေမိသည်။ ခါတိုင်း သင်တန်းအချိန် အတွင်းတွင် သူမက ထိုကဲ့သို့ ကြည့်လေ့ကြည့်ထမရှိ။

အခုတော့ စိတ်ကူးတည့်ရာ လျှောက်လုပ်နေမိခြင်း ဖြစ်သည်။ အလှအပ၊ ဖက်ရှင်နှင့် ပညာရေး website တွေကြည့်ပြီးသည့် အချိန်မှာတော့ သူမ မျက်လုံးတွေပင်ကိုက်လာ၏။

ဆရာကလဲ စာသင်တာ အခုထိမပြီးသေးဟု ညည်းတွားလိုက်မိပြီး သူမက ကွန်ပျူတာကိုပင် ပြန်ကိုင်နေလိုက်၏။ ဒီနေ့တွင် ဆရာက ပုဒ်စာတွေကို တစ်ခုပြီးတစ်ခု ရှင်းပြနေရုံပင်မက ကိုယ်တိုင်ပင် အစအဆုံး တွက်ပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့များ ဒီလောက်စိတ်ရှည်နေရတာလဲ။ သူမက ပြန်ချင်နေပြီ။ စာသင်နေရင်း ထထွက်ရင် ရိုင်းရာကျမည်စိုး၍ သူမက ထိုင်နေရခြင်းဖြစ်၏။

သူမ၏လက်ချောင်းများက keyboard ရှိ ခလုတ်များပေါ်တွင် ပြေးလွှားရိုက်နေရင်းမှ ရုတ်တရက်ဆိုသလို ရပ်တန့်သွားကြ၏။

မေခက သူမကြည့်နေသည့် web-site ကို သေသေချာချာ ထပ်ကြည့်လိုက်သည်။

မြန်မာ့ရှေးဟောင်းလက်မှုပစ္စည်းများအကြောင်း ဖော်ပြထားသော web-site တစ်ခု။ ထိုအထဲတွင် သီရိဝစ္စဆိုသော အမည်ဖြင့် တံဆိပ်လေးတစ်ခုကို တွေ့လိုက်ရလေ၏။

ထိုတံဆိပ်က...



“ဟင်...ဒီတံဆိပ်က ဆိုင်က ဖုံပေါ်မှာကပ်ထားတဲ့ တံဆိပ်လေးပဲ”





ဟု မေခက ရေရွတ်ရင်း ထိုတံဆိပ်အကြောင်း ရေးထားသော စာမျက်နှာများကို လိုက်လံဖတ်ကြည့်လိုက်၏။ သို့ရာတွင် ပျူခေတ် ငွေဒင်္ဂါးများတွင် ထွင်းထုလေ့ရှိသော တံဆိပ်ဟူသော အကြောင်းအရာအချက်အလက်မှလွဲရင် တခြားဘာမှ မတွေ့ရ။

ထိုအချိန်မှာပင်...

သူမပခုံးကို တစ်ယောက်ယောက်က လာပုတ်သဖြင့် လှည့်ကြည့်လိုက်သည်။

“ဟင်...ဝါဝါ”

“အမယ်လေး၊ ခေါ်မကြားအော်မကြားနဲ့ ကွန်ပျူတာကို စိတ်ဝင်စားနေလိုက်တာ၊ မနက်တုန်းကလည်း ကားမှတ်တိုင်မှာ နင့်ကိုတွေ့လိုက်လို့ လှမ်းခေါ်တာလည်း မကြားဘူး၊ နင် ဘာဖြစ်နေတာလဲ”

ဝါဝါက လက်ထဲတွင် ဖိုင်တွဲတစ်ခုကိုကိုင်ထားရင်း မေခအနားသို့ လျှောက်လာကာ ပြောလိုက်ခြင်းဖြစ်သည်။ ဝါဝါနှင့် မေခက ဒီသင်တန်းတက်မှ ရင်းနှီးသွားကြသော သူငယ်ချင်းများဖြစ်၏။

မေခက ဝါဝါ့ကိုမော့ကြည့်လိုက်ကာ...

“အေးဟာ...ငါ ဒီနေ့ စိတ်နဲ့လူနဲ့ သိပ်မကပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး"

ဝါဝါက သူမကို စိုးရိမ်တကြီးနှင့်ကြည့်ပြီး ပြောလိုက်၏။

"နင့်ကိုကြည့်ရတာ တစ်မျိုးကြီးပဲ မေခ၊
ပြီးတော့ သင်တန်းပြီးလို့ အားလုံးပြန်ကုန်ကြပြီ၊
နင်က ဘာဆက်လုပ်နေတာလဲ"

ထိုအခါကျမှ မေခက သင်တန်းခန်းမအတွင်းသို့ သတိပြုမိသွားသည်။ သူမနှင့် ဝါဝါမှလွဲ၍ မည်သူမှမရှိတော့ပါ။

မေခက ကပျာကယာ စာအုပ်တွေကိုသိမ်းလိုက်ပြီး ကွန်ပျူတာကို ပိတ်လိုက်၏။ ဝါဝါကတော့ သူမကို ထူးဆန်းသလို ကြည့်နေသည်။

ထို့နောက် ဝါဝါက မုန့်သွားစားဖို့ပြောသည်ကိုပင် သူမက ငြင်းလိုက်ပြီး အဆောင်သို့ပြန်လာခဲ့တော့၏။

BURMESE CLASSIC .com

❊ ❊ ❊

မမြတ်မွန်နှင့် သန္တာက စကားပြောနေကြရင်း မေခဝင်လာသည်ကိုတွေ့တော့ ဝမ်းသာအားရ လှမ်းခေါ်လိုက်ကြသည်။

"ဟယ်…မေခ၊ သင်တန်းကပြန်လာပြီလား၊
လာထိုင်ပါဦး၊ ပြောစရာရှိလို့"

မမြတ်မွန်က လှမ်းခေါ်လိုက်သောကြောင့် မေခက လက်ထဲ





မှ စာအုပ်တွေကို စားပွဲပေါ်သို့တင်လိုက်ပြီး ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်၏။

မမြတ်မွန်နှင့် သန္တာက အပြင်သွားမလို့ထင်၏။ အဝတ်အစား သစ်သစ်လွင်လွင်တွေကို ဝတ်ဆင်ထားသည်။ ထို့ကြောင့် မေခက မေးလိုက်၏။

"မမြတ်မွန်တို့က ဘယ်သွားကြမလို့လဲ၊ အဝတ်
အစား သစ်သစ်လွင်လွင်တွေနဲ့ပါလား"

မေခစကားကြောင့် မမြတ်မွန်နှင့် သန္တာက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ထို့နောက်တွင်လည်း ပြောသင့်မပြောသင့် စဉ်းစားနေတာလားမသိ။ သန္တာရော၊ မမြတ်မွန်ပါ နှုတ်ဆိတ်နေကြသည်။ မေခက ထိုအမူအရာများကြောင့် အနည်းငယ်အံ့အားသင့်သွားပြီး ထပ်မေးလိုက်မိသည်။

"ဘာလဲ…ရည်းစားနဲ့ သွားချိန်းတွေ့မှာမို့လို့
မပြောချင်ကြဘူးလား…။

"မဟုတ်ပါဘူး မေခရယ်၊ ဘုရားသွားမလို့ပါ"

"ဟင်…ဒါများ ဘာလို့ ပြောချင်သလို မပြော
ချင်သလို ဖြစ်နေရတာလဲ"

မမြတ်မွန်က မေခကိုကြည့်ပြီး ခေါင်းခါလိုက်၏။ သက်ပြင်းတွေကိုလည်း လှိုင်လှိုင်ကြီးချနေကာ သန္တာ့ကို မေးသော



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်သည်။

သန္တာက မမြတ်မွန်ဘေးတွင် မျက်နှာငယ်နှင့် ထိုင်နေပြီး မျက်ကွင်းတွေကလည်း ချိုင့်နေ၏။ မနေ့ညက သူမလိုပင် ကောင်းကောင်းအိပ်မပျော်ခဲ့ဘူးထင်တယ်လို့ပင် မေခ တွေးလိုက်မိသည်။

သန္တာက တိုးတိမ်သောအသံဖြင့် မေခကို ပြောလိုက်၏။

"သန္တာ အခုတစ်လော ကံတွေနိမ့်နေလို့ အဲဒါ ဘုရားသွားပြီး ယတြာသွားချေမလို့"

"ဟင်...သန္တာက ဘာကံတွေနိမ့်နေလို့လဲ...၊ ဘာလဲ...ထီထိုးတာ မပေါက်လို့ ကံနိမ့်တယ် ပြောတာလား"

သန္တာက ခေါင်းကို အတင်းခါယမ်းလိုက်သည်။ သန္တာ ဖြစ်နေသည့်ပုံကိုကြည့်ပြီး မေခကပင် ပြောင်ချော်ချော်ပြောမိသည်ကို နောင်တရသွားမိသည်။ သန္တာ့မျက်နှာက တစ်ရက်အတွင်းမှာပင် သိသိသာသာ အိုကျသွားပြီး အမူအရာကလည်း ငိုခါနီးကလေးတစ်ယောက်၏ မျက်နှာလို ဖြစ်နေ၏။

ထိုအချိန်မှာပင် မမြတ်မွန်က ဝင်ပြောလိုက်လေသည်။

"မနေ့ညက ရေချိုးခန်းထဲမှာ သန္တာ သရဲ ခြောက်ခံရလို့"





"ဘာ..."

မေခက အလန့်တကြားရေရွတ်မိလိုက်ပြီး သန္တာ့မျက်နှာကို မယုံကြည်နိုင်ဟန်ဖြင့် ကြည့်လိုက်သည်။ ထို့နောက်တွင်တော့ သန္တာက သူမ သရဲအခြောက်ခံရသည့်အကြောင်းကို လုံးစေ့ပတ်စေ့ ပြောနေသည့်အသံများက မေခနားထဲသို့ တိုးဝင်လာတော့၏။

မေခက သန္တာ့ဆိုမှုစကားများကို ကြားရပြီးသည့်နောက်တွင်တော့ မယုံကြည်နိုင်လောက်အောင်ဖြစ်သွားပြီး ကြောက်ရွံ့ထိတ်လန့်သွားမိတော့၏။

ဘယ်လိုလုပ်ကြမလဲ။ သူမကြားထားသည့် သရဲခြောက်တယ်ဆိုသော သတင်းက တကယ်ပင်မှန်နေလေပြီ။ ရေနစ်သေသွားတဲ့ အငြိမ့်မင်းသမီးများ ခြောက်နေတာလား။

မနေ့ညက သူမအိပ်မက်ထဲတွင်လည်း ရှေးခေတ် အငြိမ့်မင်းသမီးတစ်ယောက် က,နေပုံကို မဆီမဆိုင် အိပ်မက် မက်ခဲ့သေး၏။

အားလုံးက အငြိမ့်မင်းသမီးများနှင့် ဆက်စပ်နေသည်။

မြစိမ်းရောင်များ ဟို...ဝတ်စုံကို ယူဝတ်မိလို့များလား။

မေခ ဘာမှမတွေးရဲတော့။ အတွေးတွေက သူမခေါင်းထဲတွင် ချာချာလည်နေသည်။ ယခု အပေါ့အပါးသွားချင်နေသည်

www.burmeseclassic.com



ကိုပင် အိမ်သာသို့ မသွားရဲတော့ပေ။

နောက်ပိုင်း ဘာတွေဆက်ဖြစ်လာမည်ကိုလဲ ကြိုတင် မစဉ်းစားထားတာ ကောင်းလိမ့်မယ်။

"မေခ အရမ်းလည်း စိုးရိမ်မနေပါနဲ့၊ သဏ္ဍာ စိတ် ကယောင်ချောက်ချားဖြစ်ပြီး လျှောက်မြင်မိတာလည်း ဖြစ်ချင်ဖြစ်နေနိုင်တာပဲ။ အခြေအနေ စောင့်ကြည့်ကြတာပေါ့"

မမြတ်မွန်က သူမပခုံးကို ခပ်ဖွဖွပုတ်ရင်း ပြောလိုက်၏။

မေခက မမြတ်မွန်စကားကို နားထောင်သည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်၏။ စိတ်ထဲမှာတော့...

"ဘယ်အခြေအနေကိုစောင့်ကြည့်မှာလဲ မမြတ်မွန်၊ မေခ အရမ်းကြောက်နေပြီ"

ဟု ပြောလိုက်မိသည်။ မမြတ်မွန်နှင့် သဏ္ဍာက နောက်ကျရင် နေပူတော့မှာဆိုသော အကြောင်းပြချက်ဖြင့် မေခကို နှုတ်ဆက်ကာ ကသောမျောပါး ထွက်သွားလေသည်။

မေခကတော့ ညှော်ခန်းထဲတွင် အချိန်တော်တော်ကြာသည်အထိ ထိုင်နေမိသည်။ စိတ်တွေကလည်း တစ်နေ့တခြားဆိုသလို ပို၍ချောက်ချားလာသည်ဟု သူမ ခံစားရသည်။

ထို့အပြင် သူမ၏ဆန္ဒအာရုံကလည်း သည်အဆောင်တွင်





တစ်ခုခု ဆိုးဆိုးရွားရွားဖြစ်တော့မည်ကို ကြိုသိနေသလိုမျိုး သူမကို အချက်ပေးနေလေသည်။

ဘုရား...ဘုရား...။ ဘာတစ်ခုမှ ဆိုးဆိုးဝါးဝါး မဖြစ်ပါစေနဲ့...။

☀ ☀ ☀

သို့သော်...

ရယ်သတ္တပတ်ခန့်ကြာသောအခါတွင် သူမ စိုးရိမ်ပူပန်ခဲ့သည့်အတိုင်း တကယ်ဖြစ်လာသောအခါမှာတော့...

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၉ ]

အောက်တိုဘာလလယ်ရက် တစ်ရက်ဖြစ်သောကြောင့် နေ့အလင်းရောင်ပျောက်သည့်အချိန်မှာပင် ရာသီဥတုက အေးစိမ့်လာသည်။ ထုံးစံအတိုင်း မေခတို့က ဧည့်ခန်းထဲတွင်ထိုင်ပြီး စကားပြောဆိုနေကြ၏။ အထူးသဖြင့် ပြောဆိုနေကြသော အကြောင်းအရာက သူမတို့အဆောင်တွင် သရဲခြောက်တယ် ဟူသော အကြောင်းကိစ္စပင်။

မမြတ်မွန်ကတော့ ထိုအဆိုကို သိပ်လက်မခံပေ။

သူမတို့အားလုံး စိတ်ကယောင်ချောက်ချားဖြစ်ပြီး ယုန်ထင်ကြောင်ထင် ဖြစ်နေသည်ဟုပြောသည်။ မေခကတော့ ဘာမျှဝင်မပြောဘဲ မမြတ်မွန်နှင့် သန္တာတို့ပြောဆိုနေကြသည်ကိုသာ ဘေးနားမှ နေကြာစေ့စားရင်း နားထောင်နေ၏။



BURMESE CLASSIC .com



တကယ်တော့ မမြတ်မွန်ပြောသလိုလဲ ဖြစ်နိုင်သည်။ သူမတို့ အားလုံးက အခုတစ်လောတွင် ထိုသရဲတစ္ဆေကိစ္စတွေနှင့်သာ လုံးလည်ချာလည်လိုက်နေခဲ့သည် မဟုတ်ပါလား...။

ထိုစဉ်...

မြစိမ်းရောင်က ဧည့်ခန်းထဲသို့ သီချင်းလေးတကြော်ကြော်နှင့် ဝင်လာ၏။ မေခစိတ်ထဲတွင်တော့ မြစိမ်းရောင် ခုတစ်လောပိုပြီး သွက်လက်ရွှင်မြူးနေသည်ဟု ထင်မိသည်။

ခါတိုင်း မြစိမ်းရောင်က ရောဂါတစ်ခုဖြစ်ရင်ဖြစ်၊ မဖြစ်ရင် သရဲကြောက်သလိုလို တစ္ဆေကြောက်သလိုလိုကြီး ဖြစ်နေသည်။ အခုတော့ သူမတို့ သရဲတစ္ဆေတွေကို ကြောက်နေသည့်အချိန်မှာတော့ မြစိမ်းရောင်က အေးအေးလူလူပင်။

မြစိမ်းရောင်က သူမတို့ထိုင်နေသည့်အနားသို့ လျှောက်လာရင်း...

“ဟော့... ဘာတွေပြောနေကြတာလဲ၊ မြမြ အကြောင်း ပြောနေကြတာလား”

ဟုပြောရင်း သူမတို့ဘေးတွင် ဝင်ထိုင်လိုက်သည်။ တစ်ကိုယ်လုံးလည်း အငြိမ့်မင်းသမီးဆိုသည့်အတိုင်း မိတ်ကပ်အနံ့၊ ရေမွှေးရနံ့တို့ဖြင့် သင်းကြိုင်နေ၏။

မမြတ်မွန်က မြစိမ်းရောင်ကိုကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းကို သွက်လက်ရွှင်မြူးနေပါလား မြမြ၊ ဘာလဲ ကျော်ကျော်က အာဘွားပေးလိုက်လို့လား"

"ခစ်...ခစ်...ခစ်...မဟုတ်ပါဘူး မမြတ်မွန်ရဲ့၊ မြမြ.က ပေးလိုက်တာ"

မြစိမ်းရောင်က တခစ်ခစ်ရယ်မောရင်း ပြန်ပြောလိုက်သည်။ ထိုစကားကြောင့် မေခပင် မျက်လုံးပြူးသွားပြီး...

"ဟင်...သိပ်အတင့်ရဲနေတယ်ပေါ့ မိန်းမ၊ မိန်းကလေးဆိုတာလည်း သတိထားဦး၊ ပြီးတော့ ခတ်တွေ ဘာတွေရော မလိုက်ခဲ့ဘူးလား"

"ဟင်...ဘာဆိုင်လို့ ခတ်လိုက်ရမှာလဲ မေခ"

"မသိဘူးလေ၊ လျှပ်စစ်လုပ်တဲ့လူဆိုတော့ ခန္ဓာကိုယ်မှာ ခတ်တွေဘာတွေများ အောင်းနေမလား လို့ပါ"

"ဟာ...မေခကလည်း သိပ်နောက်တာပဲ၊ တကယ် မဟုတ်ပါဘူး၊ ဒီလို...ဒီလိုဟ"

ဟုဆိုကာ ကျော်ကျော့်ကို သူမက အဖြေပြန်ပေးလိုက်သည် ဆိုတဲ့အကြောင်းကို အစအဆုံး ရှင်းပြလေသည်။ မေခပင် နားထောင်နေရင်း မြစိမ်းရောင် အနည်းငယ် အကဲပိုလွန်းသည်ဟု ထင်မိသည်။





နောက်ဆုံးတွင်တော့ မြစိမ်းရောင်က...

"ကဲ...ကဲ ဒီလောက်ဆို တို့နဲ့ ကျော်ကျော် တရားဝင်ရည်းစားဖြစ်သွားပြီဆိုတာ သဘောပေါက်လောက်ကြပါပြီနော်၊ အခုတော့ မိတ်ကပ်ဖျက်ဖို့ မျက်နှာ သွားသစ်လိုက်ဦးမယ်"

"သွားပါ...သွားပါ အစ်မရယ်၊ သိပ်လည်း ပျော်မနေနဲ့ဦး၊ တော်ကြာ ရေချိုးခန်းထဲမှာ သရဲနဲ့တွေ့နေဦးမယ်"

မမြတ်မွန်က လွတ်ခနဲပြောလိုက်ပြီးမှ လွန်သွားမှန်းသိ၍ ပါးစပ်ကို လက်ဖြင့်အုပ်လိုက်၏။ မြစိမ်းရောင်ကတော့ ဘယ်လိုမှ မနေဘဲ ကိုကိုရှိတယ်ဟုပင် ပြောင်ချော်ချော်ပြောသွားလေ၏။

တကယ်တော့ သူမတို့အားလုံးက မြစိမ်းရောင်ကို ဘာအကြောင်းမှ မပြောပြရသေး။ ဒါကလည်း မြစိမ်းရောင် ကြောက်တတ်မှန်းသိ၍ တမင်မပြောဘဲနေခဲ့ခြင်းဖြစ်သည်။

သန္တာကတော့ အန္တရာယ်စက်ကွင်းထဲသို့ တိုးဝင်သွားသလိုမျိုး မြစိမ်းရောင်ကို စိုးရိမ်တကြီး ကြည့်နေသည်။ မေခနှင့် မမြတ်မွန်ကတော့ မြစိမ်းရောင်ကို သတိပင်မရတော့ဘဲ စကားလမ်းကြောင်းပြောင်းသွားသည်။

"ဒီဗုံပေါ်ကတံဆိပ်လေးက သီရိဝဇ္ဇတံဆိပ်လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ် မမြတ်မွန်ရဲ့။ ပျူခေတ်တုန်းက ငွေဒင်္ဂါး
တွေမှာ ထွင်းထုတဲ့တံဆိပ်ပေါ့”

ဟုဆိုကာ မေခနှင့် မမြတ်မွန်တို့ ထိုဖုံအကြောင်းကို အပြန်အလှန် ဆွေးနွေးနေကြ၏။ သန္တာက မေခဆီမှနေကြာစေ့ထုပ်ကို တောင်းလိုက်ပြီး မဂ္ဂဇင်းတစ်အုပ်ဖြင့် ငြိမ်နေတော့သည်။

❊ ❊ ❊

မြစိမ်းရောင်…။

သူမက မျက်နှာသစ်ပြီးသွားသဖြင့် ရေချိုးခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ ရေအေးဖြင့်ထိတွေ့ခဲ့ရသဖြင့် တစ်ကိုယ်လုံးရှိ အကြောအချဉ်များက ပြေလျော့ကာ စိတ်သည်လည်း ကြည်လင်လန်းဆန်းသွား၏။

အခု ဒီရက်ပိုင်းအတွင်းတွင် သူမအတွက်တော့ အရာရာအားလုံး ချောမွေ့နေခဲ့သည်ပဲ။ ညဘက် ပွဲကလျှင်လည်း အရင်လို ခုန်ပျံကျော်လွှား ကစရာမလို။ ငြိမ့်ငြိမ့်ညောင်းညောင်းနှင့် တစ်ချက်ချင်းကရသော ပျူအကကိုသာ ကရသည်။

ဒါကလည်း သူမ ပျူအက ကတာကောင်းသည့်အတွက်ကြောင့် ဆိုင်ရှင်ဦးမျိုးချစ်က ညစဉ်ညတိုင်း ထိုအကကို မကမဖြစ် ကပြစေ၏။





ထိုအက ကရင်လည်း ဆိုင်တွင်လာရောက်စားသောက်ကြသည့် ဧည့်သည်များက ဆုကြေးငွေများကို တဖွဲဖွဲနှင့် လာရောက်ဆုချကြသည်။

နောက်တစ်ခုက ကျော်ကျော်…။

သူမ အဖြေပြန်ပေးလိုက်စဉ်အတွင်း ပျော်ရွှင်သွားသည့်ပုံကို အခုထိ မျက်လုံးထဲကမထွက်သေး။

ထိုအကြောင်းအရာများကြောင့်ပင် သူမ၏စိတ်တွေက ဒီနေ့တွင် ကြည်လင်လန်းဆန်းနေကာ အပျော်ကြီးပျော်ရွှင်နေတော့၏။

သို့ရာတွင် သူမ၏ပျော်ရွှင်နေခဲ့သည့်စိတ်များက ခဏအတွင်း ပျောက်ကွယ်သွားခဲ့မည်ကိုတော့ မြစိမ်းရောင် ကြိုမသိနေခဲ့ပါ။

ခြေလှမ်းများက မိမိအခန်းရှေ့ကို ပြန်ရောက်ပြီဖြစ်သဖြင့် ရပ်တန့်သွားသည်။

ဧည့်ခန်းထဲသွားပြီး မေခတို့နှင့် စကားပြောရင် ကောင်းမလား၊ ဒါမှမဟုတ် အိပ်မက်လှလှလေးတွေမက်ရင်း အိပ်လိုက်ရင်ရော ပိုကောင်းမလား? မြစိမ်းရောင်က ခဏ အခန်းရှေ့တွင်ရပ်ပြီး စဉ်းစားနေလိုက်သည်။ နောက်မှ စောစောစီးစီး အိပ်တာ ကောင်းမယ်လို့ တွေးပြီး အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပင် သူမအာရုံတွေကို ချောက်ချားသွားစေသော မြင်ကွင်းတစ်ခုကို မြင်လိုက်ရလေသည်။ ပထမတော့ ဆိုးဆိုးဝါးဝါးကြောက်လန့်သွားပြီး မအော်မိအောင်ပင် ပါးစပ်ကို လက်ဖြင့်အုပ်လိုက်ရသည်။

နောက်မှ တစ်ယောက်ယောက် နောက်နေတာများလားလို့ ထင်မိပြီး အနားသို့ တဖြည်းဖြည်းတိုးကပ်သွားလိုက်သည်။

သူမအခန်းထဲတွင် ကျောပေးထိုင်နေသော မိန်းမတစ်ယောက်။

သူမလိုပင် အငြိမ့်ကသည့် အဝတ်အစားကို ဝတ်ဆင်ထားပြီး စာကြည့်စားပွဲတွင် ထိုင်နေသည်။ မလှုပ်မယှက်ထိုင်နေသော ထိုအမျိုးသမီးဆီမှ ညှီစို့စို့အနံ့ဆိုးတစ်ခုကိုလည်း ရလိုက်၏။

မြစိမ်းရောင် သူမအနားသို့ တဖြည်းဖြည်းတိုးကပ်လာသည့် အချိန်မှာတော့ ဒါဟာ အပြောင်အပျက်တစ်ခုမဟုတ်မှန်း သိလိုက်သည်။ သို့သော် ထိုအသိက နောက်ကျသွားလေပြီ။

တစ်ချိန်လုံး မလှုပ်မယှက်ထိုင်နေသည်ဟု ထင်ခဲ့မိတာလည်း သူမ အမှားပင်။

ထိုအမျိုးသမီးက ပေါင်ပေါ်တွင်တင်ထားသည့် လက်နှစ်ဖက်ကို ဖြည်းညင်းစွာ စာကြည့်စားပွဲပေါ်သို့ တင်လိုက်သည်။ လှုပ်ရှားမှုအားလုံးက ဝိညာဉ်ဆန်လွန်းနေသည်ဟု သူမ ထင်မိ





၏။

မြစိမ်းရောင် ထိတ်လန့်ပြီး ပြူးကျယ်နေသည့်မျက်ဝန်းအစုံက ထိုမိန်းမ၏ ပခုံးပေါ်မှကျော်ပြီး ကြည့်လိုက်သည်။

"ဟင်..."

ထိုမိန်းမက သူမဘက်သို့ လှည့်ကြည့်လိုက်၏။

"အား..."

မြစိမ်းရောင်က မျက်လုံးကိုစုံမှိတ်လိုက်ပြီး အသံနက်ကြီးနှင့် အော်ဟစ်လိုက်လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၀ ]

မေခတို့အရောက်မြန်လို့သာ မြစိမ်းရောင် အသက်မပါသွားခြင်းဖြစ်၏။ ဒါတောင် သူမတို့ရောက်လာသည့်အချိန်တွင် မြစိမ်းရောင်၏စကားသံတွေက ဗလုံးဗထွေးနှင့် အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။

“ဟို…ဟို…ထိုင်…ထိုင်နေတယ်၊ မြမြ… ကြောက်…ကြောက်တယ် ကြောက်တယ်။ ကယ်ကြပါဦး…မြမြကို…ကယ်…ကြ…ပါဦး”

မေခက မြစိမ်းရောင် အကြောက်ပြေစေရန် ကိုယ်ခန္ဓာကို ပွေ့ဖက်ထားလိုက်၏။ မမြတ်မွန်ကတော့ မြစိမ်းရောင်ကို ယပ်ခတ်ပေးနေရင်း…





“ဘာသရဲမှမရှိဘူး မြမြ…၊ အစ်မတို့ရှိတယ်၊ မကြောက်နဲ့၊ မြမြ စိတ်ထင်နေတာပါ၊ သန္တာ…သန္တာ ရေတစ်ခွက်ယူခဲ့ပါဦး”

သန္တာက ပြေးပြေးလွှားလွှားနှင့် ရေတစ်ခွက်ခပ်လာသည်။ ထို့နောက် မြစိမ်းရောင်ကို တိုက်လိုက်၏။ သို့သော်…မြစိမ်းရောင်က ရေတစ်ခွက်သောက်ပြီးသည့်အချိန်မှာပင် အသက်ကို ခက်ခက်ခဲခဲရှူနေသည်။

မေခက ဘေးနားမှနေပြီး ဘာလုပ်ရမှန်းမသိတော့။ အားလုံးက မြစိမ်းရောင်ကိုကြည့်ပြီး ပျာယာခတ်ကုန်၏။ ထို့နောက် မမြတ်မွန်ကပြောသဖြင့် မြစိမ်းရောင်ကိုတွဲပြီး ခုတင်ပေါ်သို့ တင်လိုက်သည်။

အားလုံးက လိပ်ပြာလွင့်မတတ် ကြောက်ရွံ့တုန်လှုပ်နေသော မြစိမ်းရောင်ကို ကြည့်နေကြ၏။ အချိန်တော်တော်ကြာမှသာ မြစိမ်းရောင်က အကြောက်ပြေသွားပြီး သူမ ရင်ဆိုင်တွေ့ခဲ့ရသည့်အကြောင်းကို ပြောပြလေသည်။

မေခပင် နားထောင်ရင်းနှင့် တဖြည်းဖြည်း ကြောက်ရွံ့တုန်လှုပ်မိသွားသည်။

“ဟာ…မြမြ စိတ်ကယောင်ချောက်ချားဖြစ်ပြီး လျှောက်မြင်နေတာပါ၊ ခုနက သရဲနဲ့တွေ့ဦးမယ်လို



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လို့ စိတ်စွဲတာထင်တယ်၊ သွေးလေမမှန်ရင် ဒီလိုပဲ စိတ်ကယောင်ချောက်ချား ဖြစ်တတ်တယ်။ ဟိုတစ်နေ့က သန္တာတောင် ရေချိုးခန်းထဲမှာ မျက်လုံးထဲ ဆပ်ပြာမြှုပ်တွေဝင်ပြီး သရဲတွေ့ပါတယ် လုပ်နေသေးတယ်"

"မဟုတ်ဘူး မမြတ်မွန်၊ အခု မြမြ မျက်စိနဲ့ တပ်အပ်မြင်လိုက်တာ"

မမြတ်မွန်က မြစိမ်းရောင်ကို အနားယူရန်သာပြောလိုက်၏။ တကယ်တော့ မမြတ်မွန်က မြစိမ်းရောင်စကားကို မယုံသည်မှာ သိပ်အပြစ်မဆိုသာ။ မြစိမ်းရောင်က ထိုသို့ပင် ခဏခဏ ဖြစ်တတ်သည်။

ဖြစ်တိုင်းမှာလည်း မြစိမ်းရောင်က မမြတ်မွန်အခန်းသို့ သွားအိပ်တတ်၏။

ယခုပင် မမြတ်မွန်နှင့် အတူတူအိပ်ဖို့ ပြောဆိုနေကြ၏။

※ ※ ※

မေခက အခန်းအတွင်းသို့ပြန်ရောက်သည်နှင့် ခုတင်ပေါ်တွင် ဝုန်းခနဲ ပစ်လှဲချလိုက်မိသည်။ တစ်ကိုယ်လုံးကလည်း ကိုင်ဆောင့်ထားသည့်နှယ် ကိုက်ခဲလေးလံနေသည်။





ခေါင်းထဲတွင်လည်း မြစိမ်းရောင်ပြောပြသည့် အကြောင်းအရာများနှင့်သာ ပြည့်နေသည်။

အခုတစ်လော သည်အဆောင်မှာနေရသည်ကိုပင် အရင်လို ပေါ့ပါးလွတ်လပ်မှုမရှိတော့။ သွားသတိ လာသတိနှင့် ဖြစ်နေပြီး စိတ်ကျဉ်းကျပ်လာ၏။ ထို့အပြင် အိပ်မက်ဆိုးများကလည်း သူမကို ညစဉ်ညတိုင်းလိုလို နှိပ်စက်နေပြန်သည်။

ပိုဆိုးသည်က အိပ်မက်တစ်ခုထဲကို ထပ်ခါထပ်ခါမက်နေခြင်းပင်ဖြစ်ပြီး အိပ်မက်ထဲတွင်လည်း မှိုင်းဖွဲဖွဲရှာနေသည့်ညတွင် သွေးအိုင်ထဲ၌လဲကျနေသော မိန်းမတစ်ယောက်၊ လက်ပြတ်နေသော အငြိမ့်မင်းသမီး...ဒါတွေနှင့်ပင် အိပ်မက်က ပြည့်နှက်နေသည်။

ထိုအကြောင်းအရာတွေက ရုပ်ရှင်ပြကွက်တစ်ခုလို တဖျပ်ဖျပ်နှင့် အိပ်မက်ထဲတွင် မြင်နေရသည့်အတွက်ကြောင့် မေခက ညရောက်လာသည်ကိုပင် ကြောက်လန့်လာ၏။ သူမအတွက်တော့ မနက်ဖြန်ဆိုတာတွေက ခက်ခဲကြမ်းတမ်းလွန်းနေ၏။

အခု မြစိမ်းရောင်ပြောပြသည့် အကြောင်းအရာ၊ သူမ အိပ်မက်ထဲမှ မိန်းမ။

ဘာတွေလဲ...၊ ဘာတွေလဲ...။ ဒါ သွေးရိုးသားရိုးတိုက်ဆိုင်မှုမဟုတ်ဘူး။ အဆက်အစပ်ရှိနေတာ သေချာပြီ။ သူမ ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရမလဲ။ ဦးမျိုးချစ်ကိုပြောပြီး အကူအညီတောင်းရင် ကောင်းမလား။

မေခက ပက်လက်အနေအထားမှ မှောက်လှဲအိပ်လိုက်သည်။ ဖြစ်နိုင်ရင် အားလုံးကိုမေ့ကာ အိပ်ပျော်သွားချင်သည်။ သို့သော် …အိပ်လို့မရ။

သူမက အိပ်ရာထဲမှ ဝုန်းခနဲထလိုက်ပြီး အခန်းထဲတွင် လမ်းလျှောက်နေလိုက်သည်။

ထိုအချိန်မှာပင် …

"ကလင် …ကလင် …ကလင်"

ဖုန်းမြည်လာသဖြင့် မေခက ဖုန်းခွက်ကိုကောက်ကိုင်လိုက်၏။ (ဦးမျိုးချစ်က သူမကို ဆက်သွယ်လို့လွယ်အောင်ဆိုပြီး မေခအခန်းတွင် Extention Phone တစ်လုံး တပ်ဆင်ပေးထား၏။)

တစ်ဖက်မှ ကိုကို့အသံကို ကြားလိုက်၍ သူမ ပျော်ရွှင်သွားမိသည်။ အထူးသဖြင့် ဒီလိုညမျိုးတွင် သူမအတွက် စကားပြောဖော် လိုအပ်သည်မဟုတ်လား …။

ငါ ဒီအဆောင်မှာ သရဲခြောက်တဲ့အကြောင်းကို ကိုကို့ကို ပြောပြလိုက်ရင် ကောင်းမလား။ ဟင့်အင်း …ပြောပြလို့မဖြစ်ဘူး။ ငါပြောပြလိုက်ရင် ငါ့ကို အလုပ်ထွက်ပြီး ပြင်ဦးလွင် ပြန်လာ





ခိုင်းနေဦးမယ် …။

ထိုအတွေးကြောင့်ပင် သူမက စကားသိပ်မပြောဘဲ ကိုကို ပြောနေသမျှကိုသာ နားထောင်နေလိုက်သည်။ ကိုကိုက ပြင်ဦးလွင်မှ သူငယ်ချင်းများအကြောင်းကို မမောနိုင်မပန်းနိုင် သူမကို ပြောပြနေလေသည်။

နောက်ဆုံး ကိုကိုဖုန်းချသွားသည့်အချိန်မှာတော့ ည(၁၁)နာရီထိုးပြီးနေပြီ။

ဘာမှမတတ်နိုင်တော့။ ညတွေကို ရင်ဆိုင်ဖို့ သူမ အသင့်ပြင်ထားရတော့မည်။

သူမ ခုတင်ပေါ်သို့ တက်လိုက်ပြီး စောင်ကိုဆွဲမ,လိုက်ကာ အိပ်လိုက်တော့၏။ ချက်ချင်းတော့ အိပ်မပျော်သွား။ စိတ်က ဟိုရောက်လိုက် သည်ရောက်လိုက်နှင့် လွင့်နေသည်။ ခဏကြာမှ သူမ အိပ်ပျော်သွားတော့၏။

ထိုညက အိပ်မက်ထဲတွင် ကိုကိုက သူမတို့အဆောင်ကို ရောက်လာသည်တဲ့။

ဘယ်လောက်ပျော်ဖို့ကောင်းလိုက်သလဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

မနက်မိုးလင်းသည့်အချိန်မှာတော့ သူမကို ပြဿနာတစ်ခုက စောင့်ကြိုနေသည်ကို အိပ်မက် မမက်ခဲ့...။

■





အခန်း [ ၁၁ ]

အောက်တိုဘာလ၏ နံနက်ခင်းသည် တခြားဆောင်းဦးပေါက် မနက်ခင်းများလိုပင်။

ကြည်လင်ရှင်းသန့်နေသည့် မိုးသားကောင်းကင်ပြာသည် နံနက်ခင်းတစ်ခုလုံးကို အုပ်မိုးထားပြီး သစ်ကိုင်းသစ်ရွက်များမှာလည်း နှင်းရည်တို့ဖြင့် စိမ်းစိုလန်းဆန်းနေသည်။ ကျေးငှက်တို့၏အသံ၊ နှင်းရည်ရနံ့၊ နုပျိုနေသောအလင်း ထိုအရာများအားလုံးကို မနက်နိုးလာတိုင်း မြင်ရသည့်အတွက် သူမ ကျေနပ်မိသည်။

အထူးသဖြင့် သည်လိုမျိုး အဆောင်မှ ဆိုင်သို့ မနက်စာသွားစားရသည့်အချိန်တွင် ဖြတ်သန်းသွားရသည့် မြေပြင်ဝန်းကျင်ကို သူမ အလွန်တပ်မက်မောလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေဆာအုပ်ဆိုင်းနေသည့် သစ်ပင်များကြားမှ ဟိုတစ်ပေါက် ဒီတစ်ပေါက် စိတ်ဖျာကျနေသော နေရောင်ခြည်၏အလှကိုလည်း ဖြစ်နိုင်ရင် သူမ အချိန်အကြာကြီး သိမ်းဆည်းထားချင်သည်။

အခုတော့ ထိုအလှအပအားလုံးကို ခံစားကြည်နူးနေသည့် စိတ်က တိမ်လိုလေလို လွင့်ပျယ်သွားလေပြီ။ အကြောင်းက သူမထက် အရင် နံနက်စာစားပြီးပြန်လာသည့် မမြတ်မွန်နှင့် သန္တာတို့၏ စကားများကြောင့်ပင်။

သူမတို့အားလုံးက လမ်းခုလတ်တစ်နေရာရှိ သစ်ပင်အောက်တွင် ရပ်ကာ စကားပြောဆိုနေကြခြင်းဖြစ်၏။

"ညတုန်းက ဟို...ဟို...ပိတ်ထားတဲ့အခန်းထဲ ကနေ ခြေသံတွေကြားရတယ် မေခ"

ဒုတိယမြောက်ပြောလိုက်သူက မမြတ်မွန်...။

"ဟုတ်တယ်...ဟုတ်တယ်၊ ငါလည်းကြား တယ်။ ညတုန်းက မြစိမ်းရောင်အတွက် ခေါင်းအုံး သွားယူရင်းနဲ့ အဲဒီအခန်းထဲက ချိုးချိုးချွတ်ချွတ်အသံ တွေကို ကြားလိုက်တယ်။ သရဲမကြောက်တတ်တဲ့ ငါတောင် အဲဒီအသံကြောင့် နည်းနည်းဖြုံသွားတယ်"

ထို့နောက် သူမတို့ စကားဆက်မပြောဖြစ်ကြဘဲ အတွေး ကိုယ်စီနဲ့ ငြိမ်နေကြ၏။ အတန်ကြာမှ မမြတ်မွန်က စ,ပြောလိုက်





သည်။

"ငါလည်း အစတုန်းကတော့ သိပ်မယုံဘူး။ အခုတော့ သန္တာကလည်း ရေချိုးခန်းထဲမှာ သရဲ အခြောက်ခံရတယ်၊ ပြီးတော့ မြစိမ်းရောင်၊ နောက် ငါကိုယ်တိုင်။ ဒီဟာတွေအားလုံးကို ဆက်စပ်ကြည့် လိုက်ရင်တော့ သွေးရိုးသားရိုးမဟုတ်တာ သေချာ တယ်"

"အင်း...ဒီလိုဆိုရင်တော့ မေခတို့ တစ်ခုခုလုပ် ရတော့မှာပေါ့"

သူမက တွေးတွေးဆဆနှင့် ပြောလိုက်ပြီး ဆိုင်သို့ ဆက် လျှောက်လာခဲ့သည်။ အမှန်တော့ အားလုံးအားတက်အောင်သာ ပြောလိုက်ရခြင်းဖြစ်သည်။ သူမကိုယ်တိုင်တော့ ဘာလုပ်ရမှန်း မသိတော့။

ဦးမျိုးချစ်ကို တိုင်ပင်လိုက်တာ ကောင်းမယ်ထင်တယ်။

* * *

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပင် ထိုကိစ္စကိုဖြေရှင်းရန် သူမ လမ်းစရလိုက်သည်။

အကြံပေးသူက ညစောင့်ဦးကျော်ညွန့်...။ သူမ မနက်စာ



www.burmeseclassic.com

www.burmeseclassic.com



စားနေစဉ် ရောက်လာပြီး ပြောခြင်းဖြစ်သည်။ ပထမတော့ ထိုအကြောင်းမဟုတ်။

“ဟာ…ငါ့တူမကြီးပါလား၊ ဒီနေ့ စောစောနိုး တယ်ထင်တယ်”

“ဟုတ်တယ် ဦးကျော်ညွန့်၊ ဒီနေ့ မေခ အစော ကြီးနိုးနေလို့။ ဒါတောင် မေခထက် အစောကြီးနိုးပြီး စားပြီးသွားတဲ့လူတွေ ရှိသေးတယ်။ မမြတ်မွန်တို့ ပေါ့”

ဦးကျော်ညွန့်က သူမရှေ့ရှိ ထိုင်ခုံတွင် ဝင်လိုက်၏။ သူမ တို့ဆိုင်ရှိ ဝန်ထမ်းအားလုံးက မနက်စာကို ဆိုင်အတွင်းရှိ သတ်မှတ်ထားသောနေရာတွင် စားကြရသည်။ ထို့ကြောင့်ပင် မနက်စာစားသည့်အချိန်ဆို သည်နေရာလေးသည် ဆိုင်ရှိဝန်ထမ်း အားလုံး၏ စုရပ်ဖြစ်ကာ စကားပြောသံ ရယ်မောသံများဖြင့် ဆူညံနေတော့၏။

ဦးကျော်ညွန့်က…

“ဒါနဲ့ ငါ့တူမကြီးကို တစ်ခုပြောရဦးမယ် သိလား”

“အင်း…ပြောလေ ဦးကျော်ညွန့်၊ ဘာပြောမလို့ လဲ၊ မိန်းမနေမကောင်းလို့ ခွင့်ယူမလို့လို့ ပြောမလို့





လား”

ဦးကျော်ညွန့်က ထိုသို့ အကြောင်းအမျိုးမျိုးပြကာ မကြာ ခဏ ခွင့်ယူတတ်သဖြင့် မေခက ကြိုပိတ်သည့်အနေဖြင့် ပြော လိုက်ခြင်းဖြစ်သည်။

ဦးကျော်ညွန့်က အသက်(၅၀)ကျော်အရွယ်ဖြစ်ပြီး လူတိုင်း ကို ဖော်ရွေစွာ ဆက်ဆံတတ်၏။ သို့သော် ဦးကျော်ညွန့်က အရက်သောက်တတ်သည့်အတွက်ကြောင့် သူမက သိပ်သဘော မကျပေ။

ဦးကျော်ညွန့်က မေခစကားကို ခေါင်းတခါခါနှင့် ငြင်းဆန် လိုက်ပြီး…

“မဟုတ်ပါဘူး ငါ့တူမကြီးရယ်၊ ဦးလေးက ငါ့ တူမကြီးတို့အဆောင်မှာ ညဘက်ဆို အသံတွေကြား နေရတဲ့အကြောင်း ပြောမလို့ပါ”

“ဟင်…အသံတွေကြားရတယ်၊ ဘာသံတွေလဲ ဦးကျော်ညွန့်”

မေခက ဦးကျော်ညွန့်စကားကြောင့် အံ့အားသင့်သွားပြီး အလောတကြီး မေးလိုက်၏။ သူမက သိပြီးသားအကြောင်း အရာကို ကြားလိုက်ရပေမယ့်လည်း စိတ်ကတော့ လှုပ်ရှားသွား ၏။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်နှင့် ကြက်ဥကြော်ကိုပင် သူမက ဆက်မစားနိုင်တော့ဘဲ ဦးကျော်ညွန့်အသံကိုသာ နားစွင့်နေ၏။

ဦးကျော်ညွန့်က…

"ဒီလို ငါ့တူမကြီးရဲ့…၊ ဦးလေး ညတုန်းက ထုံးစံအတိုင်း လျှောက်စစ်ကြည့်နေတုန်း တူမကြီးတို့ အဆောင်ဘက်က ဖုံသံလိုလို ပလွေသံလိုလို အသံတွေ ကြားရလို့ မြစိမ်းရောင်များ အကတင်မဟုတ်ဘူး အတီးပါ လေ့ကျင့်နေတာလားလို့ ထင်လိုက်မိတယ်။ အဲဒီအချိန်မှာပဲ လူရိပ်တစ်ရိပ်ကို ဖျတ်ခနဲ ဦးလေး တွေ့လိုက်ရတယ်။ မြစိမ်းရောင်များ အောက်ဆင်းမလို့လားလို့ ထင်လိုက်မိပြီး ဓာတ်မီးတွေဘာတွေ ပေးရအောင် ဦးလေးလာလိုက်တော့ ဘယ်သူမှလည်း မရှိဘူး။ ဦးလေး ဟိုဟိုသည်သည်လျှောက်ရှာကြည့်သေးတယ်။ ဘာမှမတွေ့ရဘူး။ ပြီးတော့ ညနှစ်နာရီလောက်ကြီးဆိုတော့ တူမကြီးတို့အားလုံး အိပ်နေကြမှာ သေချာတယ်လေ။ ဒါနဲ့ ဦးလေးလည်း ကြောက်ကြောက်လန့်လန့်နဲ့ ပြန်လာခဲ့တာ"

ဦးကျော်ညွန့်စကားအဆုံးမှာတော့ မေခ ကြက်သီးမွေးညင်းပင် ထသွားမိသည်။ ခုနကတုန်းကလည်း သန္တာနဲ့ မမြတ်မွန်





ပြောသွားတာ ညတုန်းက အသံတွေကြားရလို့တဲ့။ အခုလည်း ဦးကျော်ညွန့်က ထပ်ပြောနေပြန်ပြီ…။

သူမတို့ ဘယ်လိုဖြေရှင်းကြမလဲ။

ချက်ချင်း မေခက ထိုအတွေးများဖြင့် ထူပူသွား၏။ နံနက်စာလည်း ဆက်စားချင်တဲ့စိတ် မရှိတော့ဘဲ လက်ထဲတွင်ကိုင်ထားသော ဇွန်းခရင်းကို ချလိုက်မိသည်။

ဦးကျော်ညွန့်က…

"ဦးလေးပြောလို့လည်း အရမ်းမကြောက်သွားပါနဲ့၊ ဦးလေး အပြင်မှာအကြားမှားတာလည်း ဖြစ်နိုင်တာပဲ"

"မဟုတ်ဘူး ဦးကျော်ညွန့်၊ မေခတို့လည်း အဲဒီအသံတွေကြားရတဲ့ကိစ္စနဲ့ စိတ်ပူနေကြတာ"

ဟုဆိုကာ မေခက အကြောင်းစုံကို ရှင်းပြလိုက်၏။ ဦးကျော်ညွန့်က သူမစကားတွေကို ဆုံးအောင်နားထောင်ပြီးသည့်အချိန်မှာတော့…

"အဲ…ဦးလေး အကြံတစ်ခုရပြီ၊ ဒီလိုတူမကြီး၊ ဦးလေးတို့ဆိုင်မှာ ဆိုင်းတီးတဲ့ အဘငွေကို သိတယ်မဟုတ်လား"

"ဟုတ်…သိတယ် ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"အေး...သူက နယ်တကာလှည့်ခဲ့တဲ့လူဆိုတော့ ဒီလိုကိစ္စမျိုးတွေကို နံ့နံ့စပ်စပ်လည်း သိတယ်၊ ဖြေလည်း ဖြေရှင်းတတ်တယ် ငါ့တူမကြီးရဲ့။ သူ့ကို တိုင်ပင်ကြည့်ရင် မကောင်းဘူးလား"

"ဟင်...ဟုတ်လား၊ ဒါဆို အဘငွေကို ဘယ်မှာ ရှာရမလဲ"

"သိပ်မလောပါနဲ့ ငါ့တူမကြီးရယ်၊ အဘငွေက ဆိုင်ကို ညနေငါးနာရီထိုးရင် ဆိုင်းတီးဖို့လာရမှာပဲလေ"

ဖြစ်နိုင်ရင်တော့ အဘငွေကို အခုတောင် လိုက်သွားတွေ့လိုက်ချင်တော့၏။ မတတ်နိုင်တော့ဘူး၊ စောင့်ရတော့မှာပဲဟု မေခ စိတ်ပျက်လက်ပျက်နှင့် တွေးလိုက်ပြီး သက်ပြင်းချလိုက်လေတော့သည်။

■





## အခန်း [ ၁၂ ]

ညနေ ငါးနာရီ။

ဒီအချိန်ကို မေခ စိတ်မရှည်စွာဖြင့် တစ်နေ့လုံး စောင့်နေခဲ့ရသည်။ စောင့်ဆိုင်းရပြီဆိုလျှင် အချိန်တွေက ဘာလို့ ပိုပြီး နှေးကွေးလွန်းရတာလဲ။

မေခက အဘငွေကိုရှာရန် ဆိုင်ဘက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ သူမအတွက်တော့ ထိုခြေလှမ်းတွေက အဆုံး အဖြတ်ပေးမည့် ခြေလှမ်းတွေပင်။

ခါတိုင်းလျှောက်နေကျ လမ်းဖြစ်ပေမယ့်လည်း ဒီနေ့တော့ အချိန်သည်လောက်ကြာအောင် လျှောက်ရသည်ကိုပင် စိတ်ထဲမှ မကျေနပ်ချင်လှ။ စိတ်လှုပ်ရှားနေလွန်းသောကြောင့် နှလုံးအိမ်ပင် ဒုန်းဒုန်းခုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ...ရောက်ပြီ မေခ။

ကံအားလျော်စွာပင် သူမ ဆိုင်ထဲသို့လှမ်းဝင်လိုက်သည့် အချိန်မှာ အဘငွေနှင့် ကျော်ကျော်တို့ ရပ်စကားပြောနေကြသည်ကို တွေ့လိုက်ရသည်။

ဒါကပင် သူမအတွက် အဆင်ပြေ ချောမွေ့တော့မည် ဆိုသည့် နိမိတ်လား။

မေခက အဘငွေရှိရာနေရာသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလိုက်ပေမယ့်လည်း အနားရောက်သွားသည့်အချိန်မှာတော့ အဘငွေက ကျော်ကျော်နှင့် စကားစမပြတ်သေးသဖြင့် သူမ ရပ်စောင့်နေရသည်။

ကျော်ကျော်ရော အဘငွေကပါ စကားကောင်းနေကြသဖြင့် သူမကို မမြင်။

"သရဲတစ္ဆေဆိုတာက တကယ်ရှိတာလား အဘ"

"ငါတစ်ယောက်တည်း ဆုံးဖြတ်ချက်နဲ့တော့ ဘယ်တပ်အပ်ပြောလို့ရမလဲကွာ။ ဒါပေမဲ့ ဘုရားဟောတဲ့အထဲမှာလည်း ပေတဝတ္ထုဆိုတာ ပါတယ်။ ပြီးတော့ ယောမင်းကြီးဦးဘိုးလှိုင်လို ပညာရှိကလည်း တစ္ဆေဒီပနီဆိုတဲ့ စာအုပ်တွေဘာတွေ ရေးသွားတော့





တကယ်ရှိလို့နေမှာပေါ့ကွာ"

ဟု အဘငွေက မတင်မကျဖြေလေသည်။ ကျော်ကျော်က အဘငွေကိုကြည့်ပြီး အားမလိုအားမရဖြစ်စွာဖြင့် ထပ်မေးပြန်၏။

"ဒါဆို အဲဒီ သရဲတစ္ဆေတွေကရော လူတွေကို ဒုက္ခပေးလို့ရလား အဘ"

"သရဲ ကုပ်ချိုးတယ်တို့ဘာတို့ဆိုတာ လူတွေ လျှောက်ပြောတာပါကွာ၊ ငါတော့ ဒီခေတ်ကြီးထဲမှာ သရဲကုပ်ချိုးသတ်လို့သေတဲ့ မသာလို့ မကြားဖူးပါဘူး"

မေခပင် ထိုစကားများကြောင့် ဘာကိုဘယ်လိုနားလည်ရမှန်း မသိတော့။ သူမက ရှေ့နားသို့တိုးသွားပြီး နှုတ်ဆက်လိုက်မှ အဘငွေက မေခကိုမြင်သွားကာ...

"သြော်...သမီးပါလား၊ ဘာကိစ္စလဲကွဲ့၊ ဒီမှာ မောင်ကျော်ကျော်မေးသမျှကို ဖြေနေရလို့ သမီးကို တောင် မမြင်လိုက်ဘူး"

မေခက တိုတိုတုတ်တုတ်ပင် အဘငွေကို ရှင်းပြလိုက်လေသည်။ အဘငွေက သူမစကားကိုကြားပြီးသည့်နောက်မှာတော့ တစ်ချက်ပြုံးလိုက်ပြီး...

"ခြေသံလိုလို တချွတ်ချွတ်အသံတွေကိုကြားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တယ်ဆိုတာကတော့ သမီးတို့ ကြားဖူးထားတာ မရှိလို့ပါ။ တကယ်တော့ အိမ်ဆောက်တဲ့အခါမှာ အဲဒီလိုသစ်မျိုး ပါလာရင် ပယ်ပစ်လိုက်ရတယ်။ အဲဒီသစ်ကို သစ်ခြောက်လို့ခေါ်တယ်။ အဲဒီသစ်ခြောက်ဆိုတဲ့ သစ်ကလည်း ဘယ်အမျိုးအစားရယ်တော့ မဟုတ်ဘူး။ ဒီအတိုင်းထားထားရင်းနဲ့ ချိုးချိုးချွတ်ချွတ်အသံမြည်ရင် သစ်ခြောက်ပဲပေါ့။ သရဲခြောက်တာ မဟုတ်ပါဘူး။ အဲဒီသစ်ခြောက်ဆိုတဲ့ဟာ ပါလာလို့ အသံမြည်နေတာပါ သမီးရဲ့"

"ဟင်...ဒါဆို အဲဒီလိုအသံမမြည်အောင် ဘာလုပ်ရမလဲ အဘ"

"လွယ်လွယ်လေးပါ သမီးရယ်၊ သစ်မင်းဆိုတဲ့ သစ်သားတစ်မျိုးနဲ့ အဲဒီအသံမြည်တဲ့အနားမှာ ရိုက်လိုက်ရင် ရပါတယ်။ ကဲ...ကဲ အဘလုပ်ပေးမယ်"

အဘငွေစကားကို ကြားရပြီးသည့်နောက်မှာတော့ သူမအားတက်သွားမိ၏။ စိတ်တစ်ခုလုံးကလည်း အညစ်အကြေးတွေကင်းစင်သွားသကဲ့သို့ ကြည်လင်လန်းဆန်းလာသည်။

အဘငွေက ဘေးနားတွင်ရှိသော ကျော်ကျော့်ကို သစ်မင်းသွားရှာပြီး သူမတို့အဆောင်ကို လိုက်လာရန် မှာလိုက်သည်။





ထို့နောက် သူမနှင့်အတူ အဘငွေက အဆောင်သို့လိုက်လာခဲ့တော့၏။

* * *

အခုတော့ သူမတို့အားလုံးက ပိတ်ထားသောအခန်းထဲတွင် ရှဲရှဲဝှဲဝှဲရပ်နေကြလေပြီ။ အခန်းတစ်ခုလုံးကလည်း ပင့်ကူမျှင်များနှင့် ရှုပ်ထွေးနေပြီး ဖုန်များကလည်း အလိမ်းလိမ်း။

"ကဲ...ငါ့သမီးတို့၊ ငါ့မြေးတို့ ဘာမှမစိုးရိမ်ကြနဲ့တော့၊ ဒီနေ့ကစပြီး ဒီအခန်းထဲက ဘာသံမှ မကြားစေရတော့ဘူး။ အဘတာဝန်ယူတယ်"

ဟုပြောကာ လက်ထဲမှတူကို ကျော်ကျော့်ဆီသို့ ထိုးပေးလိုက်၏။

သူမတို့အားလုံးကတော့ အဘငွေကို ကယ်တင်ရှင်ကြီးတစ်ယောက်လို ကြည့်နေကြသည်။ မမြတ်မွန်ကတော့ အဘငွေကို ထပ်မေးနေ၏။

"ဒါဆို အဘ...သန္တာတို့၊ မြစိမ်းရောင်တို့ သရဲအခြောက်ခံရတဲ့ကိစ္စကရော ဘယ်လိုလုပ်မလဲ အဘ"

"ဒါကတော့ ပညတ်သွားရာ ဓာတ်သက်ပါဆိုသလို သမီးတို့က ဒီအခန်းကိုကြောက်နေကြတော့



www.burmeseclassic.com

www.burmeseclassic.com



တခြားဟာတွေကိုပါ ကယောင်ချောက်ချားဖြစ်ပြီး လျှောက်မြင်နေတာလည်း ဖြစ်နိုင်တာပေါ့။ အဘက ကိုယ်တွေ့မဟုတ်တော့ ဘယ်တတ်အပ် ပြောနိုင်မလဲ"

သူမတို့၏ကြောက်စိတ်တွေက အဘငွေ၏ လှမ်းထွက်သွားသော ခြေလှမ်းများနှင့်အတူ ပါသွားလေ၏။ သူမ၊ သန္တာ၊ မမြတ်မွန်နှင့် မြစိမ်းရောင်တို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ချိုလှဲ့စွာရယ်မောမိလိုက်ကြသည်။ တကယ်တော့ သူမတို့အတွက် လုံလောက်သည့်အဖြေမဟုတ်ပေမယ့်...

ကျေးဇူးပဲ...အဘငွေ...။

■





## အခန်း [ ၁၃ ]

ဒီနေ့မနက်တော့ မေခ သင်တန်းသို့ အစောကြီးရောက်နေခဲ့၏။ ညက စိတ်လက်ကြည်သာစွာ အိပ်ခဲ့ရသဖြင့် တစ်ကိုယ်လုံးလည်း ပေါ့ပါးလန်းဆန်းနေသည်။ စိတ်ကလည်း ကြည်လင်နေ၏။

မေခက ဆရာမလာသေးသဖြင့် internet-web-site တွေကို ကြည့်နေသည်။ အရင်နေ့က မြန်မာ့ရှေးဟောင်း လက်မှု ပစ္စည်းတွေအကြောင်းကို ကြည့်နေရင်းမှ link တစ်ခုကို နှိပ် သွားပြီး အခြား web-site တစ်ခုကို ရောက်ရှိသွားခဲ့၏။

ထို web-site က ရှေးဟောင်းတူရိယာများကို [illegible] သုတေသနလုပ်နေသော သုတေသီတစ်ဦး၏ web-site ထဲ

မေခက စစ်တမ်းပြုထားသော တူရိယာပစ္စည်းများ အသေးစိတ်အချက်အလက်အချို့ကို ဖတ်ရှုနေရင်းမှ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်နှင့် ထုတ်လုပ်ခဲ့သော တူရိယာပစ္စည်းများကို တွေ့လိုက်ရလေသည်။

ဟင် ငါတို့အဆောင်က ဗုံလေးမှာပါတဲ့ တံဆိပ်လေးပါလား။

သူမက အကြီးအကျယ်စိတ်ဝင်စားသွားပြီး ထိုသီရိုဝနွ တံဆိပ်နှင့် တူရိယာပစ္စည်းများကို ဆက်ကြည့်လိုက်၏။ သို့သော် အားလုံးက အမျိုးအစားစုံလင်လှပေမယ့် ဗုံတော့မပါ။

ပလွေတွေဘာတွေတောင် ပါပြီး ဘာဖြစ်လို့ ငါသိချင်တဲ့ ဗုံက မပါရတာလဲ။

မေခက ဆက်ရှာကြည့်လိုက်ပေမယ့် ဘာမှမထူး။ နောက်ဆုံးတွင်တော့ စစ်တမ်းပြုထားသော သုတေသီဆီကို လှမ်းမေးကြည့်လိုက်မည်ဟု ဆုံးဖြတ်ချက်ချလိုက်ကာ သူမ သိချင်သော အကြောင်းအရာအချက်တွေကို E-mail ပို့လိုက်၏။

ထိုပို့လိုက်သည့်အချိန်မှာပင် ဆရာက မင်္ဂလာပါဟုပြောရင်း ဝင်လာ၏။

"ဟော…ဆရာလာပြီ"

ဟု မေခက ရေရွတ်လိုက်သည်။ ၎င်းနောက် ဝါဝါ့ကို လှမ်းကြည့်လိုက်သည်။ ဝါဝါက အခုမှရေ…လာဟန်ရှိသည်။ ကွန်ပျူတာကို ကပျာကယာဖွင့်နေပြီး စာအုပ်တွေကိုလည်း အမြန်





ထုတ်နေ၏။

ထို့နောက် ဆရာက ပုစ္ဆာတစ်ပုဒ်ကို စတင်တွက်ပြလိုက်၏။

* * *

"ဟဲ့…မေခ၊ pizza သွားစားရအောင်ဟယ်"

ဝါဝါက သင်တန်းပြီးသွား၍ စာအုပ်သိမ်းနေသော မေခကို အနားသို့လာကာ ပြောလိုက်၏။ မေခက မတ်တတ်ရပ်လိုက်ရင်း…

"ဟ…ကောင်းတာပေါ့၊ ဘယ်မှာသွားစားမှာလဲ၊ နင်ကျွေးမှာလား"

"အောင်မယ်၊ နင်က ဝင်ငွေရှိတာတောင် ငါ့ကို ကျွေးခိုင်းနေသေးတယ်၊ ဒါပေမဲ့ ဒီနေ့တော့ ငါပဲ ကျွေးမှာပါဟာ၊ ဒီနေ့ ငါ့မွေးနေ့လေ"

"အေး…ဒါဆိုလည်း ပြီးရော၊ သွားကြမယ်"

မေခနှင့် ဝါဝါက ပြောပြောဆိုဆိုနှင့် pizza သွားစားရန် ထွက်လာခဲ့သည်။

လမ်းတွင် ဝါဝါက သူမ ညတုန်းက သရဲကားကြည့်ပြီး အိပ်မပျော်ကြောင်း၊ ကြောင်လေးရွှေဝါက သူမ အိပ်ရာပေါ်တွင် သေးပန်းသွားကြောင်း စသည်တို့ကို စီကာပတ်ကုံးပြောပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



မေခက ဝါဝါ့စကားကို နားထောင်နေရင်း သူမတို့အဆောင်တွင် သရဲခြောက်သည့်ကိစ္စကိုပြောပြရန် စိတ်ကူးရလိုက်၏။

ပြောမလို့ဟန်ပြင်လိုက်စဉ်မှာပင် ဝါဝါက ဆောင့်ဆောင့်အောင့်အောင့်နှင့် ပြောလိုက်သည်။

"ဟွန်း...ဟိုကောင်ကိုကြည့်စမ်းပါဦး မေခ၊
သေသွားတဲ့ သူ့ကြီးတော်ကို အရှင်လတ်လတ်ပြန်
တွေ့သလိုမျိုး ဝါ့ကိုကြည့်နေလိုက်တာ"

ဝါဝါ့စကားကြောင့် မေခပင် တခစ်ခစ်ရယ်မောမိလိုက်သည်။ ဝါဝါက အလှဆုံးစာရင်းတွင် မပါသော်လည်း အပြင်ထွက်လျှင်တော့ ယောကျ်ားလေးများ၏အကြည့်ကို ခံရသည်။

ဒါကလည်း အရောင်စူးစူးအဝတ်အစားများကို ဝတ်ဆင်လေ့ရှိသည့်အတွက်ကြောင့်လား၊ ဖန်စီနားကွင်း အကြီးကြီးတွေကြောင့်လားမသိ။ သူမကတော့ ထိုသို့ဝတ်ဆင်ရသည်ကို စိတ်ကျဉ်းကျပ်လှသည်။

ခဏလောက်ဆက်လျှောက်သွားတော့ pizza ဆိုင်ရှေ့သို့ ရောက်သွားပြီး သူမတို့က ဆိုင်ထဲသို့ဝင်လိုက်၏။ နေ့လယ်ခင်းအချိန်မို့ ဆိုင်ထဲတွင် လူရှင်းနေပြီး သူမတို့က အရှေ့ဘက်ရှိ စားပွဲမှာပင် ထိုင်၏။ မကြာမီ စားပွဲထိုးတစ်ယောက် ရောက်လာပြီး ဝါဝါက pizza မှာလိုက်၏။





မေခက လမ်းတွင်မပြောလိုက်ရသည့်အကြောင်းကို ဝါဝါ့ကို ပြောပြလိုက်၏။

ဝါဝါက ရှေ့တွင်ချထားသော pizza မုန့်ကိုပင် မစားနိုင်တော့ဘဲ မေခပြောသမျှကို မျက်လုံးအဝိုင်းသားဖြင့် နားထောင်နေသည်။

စကားဆုံးသွားသည့်အချိန်မှာတော့ ဝါဝါက...

"ဟယ်...တော်သေးတာပေါ့၊ အဘွေရှိလို့"

"အေးဟယ်၊ ငါတို့အားလုံးလည်း သရဲခြောက်တယ်ထင်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေတာ။ မမြတ်မွန်ကလည်း တစ်ချိန်လုံး သရဲအကြောင်းတွေ ဖတ်နေပြီး တကယ်လည်းဖြစ်လာရော အားကိုးလို့တောင်မရတော့ဘူး"

"ဟာ...ဒါကတော့ သူလည်းကြောက်နေလို့ နေမှာပေါ့။ ဒါပေမဲ့...မေခနော်...၊ ဟိုအခန်းက သရဲခြောက်တာမဟုတ်ဘူးဆိုပေမယ့် သိပ်အတင့်မရဲနဲ့။ ဟို...ရေနစ်သေသွားတဲ့မိန်းမက သူ့အင်္ကျီကို ယူဝတ်လို့ ခြောက်နေတာလည်း ဖြစ်နိုင်တာပဲ၊ သတိထားဦး"

ဟုတ်တာပဲ၊ ဒါကို ငါ ဘာလို့မေ့နေရတာလဲ။

ဝါဝါ့စကားကြောင့် မေခ အနည်းငယ်စိတ်လှုပ်ရှားသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းနေခဲ့သည့်စိတ်က ပြန်လည်ပူပင်လာခဲ့သည်။

ဒါဆိုရင် မြစိမ်းရောင်ကို အဲဒီအင်္ကျီမဝတ်ဖို့ ပြောလိုက်ရင် ကောင်းမလား။ ဦးမျိုးချစ်ကရော ဘာလို့ ဒီဝတ်စုံကြီးကို ဝတ်ခိုင်းရတာလဲ။

မေခက ထိုအတွေးများကြောင့် စိတ်မသက်မသာဖြစ်သွားပြီး မုန့်ကိုပင် သိပ်မစားချင်တော့...။

ဝါဝါကတော့ ဆက်ပြီး ဟိုကြောင့်ထင်တယ် ဒီကြောင့်ထင်တယ်ဟု ပြောနေသည်။ သို့ရာတွင် မေခ ခေါင်းထဲတွင်တော့ မြစိမ်းရောင်၏ ဝတ်စုံကိစ္စကသာ စိုးမိုးနေသည်။

ငါ ဦးမျိုးချစ်ကို ပြောပြလိုက်တာပဲ ကောင်းမယ်။

* * *

သင်တန်းမှပြန်ရောက်ကတည်းက အိပ်ပျော်သွားခဲ့ရာ ယခု ဖုန်းလာမှ မေခ နိုးလာခဲ့သည်။ အိပ်ရာမှ လူးလဲထလိုက်ပြီး ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟဲလို..."

"မေခ...ဆိုင်ကို ခဏလောက်လာခဲ့ပါဦး၊ ပြောစရာရှိလို့"

"ဟုတ်ကဲ့ဆရာ၊ အခုထွက်လာခဲ့မယ်"





ဦးမျိုးချစ်က ခေါ်သဖြင့် မေခ ကပျာကယာ အဝတ်အစားလဲပြီး ထွက်လာခဲ့သည်။ ဆိုင်ထဲရှိ ထိုင်ခုံတစ်လုံးတွင် ဦးမျိုးချစ်က ထိုင်လျက် သူမကိုစောင့်နေ၏။

မေခက...

"ဟုတ်ကဲ့...ပြောပါဆရာ၊ မေခ ရောက်ပြီ"

"သြော်...အေးအေး၊ ထိုင်လေ၊ တခြားတော့ မဟုတ်ပါဘူး၊ souvnier shop အကြောင်း ပြောမလို့ပါ။ အခုဟာက ဆိုင်ထဲမှာပဲ souvnier shop ကို ဖွင့်ထားရတာကို ဆရာ သိပ်သဘောမကျဘူး။ အဲဒါ ဆိုင်ဘေးက မြေနေရာလေးမှာပဲ ဆိုင်ဆောက်ပြီး ထားမလို့။ အဲဒါ မေခ ဝန်ထမ်းတွေထဲက သင့်လျော်မယ့်လူတစ်ယောက်ယောက်ကိုရွေးပြီး အဲဒီဆိုင်မှာ တာဝန်ပေးထားဖို့ပဲ"

"ဟုတ်ကဲ့ဆရာ၊ အဲဒီကိစ္စကို မေခ ဒီရက်ပိုင်းအတွင်း လုပ်ထားလိုက်မယ်"

"အေး...အေး"

ဦးမျိုးချစ်က ထိုသို့ပြောလိုက်ပြီး မတ်တတ်ရပ်လိုက်၏။ ထို့နောက် ထွက်သွားရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် မေခက ဝတ်စုံကိစ္စကို ဖျတ်ခနဲ သတိရသွားပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဆရာ့ကို ပြောစရာရှိလို့"

ဦးမျိုးချစ်က ခြေလှမ်းပြင်နေရင်းမှ...

"ဩော်...ပြောလေ မေခ"

မေခက ဦးမျိုးချစ်ကို မြစိမ်းရောင် ဝတ်စုံကိစ္စနဲ့ပတ်သက်ပြီး စိတ်ထဲတွင် မသိုးမသန့်ဖြစ်နေကြောင်းကို ပြောပြလိုက်၏။

စကားအဆုံးမှာတော့ ဦးမျိုးချစ်က တဟားဟားရယ်မောလိုက်ရင်း...

"မဟုတ်ပါဘူး မေခရယ်၊ အဲဒီဝတ်စုံကို သေသွားတဲ့ အငြိမ့်မင်းသမီးက ဝတ်တောင် မဝတ်ရသေးပါဘူး။ သူ့အတွက် ပျူအက ကဖို့ချုပ်ထားတုန်း အဲဒီအမျိုးသမီးက သေသွားတာလေ။ ဒါနဲ့ပဲ ဝတ်စုံက ဆရာ့ဆီမှာ အသစ်အတိုင်းကျန်နေတာ"

"ဩော်...ဟုတ်ကဲ့ ဆရာ၊ တော်သေးတာပေါ့၊ မေခက အဲဒီအမျိုးသမီးဝတ်ထားတဲ့ ဝတ်စုံထင်လို့ ကြောက်နေတာ"

"ကဲ...ကဲ...ဆရာသွားလိုက်ဦးမယ်"

ဟု ပြောရင်း ဦးမျိုးချစ်က ထွက်သွားလေ၏။ မေခကအခုမှပင် သံသယကင်းစင်သွားပြီး သက်ပြင်းချလိုက်မိတော့၏။

■





## အခန်း [ ၁၄ ]

ထိုအကြောင်းတွေကို မေခက ပြန်ပြောလိုက်သောအခါ...

"ဟယ်...မေခရယ်၊ ဘာလို့ စောစောစီးစီး မပြောရတာလဲ"

"ဟုတ်တယ် မေခ၊ ဘယ်သူ့ကိုမှ မပြောပြရင်တောင် မြမြကိုတော့ ပြောပြဖို့သင့်တယ်"

"အေးလေ ဟုတ်သားပဲ မေခကလည်း၊ အဲဒီဝတ်စုံက တကယ်ခြောက်နေရင် ဘယ့်နှယ်လုပ်မလဲ"

အားလုံးက အံ့ဩသွားကြပြီး မေခကို တစ်ယောက်တစ်ပေါက် အပြစ်တင်လိုက်ကြ၏။ မေခပင် ထိုစကားများကြောင့် စိတ်မကောင်းဖြစ်မိသွားပြီး...

"ကဲပါ ဒါဆိုလည်း မေခ တောင်းပန်ပါတယ်၊ တကယ်တော့ မေခမပြောပြတာက မြမြ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာစိုးလို့ပါ။ ပြီးတော့ အဲဒီအချိန်တုန်းကလည်း ဟိုအခန်းကို ကြောက်နေတာနဲ့ ပြောပြဖို့ မေ့သွားတာလေ၊ အခုလည်း ဒီအကျိုက မေခထင်ခဲ့သလိုမှ မဟုတ်တာ”

“ဟုတ်ပါရဲ့နော်၊ သန္တာတို့ အဲဒီတုန်းက ခြေသံတွေကြားရလို့ဆိုပြီး ကြောက်လိုက်ကြတာ။ တော်သေးတယ်။ အဘငွေကယ်ပေလို့ပေါ့”

သန္တာက ရင်ဘတ်ကို လက်ဖြင့်ဖိထားရင်း ပြောလိုက်၏။ အခုတော့ သူမတို့အားလုံး ကြောက်ရွံ့နေခဲ့သည့်အခန်းက အဘငွေ ကျေးဇူးဖြင့် ဘာသံမှမကြားရတော့။ ဖြတ်သွားရင်လည်း သူမတို့အားလုံးက ထိုအခန်းကို မကျေမနပ်ဖြင့် ကြည့်ကြည့်နေမိသည်။

မမြတ်မွန်ကတော့ နေကြာစေ့အသစ်တစ်ထုပ်ကို ဖောက်လိုက်ပြီး…

“ဒါပေမဲ့ ငါမရှင်းတာတစ်ခုတော့ရှိတယ်။ မြစိမ်းရောင်နဲ့ သန္တာတို့ သရဲအခြောက်ခံရတဲ့ကိစ္စကရော တကယ်ပဲလား၊ စိတ်ကယောင်ချောက်ချားဖြစ်ကြတာလား…”

မမြတ်မွန်က ထိုအကြောင်းတွေကို ပြောလိုက်သဖြင့် သန္တာ





နှင့် မြစိမ်းရောင်တို့ မျက်နှာငယ်လေးနှင့် ဖြစ်ကုန်သည်။ သူမတို့ကိုယ်တိုင် တကယ်လား၊ စိတ်ကယောင်ချောက်ချားဖြစ်တာလား ဆိုတာ မဝေခွဲတတ်။ မြစိမ်းရောင်က…

“မြမြကတော့ တကယ်ဟုတ်ဟုတ် မဟုတ်ဟုတ် အဲဒီညက ကြောက်သွားတာ ကံကောင်းလို့ အသက်မပါသွားတာလို့ပဲ ယူဆမိတယ်”

သန္တာကတော့ ဘာမှဝင်မပြောဘဲ စဉ်းစားနေသည်။ တကယ်ခြောက်တာဆိုရင်ရော သူမတို့ ဘာလုပ်ကြမလဲ။ အခန်းကလည်း မဟုတ်ဘူး၊ ဝတ်စုံကလည်း မဟုတ်ဘူး။ ဒါဆိုရင် ဘာလဲ…။

ထိုအတွေးက မေခခေါင်းထဲတွင်ပေါ်လာသော အတွေးဖြစ်ပြီး ဝေခွဲရခက်သွား၏။

ထိုအချိန်မှာပင်…

“ဟာ…အစ်မတို့ လူစုံတက်စုံ စကားပြောနေကြပါလား”

ဆိုသောအသံနှင့်အတူ ကျော်ကျော်က လက်ထဲတွင် မုန့်ထုပ်တွေကိုဆွဲရင်း ဧည့်ခန်းထဲသို့ ဝင်လာ၏။

ကျော်ကျော်က ခါတိုင်းနေ့တွေထက်ပင် သပ်သပ်ရပ်ရပ် ဖြစ်နေပြီး အပြာလွင့်လွင့်တီရှပ်အကျႌနှင့် သရီးကွာတားဘောင်းဘီ



www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်ဆင်ထားကာ သွက်လက်ရွှင်မြူးနေ၏။

မျက်နှာတွင်လည်း အပြုံးတို့ဖြင့် ဝေဆာနေသည်။

ကျော်ကျော်က သူမတို့အနားသို့ လျှောက်လာရင်း...

"အစ်မတို့ကို မုန့်လာကျွေးတာဗျ...ဟဲ...ဟဲ... ဒီနေ့ကျမှ ဘာဖြစ်လို့ သဒ္ဓါတွေက လွန်ကဲနေလဲမသိ ဘူး၊ ကေန္တတော့ မြမြကြောင့်များလားမသိဘူး"

လက်ထဲမှမုန့်ထုပ်တွေကို စားပွဲပေါ်သို့တင်လိုက်ပြီး ကျော်ကျော်က မြစိမ်းရောင်ဘေး ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်၏။

မေခက သဘောကျစွာဖြင့် တစ်ချက်ရယ်လိုက်ပြီး...

"အေးပေါ့ဟာ၊ နင်က ပိုးကြေးပန်းကြေး လာ ကျွေးတော့လည်း တို့ပါ စားပေးရတာပေါ့၊ မဟုတ်ဘူး လား...ခစ်...ခစ်..."

"ဒါပေါ့ဟာ...စားပေးရမှာပေါ့၊ ဘာလဲ...ကျော် ကျော်...ဒါက မင်္ဂလာပွဲအကြိုလား..."

မမြတ်မွန်စကားကြောင့် မြစိမ်းရောင်က ရက်သွားပြီး...

"ဟာ...မမြတ်မွန်ကလည်း ဘာတွေလျှောက် ပြောနေမှန်းမသိဘူး၊ အခုမှ ကြိုက်ရုံရှိသေးတယ်၊ ယူဖို့မစဉ်းစားရသေးပါဘူး"

မြစိမ်းရောင်၏စကားကို အားလုံးက တဟားဟားနှင့် ရယ်





မောလိုက်ကြ၏။ ကျော်ကျော်နှင့် မြစိမ်းရောင်တို့ကလည်း ရှက် ရှက်နှင့် လိုက်ရယ်ကြသည်။

မေခက...

"ကဲ...ကျော်ကျော်၊ မြစိမ်းရောင်ကတော့ ယူဖို့ မစဉ်းစားဘူးတဲ့နော်၊ နင် အဖြေပြန်ရရုံနဲ့ သိပ်မပျော် နေနဲ့ဦး"

"ရပါတယ် အစ်မရာ၊ ဒီလောက်ဆို သေပျော်ပါ တယ်"

"ဟင်...နင်ကလည်း ကြိုက်တာတောင် ဘာမှ မကြာသေးဘူး သေပျော်ပြီလား"

တကယ်တော့ သူမက ထိုစကားကိုမပြောဘဲ တစ်ခုခုကို လေးလေးနက်နက်စဉ်းစားခဲ့မိဖို့ကောင်းသည်။ သန္တာနှင့် မမြတ် မွန်ကတော့ ကျော်ကျော်ယူလာသော မုန့်တွေကို ဖောက်စားရင်း မြစိမ်းရောင်ကို ပြောနေကြသည်။

"ကဲ...မြမြ၊ ကျော်ကျော်က သူ့အချစ်တွေကို ဖွင့်လှစ်ပြနေပြီ"

"ဘာပဲပြောပြော တို့ကတော့ စားပြီဟေ့"

ထို့နောက်တွင်တော့ သူမတို့အားလုံးက စကားပြောလိုက် အစားစားလိုက်နှင့် အဆင်ပြေနေခဲ့သည်။ ကျော်ကျော်နှင့် မြစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်ကတော့ တိုးတိုး တိုးကိုးနှင့် ဘာတွေပြောနေကြမှန်းမသိ။

ခဏလောက်ကြာမှ ကျော်ကျော်က ဧည့်ခန်းထဲတွင်ထားထားသော ဗုံကို မြင်သွားပြီး…

"ဟင်…ဟိုဗုံက ဘယ်သူ့ဗုံလဲ၊ တစ်မျိုးလေးပါလား"

ဟုပြောရင်း ဗုံထားရာအနားသို့ ထထွက်သွားလိုက်၏။ မြစိမ်းရောင်က ကျော်ကျော့်ကိုကြည့်ပြီး လှမ်းပြောလိုက်သည်။

"ကျော်ကျော်…လျှောက်မလုပ်နဲ့ဦး၊ အဲဒါ ဦးမျိုးချစ် ထားထားခိုင်းလို့ ဒီမှာထားထားတာ"

"ဟုတ်တယ် ကျော်ကျော်၊ အဲဒီဗုံက ရှေးဟောင်းပစ္စည်းနော်၊ အရမ်းသွားမလုပ်နဲ့၊ တော်ကြာ တစ်ခုခုဖြစ်သွားလို့ ငါတို့အလုပ်ပြုတ်နေဦးမယ်"

မေခက ဗုံအနားသို့တိုးကပ်သွားသော ကျော်ကျော့်ကိုကြည့်ကာ ပြောလိုက်၏။

ကျော်ကျော်ကတော့ သူမစကားကို ကြားပင်ကြားရဲ့လားမသိချေ။ ဗုံကို စိတ်ဝင်တစားကြည့်နေရင်း တီးကြည့်လိုက်၏။

"တုံ…တုံ…တုံ"

"ထိ…ဗေထိ"

ကျော်ကျော်က ဗုံကိုထားသည့်နေရာမှာ တီးရုံနှင့်ပင် အားရပုံမပေါ်။ ဗုံကို သူထိုင်သည့်နေရာသို့ပါ ယူလာခဲ့ပြီး ဝာတုံတုံမြည်အောင် လက်စွမ်းပြနေ၏။

မမြတ်မွန်က ကျော်ကျော့်ကိုကြည့်ပြီး အားမလိုအားမရဖြစ်စွာဖြင့်

"ကဲပါ ကျော်ကျော်ရယ်၊ ချထားလိုက်ပါ၊ တစ်ခုခုဖြစ်သွားမှာစိုးလို့ပါ"

ကျော်ကျော်က မမြတ်မွန်စကားကို နားထောင်သည့်အနေဖြင့် ဗုံကိုပြန်ချထားလိုက်၏။ သို့သော် အကြည့်တွေက ဗုံဆီမှ မခွာနိုင်ဘဲဖြစ်နေသည်။

အတန်ကြာတော့မှ ကျော်ကျော်က သူမတို့ဘက်လှည့်ပြီး…

"အင်း…ဒီဗုံလေးက ထူးခြားနေသလိုပဲ အစ်မရေ၊ ကိုင်ကြည့်လိုက်တာ အငွေ့အသက်တစ်ခုခု စီးဝင်လာသလိုပဲ၊ ပြီးတော့လည်း အသံကလည်း ဗုံသံနဲ့မတူဘူး၊ တစ်မျိုးပဲ"

"ဒီလောက်တောင် စိတ်ဝင်စားရင်လည်း ယူသွားတော့ ကျော်ကျော်ရေ"

မြစိမ်းရောင်က သူမကို စိတ်မဝင်စားဘဲ ဗုံကိုစိတ်ဝင်စားနေလို့လားမသိ။ ကျော်ကျော့်ကို ထေ့ထေ့ငေါ့ငေါ့ပြောလိုက်၏။ ကျော်ကျော်ကတော့ ဘာမှပြန်မပြောဘဲ ပြုံးပြုံးလုပ်နေသည်။





www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကျမှ သန္တာက…

"ဟင်… ၁၁ နာရီတောင်ကျော်နေပြီ၊ အိပ်မှ… အိပ်မှ၊ မနက်ကျရင် သွားစရာရှိတယ်"

ထိုအခါတွင်မှ သူမတို့အားလုံးက ညဥ့်နက်နေပြီဖြစ်သဖြင့် လူစုခွဲလိုက်ကြသည်။ ကျော်ကျော်ကတော့ သူမတို့အားလုံးကို နှုတ်ဆက်ကာ ပြန်သွားခဲ့လေပြီ။

ပြန်ခါနီးတွင် အားလုံးကို ကျော်ကျော်က တာ့တာလုပ်သွားခဲ့၏။

တကယ်တော့ ကျော်ကျော်က သူမတို့ကို အပြီးအပိုင် နှုတ်ဆက်ခဲ့ကြောင်းကိုတော့ မိုးလင်းမှ သိခဲ့ရလေသည်။

■





## အခန်း [ ၁၅ ]

"ဘာ…ကျော်ကျော်သေပြီ ဟုတ်လား"

ကြားလိုက်ရသော သတင်းစကားကြောင့် သူမခေါင်းကို မိုးကြိုးပစ်ချလိုက်သကဲ့သို့ ဒိုင်းခနဲဖြစ်သွားပြီး အလန့်တကြားဖြစ်သွားမိသည်။

ကျော်ကျော် သေပြီတဲ့။ ညကတောင် ငါတို့နဲ့ စကားပြောနေကြသေးတာပဲ။ အကောင်းကြီးက ဘယ်လိုဖြစ်တာလဲ…။

မေးခွန်းတွေက သူမခေါင်းထဲသို့ တရစပ်တိုးဝင်လာပြီး သွေးတွေပင် ဆောင့်တက်လာ၏။ မေခ ကိုယ့်နားကိုပင် ကိုယ် ခယုံနိုင်တော့။ ပြောလိုက်သော သန္တာ့မျက်နှာကိုပင် နောက်နေတာများလားလို့ လှမ်းကြည့်လိုက်မိသည်။ သို့သော်…သန္တာ နောက်နေတာမဟုတ်မှန်း သေချာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သန္တာက ဆို့နင့်ဝမ်းနည်းသောအသံဖြင့်…

“ငါလည်း ဦးကျော်ညွန့်လာပြောတုန်းကတော့ ယုံတောင်မယုံဘူး၊ နောက်မှ ကျော်ကျော့်အလောင်းကို ဆေးရုံကားလာသယ်သွားမှ ယုံသွားတာ။ မနေ့ညက ငါတို့နဲ့တောင် စကားအကြာကြီးပြောနေပါသေးတယ်ဟယ်…အဟင့်…ဟင့်”

သန္တာက ပြောရင်း ယူကျုံးမရစွာဖြင့် တရှုံ့ရှုံ့ငိုလိုက်သည်။ သူမပင် ထိုစကားကြောင့် မျက်ရည်ဝိုင်းနေရသည်မဟုတ်ပါလား။

မေခက တစ်စုံတစ်ရာကို စိုးရိမ်ပူပန်မိသွားပြီး တုန်ယင်သောအသံဖြင့်…

“ကျော်ကျော်…ဘယ်…ဘယ်လိုဖြစ်လို့ သေသွားတာလဲ၊ မြစိမ်းရောင်ရော အဲဒီကိစ္စကို သိပြီးပြီလား…”

သန္တာက မေခကို ခေါင်းညိတ်ပြလိုက်ပြီး…

“အေး…အားလုံးသိပြီးသွားပြီ၊ နင်တစ်ယောက်ပဲ မသိရသေးတာ၊ အခန်းထဲမှာ မပြတ်မွန်က မြစိမ်းရောင် မူးလဲသွားလို့ ပြုစုနေတယ်၊ ဘယ်လိုသေတာလဲတော့ ငါလည်းမသိဘူး”

“ဟုတ်လား၊ ဒါဆို ငါစီစဥ်စရာရှိတာ စီစဥ်လိုက်





ဦးမယ်”

မေခက ပြောပြောဆိုဆိုဖြင့် သန္တာ့ပခုံးကို ခပ်ဖွဖွဖျစ်လိုက်ကာ ဆိုင်သို့ထွက်လာခဲ့သည်။ ရင်တစ်ခုလုံးက ကိုယ့်ဆွေမျိုးသားချင်းသေတာမဟုတ်ပေမယ့် သေသွားသကဲ့သို့ ထူပူနေကာ တလှပ်လှပ်နှင့်ဖြစ်နေသည်။

❊ ❊ ❊

ဆိုင်ထဲရှိ မနက်စာစားသည့်နေရာမှာတော့ လူများက ဝမ်းနည်းပူဆွေးနေသည့် မျက်နှာများဖြင့် ငြိမ်သက်နေကြသည်။ ခါတိုင်း ဒီအချိန်ဒီနေရာက ကိုယ့်စကားကိုတောင် ကိုယ်ပြန်မကြားရသည့်နေရာ။ အခုတော့ သုသာန်တစပြင်ကဲ့သို့ ဖြစ်သွားသည်။

ဘယ်လိုဖြစ်ရတာလဲ ကျော်ကျော်ရယ်၊ နင် မနေ့ညက ငါတို့ကို မုန့်လာကျွေးတာ သေခါနီး လာနှုတ်ဆက်တာများလား။

မြစိမ်းရောင်တော့ ဘယ်လိုနေမလဲမသိ။ သူမကတော့ လမ်းလျှောက်တာကိုပင် မြေကြီးနှင့်မထိဘဲ လေထဲတွင် လွင့်မျောနေတယ်လို့ ထင်မိနေသည်။

ထောင့်တစ်နေရာတွင်တော့ ဦးကျော်ညွန့်နှင့် ဦးမျိုးချစ်တို့ ရပ်စကားပြောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ဦးကျော်ညွန့်၊ မေခကို
လည်း ပြောပြပါဦး"

ဦးကျော်ညွန့်ပုံစံက ထိုအကြောင်းတွေကို ထပ်ခါထပ်ခါ ရှင်းပြထားရလို့ထင်သည်။ မောပန်းနွမ်းနယ်နေပြီး တစ်ညလုံးလည်း မအိပ်ခဲ့လို့ မျက်တွင်းတွေက ဟောက်ပက်ဖြစ်နေသည်။

ဦးကျော်ညွန့်က လေပူကို ရှည်လျားစွာမှုတ်ထုတ်လိုက်ပြီး–

"ညတုန်းက မောင်ကျော်ကျော် တူမကြီးတို့အဆောင်ကပြန်လာတော့ ဦးလေးနဲ့တွေ့ပြီး စကားတွေ အကြာကြီး ရပ်ပြောနေသေးတယ်။ တော်တော်ကြာတော့ တူမကြီးတို့အဆောင်ဘက်က ဗုံသံလိုလိုအသံတွေ ကြားရတော့တာပဲ။ ဒါနဲ့ ဦးလေးက မောင်ကျော်ကျော်ကို လွှတ်ခနဲပြောလိုက်မိတယ်။ **'ဟိုတစ်နေ့ညကလည်း ဒီလိုပဲ ဗုံသံတွေကြားရပြီး လူရိပ်လိုလိုတွေ့လိုက်ရသေးတယ်'**...လို့။ မောင်ကျော်ကျော်က ဒီစကားကြားတော့ **'ဒါဆို ကျွန်တော်သွားကြည့်လိုက်ဦးမယ်'**...လို့ပြောပြီး သုတ်ခနဲထွက်သွားလိုက်တာ ဦးလေး တားချိန်တောင်မရလိုက်ပါဘူးကွယ်..."

ဦးကျော်ညွန့် မောသွားသဖြင့် စကားဆက်မပြောသေးဘဲ ခဏအမောဖြေနေ၏။ မေခပင် နားထောင်ရင်း ကြောက်ရွံ့





တုန်လှုပ်လာသည်။ အမြင်အာရုံထဲတွင်လည်း ကျော်ကျော့်မျက်နှာကိုသာ မြင်နေရသည်။

"ဒါနဲ့ ဘာဆက်ဖြစ်သလဲ ဦးကျော်ညွန့်၊ ဆက်ပြောပါဦး"

ဦးမျိုးချစ်က စိတ်လောကြီးစွာမေးလိုက်သည်။ ဦးကျော်ညွန့်က သက်ပြင်းကို နောက်ထပ်တစ်ကြိမ် အရှည်ကြီးချလိုက်ပြီး...

"ဒါနဲ့ပဲ သိပ်မကြာခင်မှာ အားခနဲ စူးစူးဝါးဝါးအော်လိုက်တဲ့အသံကို ကြားလိုက်ရတာနဲ့ ဦးလေးပြေးကြည့်လိုက်တော့ ကျော်ကျော့်ခမျာ တစ်ခုခုကိုအထိတ်တလန့်နဲ့ တွေ့လိုက်ရသလိုမျိုး မျက်လုံးပြူးမျက်ဆံပြူးနဲ့ အသက်ကုန်နေတာကို တွေ့လိုက်ရတာပဲ"

ဦးကျော်ညွန့်၏စကားအဆုံးမှာတော့ မေခခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားသလို မူးနောက်ရီဝေသွားသည်။

ကြောက်သွားတာလား၊ လန့်သွားတာလား...

ဘာတွေလဲ...ဘာတွေလဲ...

မေခ ဘာကိုယုံလို့ယုံရမှန်းတောင် မသိတော့ဘူး။ ဆို့နင့်ပေါက်ကွဲစွာ မေခစိတ်ထဲမှ အော်လိုက်မိသည်။ ဒူးတွေပင် ခွေ



www.burmeseclassic.com

www.burmeseclassic.com



ညွတ်ချင်လာပြီး အသက်ကိုပင် ပြင်းပြင်းရှူနေမိသည်။

ကျော်ကျော် ဘာကိုတွေ့သွားတာလဲ...

ကျော်ကျော် ဘာကိုတွေ့သွားတာလဲ...

ကျော်ကျော် ဘာကိုတွေ့သွားတာလဲ...

ထို့နောက်တွင်တော့ မေခက ဘာအတွက်ကြောင့်မှန်းမသိ ငိုချလိုက်မိတော့သည်။





## အခန်း [ ၁၆ ]

ဧည့်ခန်းထဲသို့ဝင်လာလာချင်းမှာပင် မေခက ဆိုဖာဆက်တီပေါ်သို့ စိတ်ပင်ပန်းနွမ်းနယ်စွာဖြင့် ပစ်လှဲချလိုက်တော့သည်။ စိတ်ပျက်ဝမ်းနည်းမှုက သူမကို အိပ်မက်ဆိုးတစ်ခုလို ဖုံးအုပ်ရစ်နှောင်နေ၏။

ဒီနေ့တစ်နေကုန် ကျော်ကျော့် အသုဘကိစ္စအတွက်နှင့် အလုပ်ရှုပ်နေခဲ့သည်။ နယ်မှ ကျော်ကျော့်မိဘတွေထံ အကြောင်းကြားသည်။ ဆေးရုံသွားသည်။ ဆိုင်ကို ခဏလောက်ပိတ်ထားဖို့ စီစဉ်ရသည်။ ဝန်ထမ်းတွေကိုလည်း အတတ်နိုင်ဆုံး စိတ်ဖြေဖို့ ပြောခဲ့ရ၏။

အခုတော့ သူမစိတ်တွေ လေးလံထိုင်းမှိုင်းနေကာ လှုပ်ရှားချင်တဲ့စိတ်ပင် မရှိတော့။ ကျော်ကျော် နှလုံးသွေးရပ်ပြီး သေသောတဲ့...။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကလည်း သူမနားထဲတွင် ပဲ့တင်ထပ်အောင် ကြားနေရသည်။ ကျော်ကျော်သေသည့်အတွက် သူမ စိတ်ပျက် ဝမ်းနည်းနေတာလား၊ ကြောက်ရွံ့တုန်လှုပ်သွားတာလားပင် မဝေခွဲတတ်တော့။

ထိုအချိန်မှာပင် အတွေးတစ်ခုကြောင့် သူမ ထိုင်ခုံပေါ်မှ ဆတ်ခနဲထထိုင်လိုက်သည်။ ငါတို့အဆောင်မှာ ညဘက်ဆို ဖုံသံလိုလို ပုလွေသံလိုလိုအသံတွေကို ကြားရတယ်တဲ့။ ပြီးတော့ ဖျတ်ခနဲ ဖျတ်ခနဲ တွေ့နေရတဲ့ အငြိမ့်မင်းသမီးတစ်ယောက်...။

အဲဒါတွေက ဘယ်လိုဆက်စပ်နေလဲ။ ရေနစ်သေသွားတဲ့ အငြိမ့်မင်းသမီးများလား။ ဒါမှမဟုတ် ဘာလဲ...။ တစ်ခုခု ဆိုတာတော့ သေချာနေပြီ။

ဘုရားရေ...ဟုတ်တယ်ဆိုရင်ရော ငါဘာလုပ်မလဲ။

မေခက ဒီတစ်ခါတော့ ဆိုဖာပေါ်မှ အပြီးအပိုင် မတ်တတ်ထရပ်လိုက်သည်။ လောလောဆယ်တော့ ထိုအတွေးများက သူမကို ဘာအကျိုးအမြတ်မှ ရှိစေမှာမဟုတ်။ သေမလောက် ကြောက်ရွံ့ချောက်ချားစေမယ့်အရာကိုသာ ပေးလိမ့်မည်။

မေခက အသက်ကိုပြင်းပြင်းတစ်ချက်ရှူလိုက်ပြီး ဧည့်ခန်းထဲမှ ထွက်သွားဖို့ပြင်လိုက်သည်။ ရုတ်တရက်ဆိုသလို သူမ၏ မျက်လုံးတွေက ဖုံဆီသို့ရောက်သွားသည်။





ချက်ချင်းပင် သူမစိတ်တွေ ညို့ဆိုင်းသွားရသည်။

ငါ ဘာဖြစ်လို့ ကျော်ကျော် ဒီဖုံတီးတာကို တားခဲ့ရတာလဲ၊ တီးတော့ရော ဖုံက ဘာဖြစ်သွားမှာမို့လို့လဲ...။

မေခက ကျော်ကျော့်ကို တားမိခဲ့သည့်အတွက် နောင်တအကြီးအကျယ်ရသွားပြီး ယူကျုံးမရဖြစ်မိသွားသည်။

တကယ်ဆို သူ့ရဲ့ သေခါနီးဆန္ဒကို ငါတို့ အပြည့်အဝ လိုက်လျောခဲ့ဖို့ကောင်းတယ်ဟု တွေးလိုက်ရင်း ဖုံကို စိတ်ဆိုးဒေါသဖြစ်စွာ လှမ်းယူလိုက်သည်။ အဲသည်အချိန် ခဏအတွင်းမှာပင် ဖုံကိုလှမ်းကိုင်လိုက်သော သူမလက်တွေ ဓာတ်လိုက်ခံရသကဲ့သို့ တဆတ်ဆတ်တုန်ယင်လာသည်။

မေခက နာကြည်းစွာ ရယ်မောလိုက်သည်။

ဒီလက်တွေတုန်နေတော့ရော ငါဘာဖြစ်ရမှာလဲ။ လွတ်ချလိုက်ရမှာလား။ တကယ်ဆို သေခါနီးလူတစ်ယောက်ရဲ့ နောက်ဆုံးဆန္ဒကို တားခဲ့မိတဲ့ငါ့အတွက် ဒီလက်တုန်လောက်အောင် ဝမ်းနည်းရတာ ဘာဟုတ်သေးလဲ။ ဒီထက်မက ပိုပြီးတော့တောင် ဖြစ်သင့်သေးတယ်။

ငါ ကျော်ကျော့်ဆန္ဒအတွက် ဒီဖုံကို တီးပေးရမယ်... ဟု တွေးရင်း မေခက နာနာကြည်းကြည်း ဖုံကိုတီးပစ်လိုက်သည်။

ဖုံအသံက ကျော်ကျော်ပြောခဲ့သလို တစ်မျိုးပေမယ့် သူမ



www.burmeseclassic.com

www.burmeseclassic.com



နားထဲတွင်တော့ မကောင်းဆိုးဝါးကောင်တွေရဲ့အော်သံတွေလိုပင်။

"မေခ...ဘာလုပ်နေတာလဲ"

သူမ နောက်ကိုလှည့်ကြည့်လိုက်တော့ သန္တာ။ လက်ထဲတွင် ဆေးပုလင်းအချို့ကို ကိုင်လျက် သူမထံသို့ လျှောက်လာသည်။

အနားသို့ရောက်တော့...

"ငါ မြစိမ်းရောင်အတွက် အခန်းထဲသို့ ဆေး သွားယူတုန်း ဖုံသံကြားရလို့ ထွက်လာတာ"

"သြော်...အေး၊ ဒါနဲ့ မြစိမ်းရောင်ရော ဘယ်လို နေသေးလဲ"

သန္တာက ခေါင်းကို စိတ်ပျက်လက်ပျက်နှင့် ခါယမ်းလိုက်ပြီး...

"တစ်နေကုန် ငိုနေတာပါပဲဟယ်၊ ဘယ်လိုချော့ချော့ မရဘူး၊ ဘာမှလည်း မစားဘူး၊ ငါတို့လည်း စိတ်မကောင်းရုံကလွဲပြီး ဘာတတ်နိုင်မှာလဲ မေခရာ၊ ကိုယ်ချင်းစာပါတယ်။ သူ့ခမျာ ကြောက်လည်း ကြောက်၊ ဝမ်းလည်းဝမ်းနည်း ဖြစ်နေရှာမှာပေါ့"

မေခက သက်ပြင်းကိုချလိုက်သည်။ မြစိမ်းရောင်ကိုတော့ ဖေးဖေးမမ အားပေးစကားလေးဘာလေး ပြောဦးမှပါပဲလေဟု တွေးကာ သန္တာနှင့်အတူ မြစိမ်းရောင်အခန်းရှိရာဆီသို့ ဦးတည်





သွားလိုက်မိကြသည်။ သို့သော် သူမ၏ခြေလှမ်းတွေက ရည်ရွယ်ရာဆီသို့ မရောက်။ မြစိမ်းရောင်၏အခန်းဝအနီးသို့ရောက်ခါနီးမှ သူမ၏အခန်းထဲမှ တယ်လီဖုန်းမြည်သံကို မေခက ခပ်သဲ့သဲ့ ကြားလိုက်ရသည်။

ထို့ကြောင့် နောက်ကြောင်းပြန်လှည့်လိုက်ပြီး ကိုယ့်အခန်းဆီသို့သာ ကိုယ်ပြန်လာခဲ့ရလေ၏။

ဖုန်းကို ကောက်ကိုင်လိုက်တော့ တစ်ဖက်မှ ကိုကို့အသံကို ကြားရသည်။

"ဟာ...မေခရာ၊ ကိုယ် ဖုန်းခေါ်နေတာ ကြာလှပြီ။ ဘယ်သွားနေတာလဲ"

မေခ အစအဆုံးရှင်းပြလိုက်တော့မှ ကိုကိုက သဘောပေါက်သွားပြီး သူ မနက်ဖြန် ရန်ကုန်ကိုလာမည့်အကြောင်းကိုပြောကာ ဖုန်းချသွား၏။

တော်သေးတာပေါ့၊ ဒီလိုအချိန်မျိုးမှာ ငါ့ဘေးနားမှာ ကိုကို ရှိနေမယ်ဆိုရင် အကောင်းဆုံးပေါ့ဟု မေခက ရေရွတ်လိုက်ရင်း ခုတင်ပေါ်သို့ ပစ်လှဲချလိုက်၏။

* * *

ည၊ မှောင်မိုက်ကာ အေးစက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြာလဲ့လဲ့လရောင်နှင့်အတူ လေညင်းက ပြတင်းပေါက်မှ တိုးဝင်လာသည်။

မေခက အိပ်ရာထဲတွင် သက်ပြင်းများနှင့် လုံးထွေးလူးလိမ့်နေ၏။ အတွေးထဲတွင် ကျော်ကျော့်အကြောင်း၊ အသံတွေကြားရတဲ့ကိစ္စ၊ ဖျတ်ခနဲမြင်လိုက်ရတဲ့ လူရိပ်တစ်ရိပ်...။ ဒါတွေကြောင့်ပင် သူမ တော်တော်နှင့် အိပ်မပျော်။

နောက်ဆုံး အိပ်ပျော်သွားပြန်တော့လည်း အိပ်မက်ဆိုးများက သူမကို ဖိစီးနှိပ်စက်ကြ၏။

မကြာခဏ မက်နေကျအိပ်မက်ပင် ဖြစ်သည်။

အိပ်မက်ထဲတွင် သူမက မိုးရွာထဲတွင်ရပ်နေသည်။ မည်သည့်နေရာဆိုတာကိုလည်း သူမစိတ်ထဲက တရင်းတနှီး သိနေသည်။

ထိုခဏတွင် သူမမြင်ကွင်းထဲသို့ မိန်းကလေးတစ်ယောက် ဝင်လာသည်။

အရင်ညတွေက အိပ်မက်ထဲမှာလိုပင် ရေးဆန်ဆန်အဝတ်အစားကို ဝတ်ထားလျက်နှင့် လျှောက်လာသော ထိုမိန်းကလေး၏ ဆံပင်တွေက လေထဲမှာ ဝဲပျံနေ၏။

နောက်ခဏတွင် သူမ ရက်ရက်စက်စက်အသတ်ခံရတော့မည်မှန်း မေခစိတ်ထဲက ကြိုသိနေသည်။ လှမ်းအော်ပြီး သတိ





ပေးဖို့ ကြိုးစားသော်လည်း မေခ၏နှုတ်ခမ်းတွေက ဖွင့်ဟ၍မရ။

ထိုအချိန်မှာပင် ယောကျ်ားတစ်ယောက် ရောက်လာပြီး တစ်ဆက်တည်းလိုလို မိန်းကလေး၏ ကြောက်မက်ဖွယ်ရာ အော်ဟစ်သံကို ကြားလိုက်ရပြန်လေသည်။

"အား..."

❊ ❊ ❊

ထုံးစံအတိုင်းပင် ထိုအိပ်မက်မက်ပြီး နိုးလာသောအခါတွင် သူမတစ်ကိုယ်လုံး ချွေးစေးများနှင့် ရွှဲနစ်နေပြန်သည်။ အိပ်ရာထဲတွင် ဆတ်ခနဲ ထထိုင်လိုက်မိ၏။

ဒီအိပ်မက်ကို ဘာဖြစ်လို့ ငါ ထပ်ခါထပ်ခါ မက်နေရတာလဲ။ အိပ်မက်ထဲက အဖြစ်ဆိုးနဲ့သေရတဲ့ မိန်းကလေးနဲ့ ငါနဲ့ ဘယ်လိုပတ်သက်နေလို့လဲဟူသောအသိက နှလုံးသားကို ဆွဲကိုင်လှုပ်ရမ်းသလို ခံစားရသည်။

မေခက သူမ၏နဖူးပေါ်မှစီးကျလာသော ချွေးစေးများကို သုတ်ပစ်ရင်း စောစောကအိပ်မက်ကို မေ့ပစ်ဖို့ကြိုးစားနေသည်။ သို့ရာတွင် မေ့ပစ်လို့မရပါ။ ရံဖန်ရံခါတွင် အိပ်မက်များသည် တစ်ခုခုကိုပြောပြနေတတ်သည်မဟုတ်ပါလား...။

ဘာပဲဖြစ်ဖြစ် မေခကတော့ ထိုအိပ်မက်သည် သူမနှင့် ဆက်စပ်နေလိမ့်မည်ဟု အောက်မေ့လိုက်၏။ ဘယ်လိုဆက်စပ်



www.burmeseclassic.com

www.burmeseclassic.com



နေသလဲဆိုတာကိုတော့ သူမ ကြိုးစားဖော်ထုတ်မည်ဟု သန္နိဋ္ဌာန် ချလိုက်၏။

ထိုအသိကြောင့်ပင် သူမ ခုတင်ပေါ်မှဆင်းလိုက်ပြီး အခန်း ထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ အကြံထုတ်နေ၏။ တဖြည်းဖြည်း ခြေထောက်တွေညောင်းလာမှ ခုတင်ပေါ်တွင် ပြန်ထိုင်လိုက်၏။

ထိုတဒင်္ဂအချိန်မှာပင် ချောက်ချားတုန်လှုပ်ဖွယ်အသိတစ်ခု က သူမ၏မသိစိတ်ဆီမှ တဖြည်းဖြည်း တိုးရွေ့လွင့်မျောလာ သည်။

ဟင်...တံခါးအပေါက်ဝကနေ ငါ့ကို တစ်ယောက်ယောက် ကြည့်နေသလိုမျိုးပဲ။

သူမက အခန်းတံခါးအပေါက်ဝကို ကျောပေးပြီး ခုတင် ပေါ်တွင်ထိုင်နေသောကြောင့် နောက်ဘက်ကိုမမြင်ရ။ တိုးတိုးဝင် လာသည့် သံသယစိတ်ကြောင့်ပင် သူမ အနောက်ဘက်ကို ချာခနဲလှည့်ကြည့်လိုက်သည်။

မည်သူမျှမရှိ။ အခန်းတံခါးကိုသာ ပိတ်လျက်သားတွေ့ရ သည်။

ထိုဖြစ်ရပ်ကြောင့် သူမ ကြောက်ရမလို၊ မကြောက်ရမလို ဖြစ်လာသည်။ သို့ရာတွင် သူမ စိတ်လှုပ်ရှားသွားမှန်းတော့





သေချာနေပြီ။

သူမ၏အသက်ရှူသံတွေက ပုံမှန်မဟုတ်။ နှလုံးအိမ်က တဒုန်းဒုန်းမြည်နေသည်။ စိတ်လည်း ဂနာမငြိမ်တော့။ ထို့ကြောင့် သူမက တစ်စုံတစ်ရာ အန္တရာယ်ဖြစ်လာခဲ့ရင် အသင့်ဖြစ်အောင် ခုတင်ပေါ်မှ အောက်သို့ ခြေထောက်ကိုချထားလိုက်သည်။

တစ်ချိန်တည်းလိုလို တစ်ခန်းလုံးအနှံ့ ကျီးကန်းတောင်း မှောက် ကြည့်နေသည့်မျက်လုံးတွေက မှန်တင်ခုံပေါ်မှ ကြေးမုံပြင် ပေါ်သို့ ရောက်သွားလေသည်။

အဲသည့်အခိုက်အတန့်မှာပင်...

သေမတတ် ကြောက်ရွံ့ချောက်ချားသွားရလေတော့သည်။

ကြေးမုံပြင်ပေါ်တွင် ပုံရိပ်တစ်ခု...။ ထိုပုံရိပ်က မိန်းမ တစ်ယောက်၏ ပုံရိပ်ပင်။

အငြိမ့်ပွဲကသည့်ဝတ်စုံဖြင့် သူမအခန်းဝတွင် ရပ်နေသည်။

တစ်စုံတစ်ရာ ရွေ့လျားမှုလည်းမရှိ။

ပို၍ သွေးပျက်ထိတ်လန့်စရာကောင်းနေသည်မှာ ထိုပုံရိပ် ၏ ကြေးမုံမှန်သားပြင်ပေါ်တွင် ဖောက်ထိုးကြီးပေါ်နေခြင်းပင် ဖြစ်သည်။

မေခ၏ မှန်ကိုကြည့်နေသော မျက်လုံးတွေက အဆမတန် ပြူးကျယ်လာသည်ဟု ထင်မိသည်။ ခါတိုင်း သတ္တိနှင့်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



အခုချိန် အသက်ပါသွားလောက်ပြီ။ အခုတော့ ဘယ်ကဘယ်လို ရောက်လာမှန်းမသိသည့် သတ္တိကြောင့်ပင် သူမ မအော်မိဘဲ ထိုပုံရိပ်ကို ကြက်သေသေ ကြည့်နေမိသည်။

ခဏကြာတော့ ထိုသတ္တိတွေပင် အဝေးသို့ လွင့်စဉ်သွားတော့၏။

သူမ သတိဝင်လာပြီး အခန်းဝကို ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်သည်။ ကျောရိုးတစ်လျှောက် အေးစိမ့်နေသည့်အတွက် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

လှည့်ကြည့်မိလိုက်သည့်အချိန်မှာပင် . . .

မျက်လုံးနှင့် ပြတ်ပြတ်သားသား မြင်လိုက်ရသောကြောင့်–

"အား . . ."

❊ ❊ ❊

တဒုန်းဒုန်းမြည်သံတွေနှင့် သူမအခန်းထဲသို့ မမြတ်မွန်နှင့် သန္တာ ပြေးဝင်လာကြသည်။ သူမ ဘယ်လိုမှ ဟန်ဆောင်တင်းမထားနိုင်တော့ဘဲ မမြတ်မွန်တို့ကို ပြေးဖက်လိုက်မိ၏။

သွေးပျက်ထိတ်လန့်သွားသောကြောင့် သူမ အသံတောင် မထွက်နိုင်တော့ တသိမ့်သိမ့်သာ ငိုချလိုက်တော့၏။

■





**အခန်း [ ၁၇ ]**

"အား . . . ကျွတ် . . . ကျွတ်"

မေခက နာကျင်မှုဝေဒနာကို ညည်းတွားရင်း အိပ်ရာပေါ်မှ ဆင်းလိုက်သည်။ တစ်ကိုယ်လုံးလည်း တဆစ်ဆစ် နာကျင်ကိုက်ခဲနေသည့်အပြင် မနေ့ညက ထိတ်လန့်ဖွယ်ရာအဖြစ်ဆိုးများကြောင့် စိတ်ပင်ပန်း နွမ်းနယ်နေကာ တစ်နေကုန် အပြင်သို့ မထွက်ဘဲ အခန်းအောင်းနေခဲ့သည်။

ယခုတော့ အခန်းထဲတွင်နေရသည်မှာ မွန်းကျပ်ပိတ်လှောင်လာသဖြင့် အပြင်ထွက်ရန် သူမ ခုတင်ပေါ်မှ ဆင်းလိုက်ခြင်းဖြစ်သည်။

ထို့နောက် အခန်းအပြင်သို့ထွက်ကာ ဧည့်ခန်းဘက်သို့ လျှောက်လာခဲ့သည်။ အခုတော့ သူမတို့အဆောင်တစ်ခုလုံး ခြောက်ချားဖွယ်ရာ ခြောက်ကပ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းရောင်ကတော့ ခွင့်ယူကာ နယ်သို့ပြန်သွားခဲ့လေပြီ။ ယခုလည်း သန္တာနှင့် မမြတ်မွန်က သူမကို လိုက်ပို့သဖြင့် အဆောင်တွင် မေခတစ်ယောက်တည်းသာ ကျန်ခဲ့သည်။

မေခက ဧည့်ခန်းထဲမှနာရီကိုကြည့်လိုက်တော့ ၅ နာရီ ထိုးပြီးနေပြီ။

ဒီအချိန်က နွားရိုင်းသွင်းချိန်၊ မှောင်ရီပျိုးစအချိန်။ သည်အချိန်တွေဆို စိတ်က အလိုလိုနေရင်း အားငယ်တတ်မှန်း သူမ ကြားဖူးသည်။

အခုလည်း သူမ ဧည့်ခန်းထဲတွင်ထိုင်နေရသည်မှာ သုသာန်တစပြင်မှာ ထိုင်နေရသကဲ့သို့ စိတ်က ညှိုးရော်အားငယ်လာသည်။

မနေ့ညက သူမ မက်ခဲ့သည့်အိပ်မက်။ ပြီးတော့ မျက်ဝါးထင်ထင် တွေ့လိုက်ရသော ပုံရိပ်တစ်ခု။ ထိုအရာတွေက သူ့စိတ်ထဲတွင် သံမှိုနှင့်ရိုက်နှက်ထားသကဲ့သို့ စွဲထင်ကျန်နေသည်။

ဘာအတွက်ကြောင့် သူမ အဲဒီလိုချောက်ချားဖွယ်ရာ ဖြစ်ရပ်တွေနှင့် ကြုံတွေ့နေရတာလဲ။

ထိုမေးခွန်းကို သူမကိုယ်တိုင် အကြိမ်ကြိမ်ရေရွတ်နေမိသည်။

တစ်စုံတစ်ခုကတော့ သူမတို့ကို အကြီးအကျယ်နှောင့်ယှက်နေသည်။





ထိုအရာက ဘာလဲ...။

သူမ စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကိုခါယမ်းလိုက်မိသည်။ သူမ ဘာကိုမှ ဆက်မစဉ်းစားချင်တော့။ မနက်ဖြန်ဆို ရန်ကုန်ကို ကိုကိုရောက်လာတော့မည်။ ထိုအခါကျမှ ကိုကို့ကို ဖွင့်ပြောပြီး အကူအညီတောင်းကြည့်ဖို့ ဆုံးဖြတ်ထားသည်။

ထိုအချိန်ကျမှ သန္တာက အပြင်မှပြန်ရောက်လာပြီး သူမကို ပြောလိုက်လေ၏။

"ဟင်း...မေခ၊ အိပ်ရာထဲမှာလှဲနေလေ၊ ဘာဖြစ်လို့ အပြင်မှာထိုင်နေရတာလဲ"

သန္တာက စိုးရိမ်တကြီး လှမ်းပြောလိုက်ပြီး သူမဘေးတွင် ဝင်ထိုင်လိုက်၏။ မေခက သန္တာ့ကို ဖျော့တော့စွာပြုံးပြလိုက်ပြီး–

"ရပါတယ်၊ မေခ ဘာမှမဖြစ်ပါဘူး၊ အခန်းထဲမှာနေရတာ စိတ်ကျဉ်းကျပ်လာလို့ အပြင်မှာ လာထိုင်နေတာ"

"ဖူး...အေးဟာ၊ ဒီအဆောင်မှာလည်း ဘယ်လိုဂြိုဟ်ဆိုးများဝင်နေတာလဲမသိဘူး၊ ဒီနေ့ မြစိမ်းရောင်ကို လိုက်ပို့ရင်း မြင်ရတာ ငါတောင် မျက်ရည်ကျမိတယ်။ အခု မေခကလည်း ဖြစ်နေပြန်ပြီ။ သန္တာထင်တာကတော့ ဒီအဆောင်မှာ မကောင်းဆိုးဝါး



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတစ်ခုခုများ ရှိနေလို့လား...ထင်မိတယ်"

သန္တာ့စကားကြောင့် မေခအတွေးထဲတွင် လင်းခနဲဖြစ်သွားသည်။ ချက်ချင်းဆိုသလိုပင် သန္တာ့ကို ပြန်ပြောလိုက်မိသည်။

"ဟုတ်တယ်နော် သန္တာ၊ မေခတို့ အရင်တုန်းက ဒီအဆောင်မှာနေလာတာ ဘာမှမဖြစ်ဘူး၊ အခုကျမှ ဖြစ်နေတော့ တစ်ခုခုကြောင့်ဆိုတာ ကျိန်းသေနေပြီ"

ထို့နောက် သူမတို့နှစ်ဦးစလုံး အတွေးကိုယ်စီဖြင့် ငြိမ်ကျသွားသည်။ နောက်မှ သန္တာက ညည်းညည်းညူညူနှင့်...

"သန္တာတော့ မစဉ်းစားတတ်တော့ဘူး၊ မနက်ဖြန် အဘငွေကိုရှာပြီး အကူအညီတောင်းရမှာပဲ"

ဟုတ်တာပဲ၊ ဒါလည်း တစ်ခုခုတော့ ထူးခြားမှာအမှန်ပဲဟု မေခ တွေးမိလိုက်ပြီး သန္တာ့ကို ခေါင်းညိတ်ပြလိုက်၏။

သန္တာက...

"ကဲဟာ...ဒါဆိုလည်း အခန်းထဲပြန်ရအောင်၊ မနက်ဖြန်ကျရင် အဘငွေလာတော့ တစ်ခုခုတော့ ထူးခြားမှာပဲလေ"

သန္တာနှင့် မေခက ကိုယ့်အခန်းကိုယ် အသီးသီးပြန်လာခဲ့သည်။

❊ ❊ ❊

**အိပ်မက်အသစ်**



မနက်ဖြန်...မနက်ဖြန်ဆိုရင် သူမတို့အခက်အခဲတွေအားလုံး ပြေလည်ကုန်မှာလား၊ သူမက မနက်ဖြန်ဆိုတာတွေကို တဖြည်းဖြည်း ရှုမှန်းလာခဲ့သည်။

ဒီလိုညမျိုးတွေကို ဖြတ်သန်းပြီးသွားရမယ့်ခရီးက အရမ်းကို ပင်ပန်းလွန်းနေသည်။

မေခ အိပ်ရာပေါ်မှာ လူးရင်းလိမ့်ရင်၊ စဉ်းစားနေမိသည်။

နောက်ဆုံး မေခက အိပ်ရန်ဆုံးဖြတ်လိုက်ပြီး မျက်လုံးကို မှိတ်ပစ်လိုက်သည်။

မနေ့ညက တစ်ညလုံး ကောင်းကောင်းမအိပ်ခဲ့ရသောကြောင့် မျက်လုံးမှိတ်လိုက်သည့်အချိန်မှာပင် မေ့ခနဲအိပ်ပျော်သွားတော့၏။

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာမှ ဖျတ်ခနဲနိုးလာသောအခါ ပြတင်းပေါက်အပြင်တွင် မှောင်မိုက်နေသည်ကို သတိထားမိလိုက်၏။

ဟင်...ငါဘယ်လောက်တောင် အိပ်ပျော်သွားလဲမသိဘူး။

ညကို မလွန်မြောက်သေးတာတော့ သေချာသည်။

မေခက အိပ်ရာပေါ်မှ လူးလဲထရင်း မီးခလုတ်ဖွင့်ကာ နာရီကိုလှည့်ကြည့်လိုက်၏။

ည ၁၂ နာရီထိုးဖို့ စက္ကန့်ပိုင်းအလို။

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



မေခက ခုတင်ဘေးရှိ စားပွဲပေါ်တွင်တင်ထားသော ရေဘူးကို ယူလိုက်ပြီး ရေတစ်ငုံသောက်လိုက်၏။

ထိုအချိန်မှာပင် သူမနားထဲသို့ အသံတစ်သံက ခပ်တိုးတိုးဝင်လာ၏။

ဟင်...ဒါ ဘာအသံလဲ...။

အချိန်မတော်ကြီး ကြားလိုက်ရသော ထိုအသံကြောင့် သူမကြက်သီးပင်ထသွားသည်။ ဒါ...ဒါ...ဦးကျော်ညွှန့်ပြောတဲ့ ဗုံသံလိုလို...ပလွေသံလိုလို ထင်တယ်။

ချက်ချင်းပင် သူမက ခုတင်ပေါ်မှဆင်းလိုက်ပြီး အခန်းဝသို့ လျှောက်သွားလိုက်သည်။

အသံတွေက တဖြည်းဖြည်း ပို၍ပီပြင်လာ၏။

ငါ သန္တာ့ကိုသွားနိုးပြီး သွားပြောလိုက်တာ ကောင်းမယ်။ ဒါမှ အဖော်ရှိတုန်း ဘယ်ကလာတဲ့အသံလဲဆိုတာ သိရမှာပါ။

မေခက ထိုအတွေးနှင့်ပင် သူမအခန်းတံခါးကို ဖွင့်လိုက်ပြီး သန္တာ့အခန်းသို့သွားရန် ထွက်လာခဲ့သည်။

တကယ့်တကယ်တမ်းတွင်တော့ သူမ သန္တာ့ကို အဖော်မခေါ်ဖြစ်ခဲ့ပေ။

သူမ သန္တာ့အခန်းရှေ့သို့ ရောက်သွားသည့်အချိန်မှာပင် ညှော်ခန်းထဲမှ တိုးတိုးသဲ့သဲ့ထွက်ပေါ်နေသော အသံတွေကို ကြား





လိုက်ရသည်။

ဟင်...ညှော်ခန်းထဲမှာ ဘယ်သူရှိနေလဲ...။

ညှော်ခန်းတစ်ခုလုံးက မီးထိန်ထိန်လင်းနေသည်။ လှုပ်ရှားမှုအရိပ်အယောင်လည်း မတွေ့ရ။ ထို့အတွက်ကြောင့်ပင် မေခကအရဲစွန့်ပြီး ညှော်ခန်းထဲသို့ တစ်လှမ်းချင်းလျှောက်လာခဲ့သည်။

ထိုသို့လျှောက်နေရသည်ပင် အိပ်မက်ခရီးရှည်ကြီးတစ်ခုကိုလျှောက်နေရသလိုမျိုး လွင့်မျော မောဟိုက်နေ၏။

မေခ...နင့်စိတ်ကို ငြိမ်အောင်ထိန်း...ငြိမ်အောင်ထိန်း...။

သူမက ကိုယ့်ကိုယ်ကို ပြန်အားပေးရင်း ညှော်ခန်းတံခါးနားသို့ တိုးကပ်လိုက်သည်။ ကြောက်ရွံ့မှုကြောင့် သူမ၏နားထင်မှချွေးစက်များက ပါးစပ်ထဲသို့ စီးကျလာသည်။

ဒူးတွေက ညွတ်ခွေကျချင်လာပြီး ရင်တွေတဒိတ်ဒိတ်နှင့်ခုန်လာသည်။

သူမက ညှော်ခန်းတံခါး၏ အပေါ်ဘက်မှ မှန်နေရာမှနေပြီးညှော်ခန်းထဲသို့ မဝံ့မရဲကြည့်လိုက်၏။ မှန်မှတစ်ဆင့် မြင်နေရသမျှ့လည်း အရာရာကို ပြတ်ပြတ်သားသား မြင်နေရသည်။

ညှော်ခန်းထဲတွင် မည်သူမျှရှိမနေပါ။

သူမ ခုနကကြားခဲ့ရသည့်အသံတွေကလည်း ပြန်လည်တိတ်ဆိတ်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာဆက်လုပ်ရမလဲ…။ ရှေ့ဆက်တိုးရင် ကောင်းမလား၊ နောက်ဆုတ်လိုက်ရင် ကောင်းမလား…။

နောက်ဆုံး ရှေ့ဆက်တိုးရန် ဆုံးဖြတ်လိုက်ပြီး တံခါးကို ဖြည်းညင်းစွာဖွင့်လိုက်သည်။

"ကျွီ…"

ထိုအသံနှင့်အတူ တံခါးက ဖြည်းညင်းစွာပွင့်သွားသည်။ ဟလိုက်သော တံခါးကြားမှ လေအေးတချို့ တိုးဝင်လာ၏။

သူမက နောက်တစ်ကြိမ် ဧည့်ခန်းကိုလှမ်းကြည့်လိုက်၏။ သေချာမှ ဧည့်ခန်းအတွင်းသို့ သူမ ဝင်သွား၏။

စောစောကကြားခဲ့ရသောအသံတွေ ပျောက်သွားသဖြင့် ဧည့်ခန်းတစ်ခုလုံး မသင်္ကာစရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။

သူမ၏ခြေသံတရှပ်ရှပ်ကိုပင် အကျယ်ကြီးကြားနေရသည်။

တဖြည့်ဖြည်းနှင့် သူမ၏ စိုးရိမ်ပူပန်မှုတွေ လျော့ပါးသွားသည်။

ဒါဆို…ခုနက ငါကြားခဲ့ရတဲ့အသံတွေက ဘယ်ကလဲ…။

သို့သော် အဖြေကား မရ။ မေခက အသက်ပြင်းပြင်းမရှူရဲ။ ဘာကြောင့် ငါလှမ်းကြည့်နေတာလဲ၊ ဘာထူးခြားမှာမို့လို့လဲ…ဟူသော မေးခွန်းတွေကလည်း သူမအတွေးထဲတွင် အစီ





အရီ။

အဲဒီအချိန်မှာပင် ထူးခြားမှုကို သူမ သတိထားမိလိုက်သည်။

ဗုံ…။

မည်သူ တစ်ဦးတစ်ယောက်မှ မတီးဘဲ မျက်နှာပြင်သားရေပြားက တုန်ခါနေသည်။

ဟင်…ငါအမြင်မှားတာလား…မဟုတ်နိုင်ပါဘူး…။

ထို့နောက် ပိုသဲသဲကွဲကွဲမြင်ရအောင် ဗုံဆီသို့ တိုးကပ်သွားလိုက်သည်။ ဘာကြောင့်လဲတော့ မပြောတတ်။ တစ်ခုခုတော့ မှားယွင်းနေလေပြီ…။

သူမ ဗုံကို ရှင်းရှင်းလင်းလင်းမြင်လိုက်ရသည့်အချိန်မှာလည်း သူမအတွေးတွေက မည်းမှောင်ချောက်ချားလာပြီး သွေးတွေပင် ဆောင့်ခုန်တက်လာ၏။

မမှားဘူး…ငါ လုံးဝမမှားဘူး။

ဒါ…ဒါ…ဘယ်လိုဖြစ်တာလဲ…။

သေချာမှုတစ်ခုက သူမကို ပို၍ပို၍ ချောက်ချားသွားစေ၏။

မေခက တဆတ်ဆတ်တုန်ယင်နေသောလက်ဖြင့် ဗုံကို လှမ်းယူလိုက်သည်။ ဗုံဆီမှ မကောင်းဆိုးဝါးအငွေ့အသက်တစ်ခု သူမ၏လက်ချောင်းများထိပ်မှ စီးဝင်လာသလို ခံစားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် လှိုင်သံပါနေသော အော်သံတစ်ခုကို သူမ ကြားလိုက်ရ၏။

ဟင်...ဖုံအထဲက အသံလား...။

သူမက အံ့သြကြောက်လန့်သွားပြီး ဖုံကို နားနှင့်ကပ်ကာ နားထောင်လိုက်မိသည်။ တစ်ချိန်တည်းမှာပင် သူမကို ထိတ်လန့်သွားစေသော အသံတစ်သံကို ကြားလိုက်ရ၏။

■





အခန်း [ ၁၈ ]

"အား..."

မိန်းမပျိုတစ်ယောက်၏ နာနာကျင်ကျင်အော်လိုက်သည့် အသံ...။

ဟင်...ဒီအသံ...ဒီအသံ...ငါမှတ်မိတယ်။ ငါ့အိပ်မက်တွေထဲ ကြားနေတဲ့ မိန်းကလေးရဲ့အော်သံပဲ။ ဘယ်လိုဖြစ်...ဖြစ်...

သွေးပျက်ချောက်ချားသွားပြီး အထစ်ထစ်အငေါ့ငေါ့ ရေရွတ်မိလိုက်စဉ်မှာပင် ဖုံကိုကိုင်ထားသော သူမလက်တွေက အားအင်မဲ့သွားကာ ဖုံက ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားတော့၏။

"ဒုန်း..."

"ဝုန်း...ဂလုံး...ဂလုံး..."

ထို့နောက်တွင်တော့ သူမ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ ဝုန်းခနဲ ပြေးထွက်လိုက်သည်။ ပြေးရင်းမှပင် သူမအိပ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ အဖြေကို မေခ ရိပ်မိသွား၏။

အဲဒါ ဘာဖြစ်လို့လဲ...ဘာဖြစ်လို့လဲ...။

သူမ တစ်ခုခုလုပ်ရတော့မည်။ လောလောဆယ်တော့ သူမ ဘာကိုမျှ မစဉ်းစားနိုင်သေး။ မောဟိုက်နေတာတစ်ခုပဲသိသည်။

"ဟောဟဲ...ဟောဟဲ"

မောဟိုက်လွန်းနေသဖြင့် သူမက ကိုယ့်ခြေထောက်ကိုယ်ကို မသယ်နိုင်အောင်ပင် အင်အားနည်းပါးလာသည်။ သို့သော်... သူမ မရပ်တန့်ရဲ။

သွေးရူးသွေးတန်းနဲ့သာ ဆက်ပြေးနေသည်။ နောက်... သူမအခန်းရှေ့ရောက်မှ ခြေလှမ်းတွေက အရှိန်လျော့သွားပြီး ရပ်တန့်သွားသည်။

တစ်ပြိုင်နက်တည်းလိုလိုလည်း လက်က အခန်းတံခါးကို ဝုန်းခနဲ တွန်းဖွင့်လိုက်၏။

❊ ❊ ❊

သူမအခန်းထဲသို့ပြန်ရောက်သည့်အချိန်တွင် ညတစ်နာရီ ထိုးနေပြီ။

အခန်းတံခါးကို ချက်ချထားလိုက်ပြီး သူမ ခုတင်ခြေရင်းတွင် ထိုင်နေမိသည်။ အခုထက်ထိ ရင်ခုန်သံတွေက တဒုန်းဒုန်း





မြည်နေဆဲ။

သူမတစ်သက်တာကာလတွင် ဘယ်တုန်းကမှ ဒီလောက် ကြောက်မသွားဖူးခဲ့...။ အခုတော့ ရင်တစ်ခုလုံး ပွင့်ထွက်သွားမတတ်ပင် ကြောက်ရွံ့တုန်လှုပ်နေသည်။

တစ်ကိုယ်လုံးမှာလည်း စိမ့်ထွက်လာသော ချွေးစေးတွေဖြင့် ရွှဲနစ်နေ၏။ သူမခေါင်းထဲတွင် အတွေးတစ်ခုကလည်း တဖြည်းဖြည်း ပေါ်လာသည်။

ငါတို့ကို ခြောက်လှန့်နေတာ ဒီဗုံလား...။

ဟုတ်တယ်...ဟုတ်တယ်။ ဒီဗုံရောက်လာမှ ငါတို့အဆောင် တစ်ခုလုံး ကြောက်လန့်စရာတွေ တစ်ခုပြီးတစ်ခု ဖြစ်နေတာ။

ဟင်း...ဒီဗုံက မကောင်းဆိုးဝါးဗုံပဲ...။

ချက်ချင်းဆိုသလို သူမ အော်ငိုချင်စိတ်ပေါက်သွားပြီး ဝမ်းနည်းနာကျင်လာမိတော့၏။

ထို့နောက်တွင်တော့ သူမက နာကျင်ကြေကွဲစွာဖြင့် ငိုရှိုက်နေမိသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၉ ]

မနက်...။

သူမ အိပ်ရာမှနိုးနိုးချင်း အဆောင်မှထွက်လာခဲ့သည်။ အိပ်ရေးမဝသဖြင့် ခေါင်းတစ်ခုလုံး ချာချာလည်နေသည်။ ခြေတွေလက်တွေပင် အားအင်မဲ့နေသလို ထုံကျင်ကိုက်ခဲနေ၏။

ဘာဖြစ်ဖြစ် ဒီဗုံက မကောင်းဆိုးဝါးဗုံလားဆိုတာ သဲသဲကွဲကွဲသိအောင်လုပ်ရမယ်။ ပြီးတော့ ကိုကိုက ဒီနေ့ရောက်မှာဆိုတော့ ကားဂိတ်မှာသွားကြိုရင် ဒီကိစ္စကို အကူအညီတောင်းရမယ်။

မေခက ထိုအတွေးများကြောင့်ပင် မြို့ထဲသို့သွားရန် ကားမှတ်တိုင်တွင် ကားစောင့်နေမိသည်။

သိပ်မကြာခင်မှာပင် ဘတ်စ်ကားတစ်စီး ရောက်လာသဖြင့် သူမက တက်လိုက်လာခဲ့လိုက်သည်။ ကားက လူများဖြင့် ပြည့်





ညပ်သပ်နေသော်လည်း သူမက ဂရုမစိုက်နိုင်တော့ဘဲ မြို့ထဲသို့ အမြန်ရောက်ရန်သာ ဆုတောင်းနေမိသည်။

မြို့ထဲရောက်တော့ သူမက နီးရာအင်တာနက်ဆိုင်တစ်ဆိုင်ကို အလျင်အမြန်ဝင်လိုက်ပြီး သူမ E-mail account ကို ဖွင့်လိုက်သည်။

သူမ ဟိုတစ်နေ့က သင်တန်းမှနေပြီး ဗုံအကြောင်းကို E-mail ဖြင့် လှမ်းမေးထားသည်။ သူမအတွက်တော့ ဒီတစ်နည်းက အဆင်ပြေဆုံးဖြစ်ပေလိမ့်မည်။

ဘုရား...ဘုရား...ရှေးဟောင်းသုတေသီဆီက E-mail ရောက်နေပါစေ။

သူမက ပါးစပ်မှ တတွတ်တွတ်ဆုတောင်းရင်း သူမ E-mail account ထဲသို့ ဝင်လာသမျှ စာတွေကို စစ်ကြည့်လိုက်သည်။ နောက်ဆုံးတွင်တော့ ကံကောင်းထောက်မစွာပင် သူမ E-mail ပို့ပြီး မေးထားသော ရှေးဟောင်းသုတေသီကြီးဆီမှ ပို့ထားသော E-mail တစ်စောင်ကို တွေ့လိုက်ရသည်။

ပို့ထားသောနေ့စွဲကိုကြည့်လိုက်တော့ တစ်ပတ်လောက်တောင် ရှိနေပြီ။

ဟင်...ကြာတောင်ကြာနေပြီပဲ။ ငါ ဘာလို့ E-mail မစစ်မိတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မေခက နောင်တရစွာရေရွတ်လိုက်ပြီး E-mail ကို ဖတ်ကြည့်လိုက်တော့၏။ ထိုစာကိုဖတ်လိုက်သည့်အချိန်မှာပင် သူမမျက်လုံးတွေပြူးကျယ်သွားပြီး ရင်တစ်ခုလုံးလည်း ဖြောင်းဆန်အောင် လှုပ်ရှားသွားတော့၏။

ထိုစာမှာ အောက်ပါအတိုင်းဖြစ်လေသည်။

သီရိဝဋ္ဋသည် ပျူခေတ်သုံး ဒင်္ဂါးများတွင် အသုံးပြုခဲ့သော တံဆိပ်အမှတ်အသားဖြစ်ခဲ့သည်။ ၁၉၂၅ ခုနှစ်ခန့်က ထိုသီရိဝဋ္ဋအမည်ဖြင့် ဓာတ်သဘင်အဖွဲ့တစ်ခု ပေါ်ပေါက်ခဲ့ပြီး ယင်းတံဆိပ်ကို အဖွဲ့၏သင်္ကေတအဖြစ် အသုံးပြုခဲ့သည်။ ထိုသီရိဝဋ္ဋဓာတ်အဖွဲ့သည် 'ဦးကလိန်'သီချင်းဖြင့် နာမည်ကျော်သော ဒဂုံခင်လှကြည်၊ ဆင်ကြီးဂဠုန်ချီသီချင်းဖြင့် လူကြိုက်များသော မတင်အောင်တို့နှင့် ခေတ်ပြိုင်ပေါ်ပေါက်ခဲ့သော သဘင်အဖွဲ့ဖြစ်သော်လည်း နာမည်မကျော်ကြားလှပေ။ ထိုဓာတ်အဖွဲ့၏ ပင်တိုင်မင်းသမီးဖြစ်သူ မြငွေကြည်သည် ဆိုင်းဆရာ၏ သတ်ဖြတ်မှုကြောင့် ကွယ်လွန်သွားသည်ဟု ယူဆရ၏။ မြငွေကြည် သေဆုံးပြီးနောက် အဖွဲ့မှာ မှေးမှိန်ပျောက်ကွယ်သွား၏။ အခြားခိုင်မာသော မှတ်တမ်းမှတ်ရာများ မတွေ့ရှိရ...။

ထိုစာကို ဖတ်ပြီးသည့်အချိန်မှာတော့ မေခ အံ့သြသွားပြီး ပါးစပ်အဟောင်းသားပင် ဖွင့်ကျသွားတော့သည်။





တကယ်ပဲ ဒီဗုံက မကောင်းဆိုးဝါးဗုံကို...။ ဒါကြောင့်ငါ့ အိပ်မက်တွေထဲမှာ မိန်းကလေးတစ်ယောက် အသတ်ခံရတာကိုး။

ထိုအတွေးများကြောင့်ပင် သူမကျောရိုးတစ်လျှောက် စိမ့်တက်သွား၏။

အခု ငါဘာလုပ်ရမလဲ...။ ဘယ်သူ့ကို ဒီအကြောင်း ပြောပြရမလဲ...။

ဦးမျိုးချစ်ကို ပြောပြလိုက်ရမလား။

ဟင့်အင်း...ကားဂိတ်မှာသွားကြိုရင်း ကိုကို့ကို အရင်ပြောကြည့်မယ်။

နာရီကိုကြည့်လိုက်တော့ မနက် ၁၀ နာရီထိုးဖို့ ၅ မိနစ်အလို။

မေခက အင်တာနက်ဆိုင်ထဲမှ ပိုက်ဆံရှင်းပြီး ကပျာကယာထွက်လာခဲ့သည်။ အဝေးပြေးကားဂိတ်သို့ သွားရာတစ်လျှောက်လုံးလည်း စိတ်တွေက လေးလံထိုင်းမှိုင်းနေသည်။

သေသေချာချာပြန်စဉ်းစားကြည့်လိုက်တော့ သူမတို့အားလုံး ကြောက်မက်ဖွယ်အဖြစ်ဆိုးတွေနဲ့ ကြုံတွေ့ရတိုင်း ဗုံနှင့်ပတ်သက်နေသည်။

သန္တာ သရဲအခြောက်ခံရတုန်းက ဗုံကိုသွားတီးမိတယ်နဲ့

www.burmeseclassic.com



တူပါရဲ့။ ပြီးတော့ မြစိမ်းရောင်။ ကျော်ကျော် ဒါတွေကို ငါတို့ အားလုံး ဘာလို့မရိပ်မိကြတာလဲ။

သူမ နာကြည်းစွာဖြင့် အံကိုတင်းတင်းကြိတ်လိုက်မိတော့သည်။

■





## အခန်း [ ၂၀ ]

ကိုကိုမောင်...။

ခရီးဆောင်အိတ်တစ်လုံးကိုဆွဲလျက် အိပ်မက်ကျွန်း စာသောက်ဆိုင်အတွင်းသို့ ဝင်လာသည်။ တစ်ညလုံး ကားစီးလာရသဖြင့် ခေါင်းတွေ ညီးစိစိဖြစ်နေပြီး ကားဂိတ်ရောက်တော့လည်း မေခကိုမတွေ့ရသဖြင့် ဆိုင်သို့တန်းလိုက်လာခဲ့သည်။

သူစီးလာသည့်ကားက မနက်အစောပိုင်းမှာပင် ရန်ကုန်ဝင်သဖြင့် မေခနဲ့များ လွဲသွားတာများလားလို့ စိတ်ထဲက စိုးရိမ်ပူပန်မိနေသည်။

တကယ်ပင် ဆိုင်ထဲမှထွက်လာသော ဝန်ထမ်းဖြစ်ဟန်တူသော ကောင်လေးတစ်ယောက်ကို မေးကြည့်တော့...

"ဟို...အစ်ကို...အစ်မက မနက်စောစောကတည်းက ထွက်သွားတာ၊ တကယ်လို့ စောင့်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင်တော့ အဆောင်ကနေစောင့်နေလေ။ ကျွန်
တော် လိုက်ပို့ပေးမယ်"

ဟာ...သွားပြီ။ လွဲသွားပြီ။ ဘယ်လိုလုပ်ရကောင်းမလဲ၊ စောင့်လိုက်တာ ကောင်းမယ်ထင်တယ်။

ကိုကိုမောင်က စိတ်ပျက်လက်ပျက်နှင့်ပင် ထိုကောင်လေးကို ခေါင်းညိတ်ပြလိုက်သည်။ ကောင်လေးက အလိုက်တသိပင် သူဆွဲလာသော ခရီးဆောင်အိတ်ကို ကူဆွဲပေးရင်း သူ့ကို အဆောင်သို့ လိုက်ပို့ပေးလေသည်။

လျှောက်လာရာတစ်လမ်းလုံး ကိုကိုမောင်က ပတ်ဝန်းကျင်ကို သဘောကျနှစ်ခြိုက်စွာ ကြည့်လာသည်။ ကျွန်းတစ်ခုလုံး၏ မြေမျက်နှာပြင်နေရာများကို ဖုံးအုပ်ခြုံလွှမ်းထားသည့် သစ်ပင်ကြီးငယ်များ၊ ကြည့်လိုက်ရင်လည်း မျက်စိကဆုံးမြင်နေရသည့် ရေပြင်၊ လတ်လတ်ဆတ်ဆတ်တိုက်ခတ်လာသော လေပြေလေညင်းများ...။

အားလုံးက ပန်းချီဆရာတစ်ယောက် စိတ်ကူးယဉ်ပြီး ဆွဲထားသော ပန်းချီကားတစ်ချပ်လိုပင် တိမ်းမူးဖွယ်ရာကောင်းနေသည်။

အင်း...မေခက ဒါကြောင့်မို့ ဒီဆိုင်လေးကို သံယောဇဉ်တွယ်နေတာကိုး...ဟုတွေးရင်း ဦးဆောင်ခေါ်လာသော ကောင်လေးနောက်မှ လိုက်လာခဲ့သည်။





မကြာခင်မှာပင် တိုက်ပုလေးတစ်လုံးကို တွေ့လိုက်ရပြီး ခေါ်လာသောကောင်လေးက...

"ရောက်ပြီ အစ်ကို၊ အဲဒါ အစ်မတို့အဆောင်ပဲ"

ဟု သူ့ကိုပြောလိုက်ရင်း အဆောင်ထဲကို လှမ်းဝင်သွားသည်။

မကြာခင်မှာပင် အဆောင်ထဲမှ မိန်းမတစ်ယောက် ထွက်လာပြီး...

"သြော်...မေခဧည့်သည်လား။ ထိုင်ပါ...ထိုင်ပါ။ မေခက မရှိဘူးရှင့်...အပြင်ထွက်သွားတယ်။ မနေ့ညက ဒီနေ့မနက်စောစော ဧည့်သည်တစ်ယောက် သွားကြိုစရာရှိတယ်လို့ ပြောတာပဲ"

"သြော်...ဟုတ်ကဲ့၊ ကျွန်တော်က ကိုကိုမောင်ပါ၊ ကားဂိတ်မှာ သူနဲ့လွဲသွားလို့ ဒီကိုလိုက်လာတာ"

ထို့နောက်တွင်တော့ သူ့ကို လက်ခံစကားပြောဆိုသော မိန်းမက...

"ကဲ...ဒါဆိုလည်း ထိုင်စောင့်လိုက်ဦး ကိုကိုမောင်၊ မြတ်မွန် အလုပ်ရှိသေးလို့ ဆိုင်ကို ခဏသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

မြတ်မွန်ဆိုသော မိန်းမထွက်သွားသဖြင့် သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းသာ အဆောင်ဧည့်ခန်းထဲတွင် ထိုင်စောင့်နေမိသည်။

ခဏလောက်ကြာသည့်အခါမှာတော့ သူ ပျင်းရိငြီးငွေ့လာပြီး ဖတ်စရာစာအုပ်တစ်အုပ်တလေများ ရှိမလားလို့ ဧည့်ခန်းထဲကို မျက်စိဝေ့ကြည့်လိုက်၏။

အခန်းတစ်နေရာရှိ ကြမ်းပြင်ပေါ်တွင်တော့ လဲကျနေသော ဖုံတစ်လုံး တွေ့လိုက်ရသည်။ ဩော်...ပြုတ်ကျနေတာထင်တယ်။ ကောက်တင်ပေးလိုက်ဦးမယ်ဟု ရေတွက်လိုက်ရင်း ထိုခုံနားသို့ သွားလိုက်၏။

အနားရောက်တော့ ကြမ်းပြင်ပေါ်မှ ဖုံကိုကောက်ကာ ဘေးနားရှိစားပွဲပေါ်သို့ တင်လိုက်သည်။

ထိုအချိန်မှာပင် ဖုံပေါ်မှ တံဆိပ်လေးကို တွေ့သွားပြီး စိတ်ဝင်စားသွားမိသည်။ တစ်ပြိုင်နက်တည်းလိုလို ထိုဖုံကို ကြည့်နေရာမှ တီးချင်စိတ်ကလည်း တဖွားဖွားပေါ်လာပြီး လျှောက်တီးကြည့်မိလိုက်သည်။

"တုံ...တုံ...တုံ..."

တီးကြည့်လိုက်ရသည့်အတွက် စိတ်ကျေနပ်သွားပြီး ပြုံးလိုက်ကာ ဆိုဖာပေါ်သို့ ပြန်လာထိုင်နေလိုက်သည်။ ထို့နောက် စားပွဲခုံအောက်မှ ဂျာနယ်တစ်စောင်ကိုယူကာ ဖတ်နေလိုက်၏။

သိပ်မကြာခင်မှာ အဆောင်ထဲမှ ခြေသံတစ်သံကို ကြား





လိုက်ရသဖြင့် သူမော့ကြည့်မိလိုက်သည်။

"ဟင်း...မေခပါလား"

ကိုကိုမောင်က အံ့သြတကြီးရေရွတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်မိသည်။

စောစောက မြတ်မွန်ဆိုတဲ့မိန်းမပြောတော့ မရှိဘူးဆို၊ အခု ဘယ်ကနေဘယ်လို ရောက်လာတာလဲ။

နောက်မှ ကိုကိုမောင်က တစ်ခုခုစဉ်းစားမိသွားပြီး...

"ဩော်...မေခက ကိုကို့ကို အံ့သြသွားအောင် လုပ်လိုက်တာကိုး၊ ကြည့်ပါဦး၊ ကိုယ်ပေါ်မှာလည်း တစ်ခါမှမဝတ်ဖူးသေးတဲ့ အငြိမ့်မင်းသမီးဝတ်စုံတွေ ဘာတွေနဲ့ မျက်နှာမှာလည်း မိတ်ကပ်တွေခြယ်ထား လိုက်တာ ရောင်စုံပန်းချီကားကျနေတာပဲ၊ ဘာလဲ... ကိုယ့်ကို ထူးထူးခြားခြားဖြစ်အောင် ကြံဆိုတာလား"

ကိုကိုမောင်က သူ့ရှေ့နားတွင်ရပ်နေသော မေခကိုကြည့်ပြီး သွက်လက်ရွှင်မြူးစွာ ရေရွတ်လိုက်၏။ တစ်ပြိုင်နက်တည်းလိုလိုလည်း မေခအနားသို့ ထသွားလိုက်သည်။

စိတ်ထဲတွင်တော့...

"မေခ ဘာဖြစ်နေတာလဲမသိဘူး၊ မျက်လုံးတွေကလည်း ရဲနေတာပဲ၊ မျက်နှာကလည်း ငါ့ကိုတွေ



www.burmeseclassic.com

www.burmeseclassic.com



တာတောင် ပြုံးပြုံးရွှင်ရွှင်မရှိဘူး”

ဟု တွေးလိုက်ရင်း မေခလက်ကို လှမ်းကိုင်ရန် ဟန်ပြင်လိုက်သည်။ ထိုအချိန်မှာပင် သူ့လက်တွေက လေထဲတွင် ဆန့်တန်းလျက် ရပ်တန့်သွား၏။

အကြောင်းမှာ သူ့ခါးတွင်ချိတ်ထားသော ဟန်းဖုန်းဆီမှ ဖုန်းမြည်သံကို ကြားလိုက်ရသောကြောင့်ဖြစ်သည်။

ဟင်…မေမေတို့ဆီကများလား၊ ငါ ရန်ကုန်ကို ချောချောမောမောရောက်ရဲ့လား လှမ်းမေးတာထင်တယ်။

ထိုအတွေးနှင့် ဖုန်းကိုင်လိုက်ပြီး…

“ဟဲလို…”

“ကိုကိုဘယ်ရောက်နေတာလဲ၊ ဒီမှာ မေခ ကားဂိတ်တစ်ခုလုံး ကိုကို့ကိုလိုက်ရှာတာ နှံ့နေပြီ”

“ဘယ်လို…ဘယ်လို…”

ကိုကိုမောင်က အလန့်တကြားပြန်ပြောလိုက်ရင်း သူ့ရှေ့တွင်ရပ်နေသော မေခကိုကြည့်လိုက်တော့သည်။ ထို့နောက် လက်ထဲမှဟန်းဖုန်း လွတ်ကျသွားလေတော့သည်။

“ခွမ်း…”

* * *





မေခ ကိုကို့ကိုရှာရလွန်းသဖြင့် ချွေးဒီးဒီးပင်ကျလာသည်။

နာရီကိုကြည့်လိုက်တော့ ၁၁ နာရီတောင်ထိုးတော့မည်။ ကိုကို့ဆီကို ဖုန်းဆက်ကြည့်တော့လည်း ထိုစဉ်က အလန့်တကြားဖြစ်သွားပြီး ဖုန်းချသွားလေသည်။

ကိုကိုဘာဖြစ်နေတာလဲ၊ သူမအသံကြားတာနဲ့ ဘာဖြစ်လို့လန့်သွားရတာလဲ။

နောက်ဆုံး မေခ စိတ်လျှော့လိုက်ပြီး အဆောင်သို့ပြန်ရန်သာ ဆုံးဖြတ်လိုက်လေသည်။ စိတ်ထဲတွင်လည်း ကိုကို့ကိစ္စကို မတင်မကျဖြစ်နေမိသည်။

ထို့အပြင် အဆောင်ကိုပြန်ရောက်ရင်လည်း သူမဖြေရှင်းရမယ့် ကိစ္စတစ်ခုရှိသည်။

ထိုအရာက…ဗုံပင်။

ဖျက်ဆီးပစ်ရင်ကောင်းမလား…၊ ဘာလုပ်ရင်ကောင်းမလဲ။

ဦးမျိုးချစ်ကို အရင်ဖုန်းကြိုဆက်ပြီး ခွင့်တောင်းလိုက်ရင်ပိုကောင်းမလား…။

အတွေးပေါင်းစုံဖြင့် ပြန်လာသည့်သူမတစ်ယောက် ဆိုင်သို့ပြန်ရောက်သည့်အချိန်မှာတော့ ထိတ်လန့်ဖွယ်သတင်းစကားကြောင့် ထိုအတွေးတွေအားလုံးကို မေ့သွားလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၁ ]

"ရှင်...ဘယ်လို...ဘယ်လို...ဆရာ..."

"ဟုတ်တယ် မေခ၊ မေခညှော်သည် ကိုကိုမောင်
ဆိုတဲ့တစ်ယောက် ဧည့်ခန်းထဲမှာ သတိလစ်လဲကျ
သွားလို့ ဆေးရုံပို့ထားရတယ်"

သူမ အံ့သြလွန်း၍ စကားတောင်ဆက်မပြောနိုင်တော့ဘဲ ဦးမျိုးချစ်ကို ကြက်သေသေကြည့်နေမိသည်။

ဘယ်လိုဖြစ်တာလဲ၊ ကိုကို ဘာလို့သတိလစ်သွားရတာလဲ။

မေခဦးခေါင်းတစ်ခုလုံး ခါခါလည်သွားပြီး နှလုံးအိမ်မှပင် ဆိုးဆိုးဝါးဝါးဝေဒနာတစ်ခုကို ခံစားရလိုက်သည်။ ချက်ချင်း ဆိုသလိုပင် သိစိတ်ရော မသိစိတ်ပါ ဝေဝါးသွား၏။

"အခုရော...ဘယ်ဆေးရုံမှာလဲ"





"မြောက်ဥက္ကလာ ဆေးရုံမှာပါ၊ လာ...လာ...
ဆရာလိုက်ပို့ပေးမယ်"

မေခက ဦးမျိုးချစ်ခေါ်ရာနောက်သို့ လိုက်ခဲ့ပြီး ဦးမျိုးချစ်၏ ကားနှင့်ပင် ဆေးရုံသို့ထွက်လာခဲ့တော့သည်။

လမ်းတွင် တုန်လှုပ်ချောက်ချားလွန်းအားကြီးနေသဖြင့် သူမ ဘာစကားမျှပင် မပြောနိုင်တော့ဘဲ တရှုံ့ရှုံ့သာ ငိုကြွေးရင်း လိုက်ပါလာခဲ့၏။

☼ ☼ ☼

လူနာခုတင်ပေါ်တွင် သတိလစ်မေ့မျောနေသော ကိုကိုမောင့်ကိုကြည့်ပြီး မေခက ဝမ်းနည်းပူဆွေးစွာပင် ငိုကြွေးနေမိတော့သည်။

မကြာခင် ပြန်သတိရလာမှာပါတဲ့။

ဆရာဝန်ပြောသွားသောစကားက သူ့နားထဲတွင် စွဲနေပေမယ့် သူမကတော့ ဒီအချိန်တွင် ဘာကိုမှ ရဲရဲဝံ့ဝံ့မယုံရဲ။

တကယ်လို့...ကိုကို ပြန်မနိုးလာတော့ရင် သူမ ဘာလုပ်ရမလဲ။

ဟင့်အင်း...မဖြစ်နိုင်ဘူး...မဖြစ်နိုင်ဘူး၊ ကိုကို ကျိန်းသေ ပြန်သတိရမှာ။



www.burmeseclassic.com

www.burmeseclassic.com



မေခစိတ်ထဲမှ နာနာကျင်ကျင် ရေရွတ်ရင်း ကိုကိုမောင့် မျက်နှာကို ကြည့်နေသည်။

ဘုရား…ဘုရား…ကိုကို မြန်မြန် ပြန်သတိရပါစေတော့…။

ထိုအချိန်မှာပင် ဦးမျိုးချစ်က အပြင်ခဏထွက်သွားရာမှ ပြန်ဝင်လာခဲ့ပြီး အထိတ်တလန့်နှင့်…

"ကဲ…မေခရေ၊ အဖြေကတော့ ရှင်းသွားပြီ၊ ဆရာ ဟိုဘက်လူနာဆောင်မှာ ဒဆေးရုံတက်နေတဲ့ ကျော်ကြီးနဲ့ တွေ့လာခဲ့တယ်"

"ဟင်…ကျော်ကြီးက ဘယ်လိုလုပ် ဆေးရုံတက် နေရတာလဲ၊ ဟို…နယ်မှာ ပစ္စည်းသွားဝယ်ကတည်း က ပြန်မပါလာခဲ့တာလေ"

မေခစကားကို ဦးမျိုးချစ်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြန်ဖြေလိုက်သည်။

"ဒီလို မေခ…။ ကျော်ကြီးက အဲဒီကတည်းက ပြင်းပြင်းထန်ထန် ဒဏ်ရာရပြီး ဆေးရုံတက်နေရတာ။ အခုမှ ဆရာနဲ့တွေ့တော့ အကြောင်းစုံကို ရှင်းပြ တာလေ။ ဒီလို…မေခရဲ့။ သူယူလာတဲ့ ရှေးဟောင်း ဖုံကို ဖျက်ဆီးပစ်လိုက်ပါတဲ့။ အဲဒီဖုံက မကောင်း ဆိုးဝါးဖုံတဲ့။ သူလဲ ယူလာရင်း လမ်းမှာတီးကြည့်





လိုက်တော့ တစ္ဆေသရဲ မိန်းမတစ်ယောက် ထွက်လာ ပြီး သူ့ကိုခြောက်လို့ လန့်ပြီး ကားပေါ်ကခုန်ချလိုက် တာနဲ့ အခုလို ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားတာ လေ"

သေချာသွားပြီ။ ဒီထက်သေချာတာ ဘာမှမရှိ။

ထို့ကြောင့်ပင် မေခက သူမသိသမျှ ဗုံနှင့်ပတ်သက်သော အကြောင်းအရာတွေကို ဦးမျိုးချစ်ကို ပြောပြလိုက်လေတော့သည်။

ဦးမျိုးချစ်ပင် မယုံနိုင်အောင် ဖြစ်သွားပြီး…

"ဟုတ်လား၊ ဒါဆို ဒုက္ခပဲ။ ဒါဆို ဘယ်လိုလုပ်… မေခ၊ ဆရာ အဆောင်ကိုပြန်လိုက်ဦးမယ်။ မတော် တဆ တစ်ယောက်ယောက်များ တီးမိလိုက်ရင် ဒုက္ခ ဖြစ်နေဦးမယ်"

ဦးမျိုးချစ်က ရေးကြီးသုတ်ပျာဖြင့် ထွက်သွားသည်။ မေခ တစ်ယောက်တည်းပင် ကိုကိုမောင့်ခုတင်ဘေးတွင်ရပ်ပြီး သတိရ မည့်အချိန်ကို စောင့်မျှော်နေမိတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၂ ]

မြတ်မွန် ...။

စောစောက မေခသည့်သည် ကိုကိုမောင်ဆိုတာ သတိမေ့လဲကျသွားသဖြင့် သူမတို့ အလုပ်ရှုပ်သွားခဲ့ရသည်။

တော်သေးတယ်ဟုပင် ဆိုရမည်။

ကိုကိုမောင် သတိမေ့လဲကျသွားသည့်အချိန်နှင့် သူမ ဆိုင်က ပြန်လာသည့်အချိန်နှင့် သိပ်မလွဲလို့။ နို့မို့ဆိုရင် အသက်ပါ ပါသွားနိုင်သည်။

သူမ ဘယ်လိုမှ မစဉ်းစားတတ်တော့။ သူမတို့အဆောင်တွင် အခုတစ်လော အထိတ်တလန့်ဖြစ်ရပ်တွေနဲ့သာ ကြုံနေရသည်။





တစ်ဆောင်လုံးလိုလို ကြောက်စရာဖြစ်ရပ်တွေနှင့် တွေ့ဆုံနေရပြီး သူမတစ်ယောက်သာလျှင် ဘာမှမဖြစ်သေးဘဲ အကောင်းအတိုင်းကျန်နေသည်။

သူမကပင် ကံအရမ်းကောင်းနေပြီလား။

ထိုမေးခွန်း၏အဖြေကိုတော့ သိပ်မကြာခင်မှာပင် သိခွင့်ရလိုက်သည်။

သူမ ညည့်ခန်းထဲတွင် စိတ်ပျက်လက်ပျက်ထိုင်နေရင်း လူရိပ်တစ်ရိပ်ကို ဖျတ်ခနဲတွေ့လိုက်ရသည်။

"ဟင်...ဘယ်သူလဲ"

သူမက အထိတ်တလန့်ရေရွတ်ရင်း ဘေးဘီဝဲယာကို ကြည့်လိုက်သည်။ ထိုစဉ်မှာပင် စောစောက သူမတွေ့လိုက်ရသောလူရိပ်က ရှေ့တွင်ပေါ်လာလေသည်။

ထိုအရာက သူမပင်...။ သို့သော်...သူမလို အင်္ကျီနဲ့တော့ မဟုတ်။ အငြိမ့်မင်းသမီးတစ်ယောက် ဝတ်စုံဖြင့်...။

သူမ ပါးစပ်အဟောင်းသားဖြင့် ကြက်သေသေ ကြည့်နေမိစဉ်မှာပင် သူမရှေ့မှ ပုံတူ ပုံရိပ်က သူမထံသို့ အရှိန်ပြင်းပြင်း ရွေ့လျားလာသည်။

သူမ အော်ဟစ်ရန် ပါးစပ်ဟလိုက်စဉ်မှာပင် ကြောက်စရာဆိုပုံရိပ်က သူမ၏ခန္ဓာကိုယ်ထဲသို့ တိုးဝင်လာတော့၏။ တစ်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



နက်တည်းလိုလို အေးခဲနဲဖြစ်သွားသော ခံစားမှုနှင့်အတူ သူမခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွားတော့၏။

■





[ နိဂုံး ]

ညနေလေးနာရီကျော်ကျော်ခန့်တွင်။

ကိုကိုမောင်တစ်ယောက် သတိပြန်လည်လာသည်။ သို့သော် မောဟိုက်လွန်းသဖြင့် စကားပင် ကောင်းကောင်းမပြောနိုင်ချေ။ ဆရာဝန်ကြီးကတော့ လူနာကို နှလုံးငြိမ်ဆေးတိုက်ထားပြီး အေးအေး အနားယူဖို့ပြော၏။

မေခကတော့ ဝမ်းသာလွန်းသဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

"ကိုကို မသေဘူးနော်…ကိုကိုမသေဘူးနော်…"

ဟု သူရူးတစ်ယောက်ပမာ နှုတ်မှ တတွတ်တွတ်ရေရွတ်နေ၏။ ကိုကိုမောင့်ကိုကြည့်ရှုပေးသော ဆရာဝန်ကြီးကိုလည်း လက်အုပ်လေးတချီချီနှင့်…။ ဆရာဝန်ကြီးကတော့…။

"လူနာအခြေအနေက စိတ်ချရပါပြီ၊ အကြောင်းတစ်ခုခုကြောင့် Shock ဖြစ်ပြီး သွေးပေါင်ချိန် ...



www.burmeseclassic.com

www.burmeseclassic.com



ကျသွားတာပါ။ အခု ဒီဆေးလေးတိုက်ပြီးရင် လူနာကို အေးအေးဆေးဆေးနားပါစေဦး။ သွေးပေါင်ချိန် ပြန်မကျသွားအောင် ဆရာ drip ပုလင်းတစ်လုံး ချိတ်ထားပေးခဲ့မယ်။ သုံးလေးနာရီလောက်တော့ ကြာမှာပေါ့။ ဒီပုလင်းကုန်သွားရင် သူနာပြုဆရာမက လာလဲပေးလိမ့်မယ်...ဟုတ်ပြီလား...သမီး..."

"ဟုတ်ကဲ့ပါဆရာ..."

ကိုကိုမောင်ကတော့ မျက်စိကိုမဖွင့်ဘဲ မှိန်းနေသည်။ ဆေးသောက်ပြီးနောက် သိပ်မကြာခင်မှာပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

မေခက အိပ်မောကျနေသည့် သူမ၏ချစ်သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း...

"အင်း...သုံးနာရီလောက်ကြာမှာဆိုတော့ အချိန်ရသေးတာပဲ၊ အဆောင်ကိုပြန်ပြီး ငါ့အဝတ်အစား နှစ်စုံသုံးစုံရယ် လူနာအတွက် လိုအပ်မယ့် ဓာတ်ဘူးတို့ ဘာတို့ ပြန်ယူလိုက်ရင်ကောင်းမယ်"

မေခက လူနာစောင့်ရန်အတွက် လိုအပ်မည့်ပစ္စည်းပစ္စယများကို အသေးစိတ်စဉ်းစားလိုက်သည်။ ထို့နောက် သူနာပြုဆရာမတစ်ယောက်ကို အကျိုးအကြောင်း ပြောပြလိုက်ပြီး သူမ





၏ အဆောင်ဆီသို့ ပြန်ရန် ခြေလှမ်းပြင်လိုက်လေတော့သည်။

အင်း...ဒီအချိန်လောက်ဆိုရင် အဆောင်မှာ ဆရာဦးမျိုးချစ်တို့က ဟိုမကောင်းဆိုးဝါးဗုံကို ဖျက်ဆီးပြီးလောက်ပြီ ထင်ပါရဲ့။

* * *

မေခက လေးလံထိုင်းမှိုင်းနေသော ခြေလှမ်းများဖြင့် အဆောင်သို့ပြန်လာခဲ့၏။ အဆောင်ဧည့်ခန်းထဲတွင် ဦးမျိုးချစ်နှင့်အတူ သန္တာနှင့် ဦးကျော်ညွန့်တို့ စိတ်ပျက်လက်ပျက် ထိုင်နေကြ၏။

သူမ ဧည့်ခန်းဝသို့ ခြေချမိလိုက်သည့်အချိန်မှာပင် ဦးမျိုးချစ်က...

"ဟော...မေခ ပြန်လာပြီလား၊ ကိုကိုမောင်ရော သတိပြန်ရလာပြီလား"

"ဟုတ်ကဲ့...သတိပြန်ရလာပါပြီ"

ဟု သူမက ဖြေလိုက်ရင်း ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ညှိုးငယ်နေသော အားလုံး၏မျက်နှာတွေကို ကြည့်ရင်း...

"ဟို...ဟို...မကောင်းဆိုးဝါးဗုံရော ဆရာ၊ ဖျက်ဆီးပစ်လိုက်ပြီလား..."



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးချစ်က သူမစကားကြောင့် သက်ပြင်းကို လေးကန်ကန် ချလိုက်၏။ ထို့နောက် စိတ်ပျက်လက်ပျက်လေသံဖြင့်...

"ကဲ...ဦးကျော်ညွန့်ပဲ ရှင်းပြလိုက်ပါဗျာ၊ ကျွန်တော်တော့ ဘာပြောရမယ်မှန်းတောင် မသိတော့ပါဘူး..."

ထိုစကားကြောင့် ဦးကျော်ညွန့်က သူမမျက်နှာကို ကြည့်လိုက်ပြီး...

"ဒီလို...ငါ့တူမကြီးရေ၊ ဆရာနဲ့ ငါ့တူမကြီးတို့ ဆေးရုံသွားနေကြတုန်း ဦးလေး ဒီအဆောင်ဘက်ဆီကနေ ဗုံတီးသံတွေ ကြားရတာနဲ့ လာကြည့်မိတယ်ကွဲ့။ အဲဒီမှာတင် မမြတ်မွန်တစ်ယောက်တည်း ဗုံကို ရင်ခွင်ထဲမှာပိုက်ပြီး တီးနေတာကို တွေ့လိုက်ရတော့တာပဲ"

"ရှင်...မမြတ်မွန်က ဗုံကိုတီးနေတယ်... ဟုတ်လား"

"ဟုတ်တယ်၊ သူ့ပုံစံကို ကြည့်ရတာကလည်း တစ်မျိုးပါပဲ။ အိပ်မက်မက်နေတုန်း ယောင်ယမ်းပြီး လမ်းထလျှောက်နေသလိုမျိုးပဲ။ ပြတင်းပေါက်နားကနေ ဦးလေး အကြာကြီးရပ်ကြည့်နေတာကိုတောင်





သူ မြင်ပုံမရဘူး။ ဒါနဲ့...ဦးလေးလည်း သူ့ကိစ္စနဲ့ သူ့အကြောင်းရှိမှာပေါ့လေလို့ တွေးလိုက်ပြီး အသာ မျက်နှာလွှဲနေလိုက်တယ်"

ဦးကျော်ညွန့်၏စကားကြောင့် မေခ ပြင်းပြင်းထန်ထန် တုန်လှုပ်သွားမိသည်။

ဟင်...ဒါဆို...မမြတ်မွန် ဘာများဖြစ်သွားသေးသလဲ... ဗုံကိုတီးတယ်ဆိုတော့...။

မမြတ်မွန်တစ်ယောက် အရင်လူတွေလိုမျိုး အဖြစ်ဆိုးတစ်ခုခုနှင့် ကြုံရလေပြီလား...။

အို...ဖွဟ...လွဲပါစေ ဖယ်ပါစေ...။

မေခက သိလိုသည့်စိတ်ဇောဖြင့်...

"ဟင်...မမြတ်မွန် ဘာဖြစ်သွားသေးလဲဟင်... ပြောစမ်းပါ...ပြောပါဦး..."

ဟု အလောတကြီးလေသံဖြင့် မေးလိုက်သည်။

"ဦးလေးလဲ ဆရာကိုမျိုးချစ်ခိုင်းထားတာလေး တစ်ခုရှိလို့ ဆိုင်ဘက်ကိုပြန်လာပြီး လုပ်နေလိုက်တာ။ ကိုယ့်အလုပ်ထဲကိုယ် အာရုံဝင်စားနေလို့လား မသိဘူး၊ စောစောကကိစ္စကိုတောင် မေ့မေ့ပျောက်ပျောက်ဖြစ်သွားတယ်။ ဘေးပတ်ဝန်းကျင်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သတိမထားလိုက်မိဘူး ဆိုပါတော့ကွယ်။

ဆေးရုံကနေ ဆရာကိုမျိုးချစ် သုတ်သီးသုတ်ပျာနဲ့ ပြန်လာပြီး 'ဟိုမကောင်းဆိုးရွားဗုံကို ဖျက်ဆီးပစ်မှ ဖြစ်တော့မယ်၊ ဗုံကို မြန်မြန်သွားယူစမ်းပါ'လို့ ခိုင်းတာနဲ့ ဦးလေးလည်း စောစောတုန်းက မမြတ်မွန် တီးနေတာကို သတိရပြီး အဆောင်ဆီကို တစ်ခေါက် ထပ်သွားရတော့တာပေါ့"

မေခက တုန်တုန်ယင်ယင်ဖြင့်...

"အဲ...အဲဒီတော့ ဘာကိုတွေ့ရသလဲဟင်"

"အံ့တော့ အံ့ဩစရာပဲကွဲ့။ ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ စောစောကနေရာမှာ မမြတ်မွန်ကို မတွေ့ရတော့ဘူး။ ဒါနဲ့ ဦးလေးလည်း ဆရာကိုမျိုးချစ်တို့ကို ပြန်ခေါ်ပြီး သန္တာ့ဆီက သော့တူနဲ့ အခန်းကို ဖွင့်ကြည့်လိုက်တော့ အခန်းထဲမှာ ဘာတစ်ခုမှ ခြေရာလက်ရာ မပျက်ဘူး။ အဲ...ဒါပေမဲ့ မမြတ်မွန်လည်း ပျောက်နေတယ်၊ ဗုံလည်း မရှိတော့ဘူး"

"ရှင်..."

မခေတစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ဟင်





...ဗုံလည်း ပျောက်နေတယ်၊ မမြတ်မွန်လည်း ပျောက်နေတယ် ဆိုပါလား။ အံ့တော့ အံ့ဩစရာပဲ။

ဘာဖြစ်သွားကြတာလဲ။ မမြတ်မွန်က ဗုံကို တစ်ခုခုလုပ်လိုက်တာလား၊ ဒါမှမဟုတ် ဗုံက မမြတ်မွန်ကို...။

အတွေးတွေက မရေမရာဖြင့် အဓိပ္ပာယ်ကင်းမဲ့စွာ ရစ်ဖွဲ့လာကြ၏။ မေခရင်ထဲမှာ မွန်းကျပ်လာသည်။

အဆောင်ဧည့်ခန်းထဲမှ တိုင်ကပ်နာရီ၏ တချောက်ချောက် မြည်သံမှအပ အရာအားလုံး တိတ်ဆိတ်သွေ့ခြောက်နေကြ၏။

နံရံအထက်တစ်နေရာရာမှ အိမ်မြှောင်တစ်ကောင်၏ စုတ် ထိုးသံကို ချောက်ချားစဖွယ် ကြားရသည်။

ဦးမျိုးချစ်က အတွေးရခက်စွာဖြင့် ဦးခေါင်းကို ခါယမ်း လိုက်ပြီး....

"ဆရာ့အထင်ကို ပြောရရင်တော့ မမြတ်မွန်တာ ဗုံကို ယူပြီး တစ်နေရာရာကို ထွက်သွားတာ ဖြစ်ရ မယ်"

ဦးမျိုးချစ်၏စကားက ယုတ္တိရှိသော်လည်း မေခ၏ ရင်ထဲ တွင်တော့ ဘာမှန်းမသိဘဲ ဘဝင်မကျသလို ခံစားရ၏။

ထို့ကြောင့် မေခက ဘာမှဝင်မပြောမိ။ အဆောင်နောက် ဘက်ရှိ ကန်ရေပြင်ဆီသို့သာ လှမ်းပြီး ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေပြင်က အေးစက်တည်ငြိမ်စွာပင် လှိုင်းဂယက်ကလေးတွေ ညင်ညင်သာသာထနေ၏။

ဦးမျိုးချစ်ကပင် စကားကို ဆက်၍...

"ဆရာလည်း အကျိုးအကြောင်းကို သိသိချင်း ဆိုင်က အလုပ်သမားတွေကို လွှတ်ပြီး နေရာအနှံ့ လိုက်ရှာခိုင်းတာပဲ။ ဒါပေမဲ့ မြတ်မွန်ကိုတော့ အရိပ်အယောင်တောင် မတွေ့ရတော့ဘူး"

"ဟင်...ဒါဆို မေခတို့ ဘာဆက်လုပ်ကြမလဲ ဆရာ"

ဦးမျိုးချစ်က သက်ပြင်းကိုချလိုက်ပြီး...

"ဘယ်တတ်နိုင်မှာလဲကွယ်၊ သူပြန်လာတဲ့အထိ ဆရာတို့ စောင့်ကြရမှာပေါ့"

မေခက ဦးမျိုးချစ်ပြောနေသော စကားများကို ရင်မောစွာ နားထောင်ရင်း သက်ပြင်းမောတစ်ချက်ကို ချလိုက်၏။

မမြတ်မွန်ပြန်လာတဲ့အထိတဲ့လား...။ သူက ဘယ်တော့ ပြန်လာမှာလဲ။ မနက်ဖြန်လား...သန်ဘက်ခါလား...။

အနာဂတ်ဆိုတာ ဘယ်တုံးကမှ သေချာသောအရာတစ်ခု မဟုတ်ခဲ့သည်ပဲလေ။

❊ ❊ ❊

အိပ်မက်အသစ်



နေ့ရက်တွေကသာ တရွေ့ရွေ့ ရွေ့လျားကုန်လွန်သွားခဲ့သည်။ မမြတ်မွန်တစ်ယောက်ကိုဖြင့် ယနေ့ထက်တိုင် ပြန်လည်မြင်တွေ့ရခြင်း မရှိတော့။ မမြတ်မွန်နှင့် အတူပါသွားသော ဗုံကလေးသည်လည်း ဘယ်ဆီဘယ်ဝယ်ရောက်နေသည်ကို တိတိကျကျ ရေရေရာရာသိနိုင်ခွင့် မရှိတော့ပါချေ။

မေခကတော့ ဖြေရှင်း၍မရနိုင်တော့သည့် အနက်ရောင်ပုစ္ဆာတစ်ခုကို သူမနှလုံးသားထောင့်ကျဉ်းတစ်နေရာတွင် ထာဝရ သိမ်းဆည်းထားရတော့မည်သာ...။

❊ ❊ ❊

အိပ်မက်အသစ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝအတွက် သိနိုင်ခွင့်ဆိုသည်မှာ အကန့်အသတ် ရှိတတ်ပါသလား။

သင်ကော ဘဝမှာ မဖြေရှင်းနိုင်သည့် ပုစ္ဆာတွေ ဘယ်လောက်များများ ရှိခဲ့ပြီလဲ။

ဘဝမှာ မေးခွန်းထုတ်လာသည့် ပုစ္ဆာတိုင်းကို အသိအမှတ်ပြုနေစရာမလိုဟုပြောလျှင် သင် သဘောတူလိမ့်မည် ထင်ပါသည်။ ။

**သတိုးတေဇ**

■



BURMESE CLASSIC .com

**Coming Soon**

**ဒေဝစကြာ** ၏ကလောင်ခွဲ

# ဒေဝလက်ျာ

ယမမင်းရဲ့ကဗျာ

ပြိတ္တာဘုံသားများသည် ရုပ်ဆင်းသဏ္ဌာန်ဆိုးဝါးလှသည်ဟု သူ ကြားဖူး၏။ ရုပ်ဆိုးဝါးရုံမက မြင်ရသူ အသည်းတုန် အူတုန်ဖွယ် လည်းကောင်းလှ၏။ သူဆင်းမည့်လှေကားထစ်များမှာ ပိတ်ကာ ထားကာ သူ့ရှိရာသို့ လေးဘက်တွားတက်လာသည်ကို မြင်ရသော အခါ သန်းဋ္ဌေး သည် ကြောက်လန့်တကြား နောက်ကြောင်း ပြန်ကာ ပြေးတက်လာခဲ့သည်။ သူ့အခန်းကို ကျော်လွှားလာခဲ့၏။ သရဲက သူ့နောက်ကို လိုက်လာနေဆဲ။

www.burmeseclassic.com